www.burmeseclassic.com

မိန်းကလေး
စာပေတိုက်

# မိန်းကလေး

ဝရဇိန်လား ?

နှင်းဆီလား ?

အချစ်လား ?



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ခင်ဗျား ဘာကြောင့် ခေါင်းမာရတာလဲ"

ဆရာဝန်ကြီး ဦးဟင်နရီစိုးကြွယ် သည်းမခံနိုင်တဲ့အဆုံး ဖိမေး ဆိုက်ခြင်းဖြစ်သည်။

လူနာခုတင်ပေါ် လှဲနေတဲ့ ဝရဖိန့်မျက်နှာက ဆရာဝန်ကြီး၏ အကြံပြုချက်ကို လက်သင့်မခံဘူးဟေ့ဆိုတဲ့ အသံတိတ် ကြွေးကြော် သံဖြင့် မျက်နှာကြက်ပေါ်မှ အလှမီးဆိုင်းကိုသာ စိုက်ကြည့်မြဲ ကြည့် နေလိုက်သည်။

ထိုဆရာဝန်ကြီးနဲ့ ဝရဖိန့်ကြားမှာ မျက်နှာအပျက်ကြီးပျက်ကာ ဒုန်မြှုမရဖြစ်နေသည်က ဝရဖိန့်၏ အတွေ့တွေ့အတွင်းရေးမှုချုပ် ငြိမ်းလွှင်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ"

"ဦးအံ့လွင် ခင်ဗျား တိတ်တိတ်နေစမ်းပါ"

ဦးအံ့လွင်က ဒေါက်တာဟု ခေါ်ရုံရှိသေးသည်။ ဆရာဝန်ကြီး ဦးဟင်နရီစိုးကြွယ်က ဘယ်မျက်နှာကိုမှ မထောက်ထားဘဲ ပြောချေ၏။

ထိုအခါ –

ဦးအံ့လွင်မျက်နှာမျက်ကာ ဝရဖိန့်မျက်နှာကို ပြန်ကြည့်ချေ၏။ ဝရဖိန်က မျက်တောင်လေး ပုတ်ခတ်တောင်မလှုပ်ပါ။

သဘောကတော့ ဆရာဝန်ကြီး ဘာပြောပြော လက်မခံဘူး ဆိုတဲ့ ခေါင်းမာမှုမျိုးနဲ့။

"ဘော့စ်"

ဝရဖိန့်ကို ဦးအံ့လွင်ခေါ်၍ ဝရဖိန်က လက်ကာဟန့်လိုက်ချေ၏။

"ကျွတ် ဒီမှာ ဝရဖိန်"

ဆရာဝန်ကြီး ရပ်ပြောနေရင်းမှ လူနာခုတင်မှာ တင်ပါးလွှဲထိုင်ရင်း သည်းခံစိတ်ကို ဆွဲဆန့်ပြီး ပြောချေ၏။

"ခင်ဗျားကို ကျုပ် ရှင်းရှင်းပဲပြောမယ်။ ခင်ဗျားဟာ ကျုပ်သားအရွယ်ပဲ ရှိတယ်။ ခင်ဗျားနဲ့ကျုပ် သိခဲ့တာ တစ်နှစ် နှစ်နှစ် မဟုတ်ဘူး။ နှစ်နှစ်ဆယ်နားကပ်နေပြီ။ ခင်ဗျားနဲ့စတွေ့ကတည်းက ခင်ဗျား အလုပ် အလုပ်ချည်းနဲ့ပဲ နေ့ည ရှင်သန်နေတာ။ အဲဒီရှင်သန်မှုက ခင်ဗျားကိုယ်ခင်ဗျား နှိပ်စက်နေသလို ဖြစ်နေတယ်။ အဲဒီနှိပ်စက်မှုက





ခင်ဗျားကိုယ်ကို ခင်ဗျား ဒုက္ခပေးသလိုဖြစ်နေတယ်။ အဲဒီအတွက် ခင်ဗျား ရှေ့ဆက်ဒုက္ခထပ်ပေးနေရင် ခင်ဗျား ဝုန်းခနဲလဲပြီး တစ်ခုခုဖြစ်သွားမယ်။ အဲလိုမဖြစ်အောင် ကျုပ် ဆယ်ကြိမ်မကတော့ဘူး သတိပေးနေတာ။ ကျုပ် သတိပေးလေ ခင်ဗျားအရွဲ့တိုက်လေ။ အရွဲ့တိုက်ပြီး အလုပ်လုပ်လေ ခင်ဗျားအတွက် ဆိုးကျိုးဖြစ်လေ။ အခုပဲကြည့် လုပ်ငန်းခွင်ထဲမှာမို့ တော်သေးတယ်။ ဒါတောင် ခင်ဗျားလဲကျတဲ့အရှိန်ပြင်းလို့ နံရံနဲ့ဆောင့်မိပြီး ခင်ဗျားခေါင်း သုံးချက်ချုပ်လိုက်ရပြီ"

ဆရာဝန် စကားမဆုံးခင် သူ့လက်က ပတ်တီးဖြူဖြူစည်းနှောင်ထားတဲ့ ခေါင်းကို စမ်းမိသွားသည်။

ထိုစဉ်က သူ့ကိုယ်သူ သယ်ထားနိုင်စွမ်းမရှိသလို ခံစားရတဲ့နောက်မှာ ခေါင်းမထူနိုင်တော့ပဲ ရုတ်တရက် လဲကျသွားလျှင် နံရံနဲ့ဆောင့်ချခံရသလို ဖြစ်ကာ –

အဲဒီနောက် သူ ဘာမှမသိတော့ပါ။

သူ ကောင်းစွာ သတိရလာချိန်မှာ လူနာခုတင်ပေါ်မှာ ဆေးထောင်းချိတ်လျက်သားနဲ့။

သွေးအားနည်းနေလို့ ဆေး အဆက်မပြတ်သွင်းနေရသည်။ နောက်ဆုံး ဆေးတစ်လုံး ဆေးကုန်သွားတော့ သူ ထမလိုပြင်သည်။

ဆရာဝန်ကြီးက ထခွင့်မပေးပါ။ အနားယူဖို့ အလုပ်တွေ ချိုထားဖို့ တဖွဖွပြောနေတာကို သူ့ဘက်က လက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



သူ လက်မခံလို့ ဦးအံ့လွင်ကိုခေါ်ယူပြီး ဖျောင်းဖျစေသည်။ ဦးအံ့လွင်လည်း ဘယ်လိုမှ ဖျောင်းဖျမရလျှင် နောက်ဆုံးမှာ ဆရာဝန်ကြီး ပေါက်ကွဲနေခြင်းဖြစ်သည်။

"ခင်ဗျား ဒီလိုတွေ ခဏခဏဖြစ်နေတာ လုံးဝလုံးဝမကောင်းဘူး။ ခင်ဗျားရဲ့လုပ်ငန်းခွင်မှာ ဖြစ်လို့ ခင်ဗျားဝန်ထမ်းတွေ ခင်ဗျားကို ကူညီနိုင်တာ။ ကျုပ်လည်း ခင်ဗျားဆီ အပြေးအလွှားရောက်လာပြီး ကုသပေးနေတာ။ အကယ်၍ ခင်ဗျား တစ်ယောက်တည်း သွားလာရင်း ဖြစ်တယ်ဆိုရင် ခင်ဗျားအတွက် အန္တရာယ်မရှိဘူးလို့ ကျုပ်မပြောရဲဘူး။ ဒါကြောင့် အစကတည်းက ကျုပ် အကြံပေးခဲ့တယ်။ ခင်ဗျားကို အချိန်ပြည့် စောင့်ကြည့်မယ့်ဝန်ထမ်းတစ်ဦး အနီးကပ်ထားပါဆို ခင်ဗျား မထားဘူး"

"တစ်ယောက်ယောက် စောင့်ကြည့်နေတာက ကျွန်တော့်စိတ်ကို အနှောင့်အယှက်အပေးဆုံးပဲ ဒေါက်တာ"

သူ ထိန်းပြီးပြောလိုက်ပေမယ့် သူ့အသံ မာနေမှန်း သူ သတိထားမိသည်။

သူ့အသံမာနေတာကို ဆရာဝန်ကြီးနဲ့ ဦးအံ့လွင် သိနေပေမယ့် စိတ်မဆိုးကြပါ။

"အဲဒါဆိုလည်း ခင်ဗျားရဲ့အလုပ်ချိန်တွေ လျှော့ချဆိုတော့ ကော"





"ဘယ်ဖြစ်နိုင်မလဲ ဒေါက်တာ"

သူ ခေါင်းပါယမ်း၍ ပြောမိသွားသည်။

"အဲဒါဆိုလည်း အိမ်ထောင်ပြုဖို့ ကျုပ် အကြံပေးခဲ့တယ် မဟုတ်လား"

"အဟင့်"

BURMESE CLASSIC

သူ့ရင်ထဲမှ ခနဲ့သံမဲ့မဲ့ ရုန်းထွက်သွား၏။

"အိမ်ထောင်မပြုရင်လည်း စိတ်နဲ့ကိုယ်ကို အနားပေးဖို့အတွက် အနည်းဆုံး တစ်လမှ သုံးလထိ အနားယူရမယ်။ အထူးသဖြင့် ခရီးသွားပြီး အပန်းဖြေပါလို့ ကျုပ် လေးလေးနက်နက် တိုက်တွန်းခဲ့တယ်"

"ကျွတ် ဒေါက်တာ တိုက်တွန်းတဲ့အတိုင်း အလုပ်တွေ ပစ်ထားမှ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဝရိန် ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲပြောလျှင် ဆရာဝန်ကြီး ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"နေဦးကွ ကျုပ် မသိလို့မေးပါရစေ"

ဦးအံ့လွင်လည်း စိတ်အဝင်စားဆုံးဖြစ်ကာ ဆရာဝန်ကြီးနဲ့ ဝရိန်ကို တစ်လှည့်စီကြည့်၏။

ဆရာဝန်ကြီးက ဝရိန်မျက်နှာကို စူးစမ်းစိတ်ဖြင့် စိုက်ကြည့်၍ နေ၏။

"ဘာကြောင့် ခင်ဗျားရဲ့ကျန်းမာရေး၊ ခင်ဗျားရဲ့အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



မငဲ့ညှာဘဲ အလုပ်လုပ်နေခြင်းနဲ့ ခင်ဗျားကိုယ်ခင်ဗျား နှိပ်စက်နေရတာလဲ"

ဆရာဝန်ကြီး မေးခွန်းအဆုံးမှာ ဦးအံ့လွင်လည်း အလေးနက်ဆုံး ခေါင်းညိတ်လိုက်မိသည်။

ဟုတ်ပါသည်။

ဝရဇိန့်ဘဝကို အလုပ်ထဲ ဘာကြောင့် ထိုးနှစ်ရတာလဲ။

ဝရဇိန်က ထိုမေးခွန်းနောက်မှာ မျက်နှာကို တစ်ဖက်သို့ စောင်းငဲ့ရင်း ရှောင်လွှဲသွား၏။

ဆရာဝန်ကြီးနဲ့ ဦးအံ့လွင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း တစ်ခုခုကို နားလည်သွား၏။

အရင်က သူတို့ထင်တာ အလုပ်လောဘကြီးခြင်းဟု။

ခုတော့ ကိုယ်နဲ့ စိတ်ကို မငဲ့ညှာဘဲ အလုပ်လုပ်နေခြင်းရဲ့ နောက်မှာ နိုင်လုံတဲ့အကြောင်းပြချက်တစ်ခု ရှိလိမ့်မယ်။

သေချာတယ်။

ဒါကြောင့် –

ဆရာဝန်ကြီးနဲ့ ဦးအံ့လွင်တို့ ခေါင်းတဆတ်ဆတ်ညိတ်၏။ ပြီးမှ ဆရာဝန်ကြီးက ဆက်ပြောသည်။

"ကျုပ်မေးတာကို ခင်ဗျားမဖြေရင်လည်း ရတယ်။ ဒါပေမဲ့ ...အခုချိန်မှာ ခင်ဗျားက ကျုပ်လူနာ။ ခင်ဗျား ဒီခုတင်ပေါ်မှာ





ဆက်အိပ်နေ။ ဦးအံ့လွင်က ဘာအလုပ်မှ သူ့ဆီ ရောက်မလာအောင် တာကွယ်ပေး။ လိုအပ်တာလုပ်ပေးဖို့ nurse တစ်ယောက် ကျုပ်စီစဉ်ပေးမယ်။ လောလောဆယ် ခင်ဗျားက ကျုပ်လူနာဖြစ်နေတဲ့အတွက် ကျုပ်စီစဉ်တာကို ခင်ဗျား နာခံရလိမ့်မယ် ဝရဇိန်။ ကဲ ...nurse မောင်သော်တာ"

"ဟုတ်ကဲ့ ပြောပါ ဆရာကြီး"

"လူနာကို အစာကျွေးပြီး ဆေးတိုက်မယ်"

"ဟုတ်ကဲ့"

ဆရာဝန်ကြီးက လူနာစကားကို အလေးမထားတော့ပါ။ ဆရာဝန်ပီပီအပြည့်ဖြင့် အစစအရာရာ စီစဉ်ညွှန်ကြားပြီး လူနာခန်းထဲက ထွက်သွားလေသည်။

ဦးအံ့လွင်က –

လူနာနဲ့ဆရာဝန်ကိုကြည့်ပြီး ခေါင်းညိတ်နေရသည်။

သူကိုယ်နှိုက်လည်း အလုပ်တွေထဲ ဝရဇိန်မရောက်ဖို့ ကာကွယ်ပေးဖို့ တာဝန်ရှိနေသည် မဟုတ်လား။

ဝရဇိန်က ရှောင်လွှဲထားတဲ့မျက်နှာကို အံကြိတ်၍ ရှောင်လွှဲထားဆဲဖြစ်သည်။

"ဘာ့ကြောင့် ခင်ဗျားကျန်းမာရေး၊ ခင်ဗျားအသက်ကို မငဲ့ညှာဘဲ အလုပ်မှအလုပ်၊ လုပ်နေခြင်းနဲ့ ခင်ဗျားကိုယ်ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်နေရတာလဲ"

ထိုမေးခွန်းက သူဦးနှောက်ကို သံတုတ်ကြီးနဲ့ ကော်ထုတ်နေသလို ခံစားရ၏။

အလုပ်တဲ့။

ဟင့် ဟင့် ဟင့်။

သူ့ရင်ထဲ သူ့အသည်းနှလုံးထဲ စူးနစ်နေတဲ့ နာကြင်မှုတွေ ရုန်းကြွစေသည်။

ဒါ့ပြင်။

✿ ✿ ✿

## အခန်း (၂)

"ကြွပါ အန်ကယ်"

ဆရာဝန်ကြီးရဲ့တပည့်ဖြစ်သူပြောလျှင် ဦးအံ့လွင် ခေါင်းလေး အသာဆတ်ကာ ဆရာဝန်ကြီးရုံးခန်းထဲ လှမ်းဝင်လိုက်သည်။

"ထိုင်ပါ အန်ကယ်"

"ကျေးဇူးပဲ"

ဦးအံ့လွင်က ဆရာဝန်ကြီးတပည့် ညွှန်ပြတဲ့ ဆိုဖာရှည်ကြီးပေါ်မှာ ဝင်ထိုင်လျှင် ထိုလူရွယ် ကိုယ်လေးညွတ်ကာ ဆက်ပြောပြ၏။

"အန်ကယ် ခဏလေးစောင့်ပါ။ ဆရာကြီးကို သွားခေါ်ပေးပါ့မယ်"

ဦးအံ့လွင် ခေါင်းညိတ်လျှင် ထိုလူငယ် အပြင်ဘက် ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်နေတဲ့ ညှော်ခံနားနေခန်းထဲမှာ စံပယ်ရနံ့သင်းသင်းလေး ဖြစ်နေသည်က ဦးအံ့လွင်၏စိတ်ကို နေသာစေသည်။

ညှော်ခန်းနံရံမှ ပန်းချီကျော်များ၏ ပန်းချီကားချပ်များက ထိုင်စောင့်နေရတဲ့ ညှော်သည်တို့ကို ညှော်ခံသယောင် ရှိ၏။

မကြာပါဘူး။

ခြေသံတရှပ်ရှပ်ကြားလို့ လှည့်ကြည့်လိုက်လျှင် ဆရာဝန်ကြီး လာနေတာ မြင်ရသည်။

ဦးအံ့လွင်က မတ်တပ်ရပ်၍ နှုတ်ဆက်လျှင် ဆရာဝန်ကြီးက နှုတ်ဆက်၍ ထိုင်ဟုဆိုသည်။

နှစ်ဦးသား ဆိုဖာရှည်ပေါ် မျက်နှာချင်းဆိုင်ကြ၏။

ဆရာဝန်ကြီးတပည့်က သောက်စရာအအေးနဲ့ တွဲဖက်စားရမယ့် မုန့်တွေလာချပေးသည်။

ဆရာဝန်ကြီးက အအေးဘူးဖောက်ပြီး ဦးအံ့လွင်ကို ဦးစွာကမ်းပေး၏။

"ကျေးဇူးပဲ ဒေါက်တာ"

အအေးဘူး လှမ်းယူပြီး ဦးအံ့လွင် လေးလေးစားစားပြော၏။ ဆရာဝန်ကြီးက ပြုံးလျက်မေး၏။

"ရပါတယ်၊ ခင်ဗျားနဲ့ကျုပ်ကြားမှာ ကျေးဇူးတွေ, ဘာတွေ ပြောနေစရာမလိုဘူး။ ခင်ဗျား ဘော့စ် ဘယ့်နှယ်နေသေးလဲ"





"ဆေးရှိန်နဲ့ အိပ်ပျော်နေတယ်"

"ကောင်းတယ်၊ အိပ်စက်ခြင်းက သူ့အတွက် အကောင်းဆုံး အနားယူခြင်းပဲ။ ဒါပေမဲ့ အချိန်ပြည့် အိပ်ဆေးသုံးနေလို့ မရတာ ခင်ဗျား သည်းနားလည်မှာပါ"

"ဟုတ်ကဲ့၊ ဒေါက်တာ နားလည်ပါတယ်"

"အအေးသောက်ဦး"

ဆရာဝန်ကြီးပြောလျှင် ကိုင်ထားဆဲ အအေးဗူးကို ငုံ့ကြည့်၍ ဦးအံ့လွင် တစ်ကျိုက်သောက်လိုက်၏။

ဆရာဝန်ကြီးလည်း အအေးဗူးတစ်ဗူး ကိုယ်တိုင်ဖွင့်ဖောက် သောက်ရင်း စကားဆက်ပြောသည်။

"ဒါနဲ့ ခင်ဗျားဘော့စ် ဘာကြောင့် ဒီလောက်ခေါင်းမာနေရတာလဲ။ ခင်ဗျား ဘော့စ်ရဲ့ ကိုယ်ရေးကိုယ်တာ၊ ဒါမှမဟုတ် အတွင်းရေးကိစ္စ ဘာရှိလဲဆိုတာ ခင်ဗျား နည်းနည်းမှ မလေ့လာဘူးလား"

ဆရာဝန်ကြီး အမေးစကားနောက်မှာ ဦးအံ့လွင် သက်ပြင်း ရှည်ကြီး ချလိုက်သည်။

"မေးလည်း မေးစရာပဲ ဒေါက်တာ။ ဒါပေမဲ့ ဝရမိန်နဲ့ကျွန်တော့် ကြားမှာ လုပ်ငန်းကိစ္စပဲ အလေးထားပြီးပြောကြတာများ။ သူ့ဘက်ကလည်း ဘယ်ခါမှ ကိုယ်ရေးကိုယ်တာ ထုတ်ပြောတာမရှိခဲ့ဘူး။ အင်း မှတ်မှတ်ရရ ကျွန်တော့်ဘက်က တစ်ခါတော့ အကြံပြုဖူးတာရှိလဲ။



www.burmeseclassic.com

"ဘာများလဲ"

"အိမ်ထောင်ပြုသင့်နေပြီးလို့"

"သူ ဘာပြောလဲ"

ဆရာဝန်ကြီး စိတ်အားထက်သန်စွာမေးလျှင် ဦးအံ့လွင် ခေါင်း တစ်ချက်ယမ်းမိပြီးပြောသည်။

"ရှေ့ဆက်ပြီး အဲဒီကိစ္စတွေ အကြံပြုမှာလား။ လမ်းခွဲကြ မလားတဲ့"

"ဟင်း . . . ခက်သားလား ခင်ဗျား ဘော့စ်"

"ဟုတ်တယ် ဒေါက်တာ။ အဲဒီကတည်းက ကျွန်တော်လည်း အလုပ်ကိစ္စပဲ ဆက်နွှယ်တော့တယ်။ ကျွန်တော့်ဘက်က ဘော့စ်နဲ့ လမ်းခွဲဖို့မဖြစ်နိုင်ဘူး။ ကျွန်တော့်လုပ်ငန်း ဒေဝါလီခံသမျှက သူနဲ့တွေ့ပြီးမှ သူ့ရဲ့ဆောင်မှုနဲ့ ပြန်လည်ပတ်နိုင်တယ်။ လည်ပတ်နိုင်ရာကတစ်ဆင့် တိုးတက်လာတယ်၊ အောင်မြင်လာတယ်၊ နိုင်ငံတကာအဆင့်အတန်းရှိ လာတဲ့ ကုန်အမှတ်တံဆိပ်ဖြစ်လာတယ်။ ဒါကြောင့် ကျွန်တော် သူနဲ့ လမ်းခွဲလို့ မဖြစ်ဘူး။ ဒါကြောင့် အလုပ်နဲ့မပတ်သက်တဲ့ကိစ္စ ကိုယ်ရေး ကိုယ်တာ ဘာညာကို မစပ်စုတာ အဲဒီကတည်းကပဲ ဒေါက်တာ"

ဆရာဝန်ကြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်။

"ကျုပ်လည်း ရှေ့ဆက် ဘယ်လိုကိုင်တွယ်ရမှန်း မသိတော့ဘူး ဦးအံ့လွင်"



"ဒေါက်တာ ဖြစ်ချင်တာ ပြောပါဦး"

"လောလောဆယ် ကျုပ်ပြောတဲ့အတိုင်း အနားယူဖို့ပါ။ စိတ်လွှတ်ကိုယ်လွှတ် အနားယူဖို့ပါ။ သူ ဒီအလုပ်တွေ တစ်ခွတ်ထိုးလုပ်နေရင် ရှေ့ဆက် လုပ်ငန်းခွင်မှာလည်း ဆုံးရှုံးမှုတွေ ဖြစ်လာနိုင်တယ်။ ကျန်းမာရေးကြောင့် သူ့ကိုယ် လဲပြိုနိုင်တယ်"

"ဘယ်လို ဒေါက်တာ"

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ခြောက်လကနဲ့စာရင် သူ့ကိုယ်အလေးချိန်က သိသိသာသာ လျော့ကျနေတယ်။ အဲဒါကြောင့် သူ့ကိုယ်သူ ထိန်းနိုင်စွမ်းမရှိဘူး။ ကိုယ်ခံအားစနစ်တွေလည်း လျော့လာတယ်။ အစားအသောက် အာဟာရလည်း ချို့တဲ့လာတယ်။ အိပ်ချိန်တွေ နည်းလာတယ်။ အလုပ်ဝတွေချည်း တန်းစီပြီး တောက်လျှောက်လုပ်နေတဲ့အတွက် ဒီလိုအခြေအနေ ဖြစ်နေတာမျိုး။ အဲဒီလိုဖြစ်နေတာ သူ့စိတ်ကို ပိုပြီး ဆင်ပန်းစေတယ်။ နောက်ပြီး ဘယ်မိတ်ဆွေ၊ အပေါင်းအသင်းနဲ့မှ အဆက်မသွယ်မလုပ်ဘူး။ သူ့ကိုယ်သူ အလုပ်ဘောင်ကျဉ်းကျဉ်းလေးထဲ ချိပ်သိပ်ထိုးထည့်ပြီး ဒုက္ခခံစားနေတာ အကြောင်းမဲ့ မဖြစ်နိုင်ဘူး"

"ဒေါက်တာပြောမှပဲ ကျွန်တော် ပိုပြီးတွေးမိလာတယ်"

"ဘာကိုလဲ ဦးအံ့လွင်"

"ဒီလိုပါ၊ သူနဲ့ကျွန်တော်ဆုံတာ အင်္ဂလန်က ကုန်စည်ပြပွဲ ဆင်ရမှာ။ ကျွန်တော့်စက်ရုံက ထွက်တဲ့အထည်က အဲဒီကုန်စည်ပြပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တခြားစက်ရုံတွေက ထွက်တဲ့ အထည် brance တွေနဲ့ယှဉ်ရင် အားနည်းချက်တွေ အများကြီးဖြစ်နေတယ်။ အဲဒါကို သူက ကျွန်တော့်ကိုတွေ့ပြီး တခြား brance တွေနဲ့ ယှဉ်နိုင်ဖို့နဲ့ အားသာချက်ဖြစ်ဖို့ အကြံပြုတယ်။ သူ့အကြံပြုချက်တွေကောင်းပေမယ့် ကျွန်တော့်မှာ ငွေမလိုက်နိုင်ဘူး။ အထူးသဖြင့်၊ နည်းပညာနဲ့ စီမံခန့်ခွဲပိုင်းကို ပိုပြီးမလိုက်နိုင်ဘူး။ အဲဒါကို ကျွန်တော် ထုတ်ပြောလိုက်တော့ သူက ကူညီမယ်ဆိုပြီး ပံ့ပိုးတာ ကျွန်တော်တောင် အံ့သြတယ်။ နောက်ပြီး ကျွန်တော်တို့ နိုင်ငံရေးအခြေအနေ ပွင့်လင်းလာလို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှာကို သူ တွက်မိတယ်။ အဲဒီလုပ်ငန်း ဖွံ့ဖြိုးဖို့ နိုင်ငံတကာအဆင့်မီတဲ့ ဟိုတယ်တွေ၊ အစားအသောက်နဲ့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုတွေ လိုတာသိလို့၊ အဲဒါတွေကို လုပ်ဆောင်စေခဲ့တယ်။ ဒါပေမဲ့ သူ တစ်ခါမှ အမိနိုင်ငံဘက် ခြေဦးမလှည့်ဘူး။ အားလုံးကို ကျွန်တော်ကနေတစ်ဆင့် လုပ်ဆောင်စေတယ်။ သူက ဒီကနေ စီမံခန့်ခွဲပြီးနေတယ်။ ဒါတွေက အကြောင်းမဲ့ မဟုတ်တန်ဘူး ထင်တယ် ဒေါက်တာ"

"အင်း ... ဖြစ်နိုင်တယ်။ ကျွန်တော် သိသလောက်လည်း ခင်များ ဘော့စ်က နိုင်ငံတိုင်းကို သွားလာတယ်။ အမိမြေပေါ် လုံးဝခြေမချတာ။ ကျုပ်နဲ့ စသိကတည်းကပဲ"

"ဒါဆိုရင် ဒေါက်တာ။ အမိမြေမှာ ဘော့စ်အတွက် နာကျင်စရာအရိပ်တွေ ဖြစ်တည်ခဲ့လို့လား"





"တိတိကျကျ မဟုတ်ရင်တောင် ဖြစ်နိုင်ချေရှိတယ်လို့ ခန့်မှန်းလို့ရတယ် ဦးအံ့လွင်။ ပိုပြီး ဖြစ်နိုင်ချေကိုပြောရရင် သူဟာ နောက်ပိုင်းမှာ အဲဒီနာကျင်မှုတွေ ပြန်ခံစားမိဟန်တူတယ်။ အဲဒီ ခံစားမှုကို တောင့်ခံနိုင်း အလုပ်တွေထဲ အချိန်ပြည့်ခွဲသွင်းပြီး သူ့ကိုယ်နဲ့ သူ့စိတ်ကို မောင်းထင်နေတာမျိုးလည်း ဖြစ်နိုင်တယ်"

"ဟုတ်မယ် ဒေါက်တာ။ ဒါကြောင့် ဘော့စ်အနေအထားက ဘာကိုမှအလေးအထားတော့တဲ့ ဖြစ်ချင်သလို ဖြစ်၊ အလုပ်တွေထဲ ဖွတ်နစ်ချရင်း သူ့စိတ်သူ ဒဏ်ခတ်တာမျိုးပဲ ဖြစ်မယ်"

"ဒါကြောင့် ကျုပ် တစ်ခုစဉ်းစားထားတယ်"

"ဘာများလဲ ဒေါက်တာ"

"အမိမြေဘက်ရောက်နေလို့ ဖြစ်တည်နေတဲ့ သူ့ရဲ့နာကျင်စိတ် အပြောင်းအလဲဖြစ်သွားအောင် တခြားနေရာဒေသဘက် သွားပြီး အနားယူစေဖို့ စီစဉ်ချင်တယ်။ ဥပမာ–အာဖရိကတောခရီးတို့လိုပေါ့။ အဲဒါ အသား ဆွေးနွေးချင်လို့ ဦးအံ့လွင်ကို ကျုပ် ခေါ်လိုက်တာ။ ဦးအံ့လွင် ဘယ်လိုသဘောလဲ"

"သိပ်ကောင်းတာပေါ့ ဒေါက်တာ။ အဲဒီခရီးစဉ်အတွက် ကျွန်တော် ဘာတွေလုပ်ပေးရမလဲ"

"ကျုပ် အားလုံးစီစဉ်ထားတယ်။ သူ့အတွက် စားရေး သောက်ရေးနဲ့ ဆေးဝါးဘာညာကအစ ပြီးတော့ ကျုပ်ကိုယ်တိုင် လိုက်ပေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ် ဒေါက်တာရာ။ ဒေါက်တာပါ အဲဒီခရီးစဉ်ကိုလိုက်ပါရင်၊ အကောင်းဆုံးပဲဗျ"

ဦးအံ့လွင် ဟန်မဆောင်နိုင်အောင် ဝမ်းသာကာ ဒေါက်တာ့လက်ကိုဆွဲပြီးပြော၏။

ဒေါက်တာကလည်း ဦးအံ့လွင်လက်ကို အားအပြည့်နဲ့ ဆုပ်ကိုင်ပြီး ပြောသည်။

"လိုက်ပေးရမှာပေါ့ ဦးအံ့လွင်။ ကျုပ်ရဲ့လူနာက နှယ်နှယ်ရရမဟုတ်တာ။ သမ္မတအိုဗားမားကတောင် အမေရိကရောက် မြန်မာလူငယ်လုပ်ငန်းရှင်အဖြစ် ဂုဏ်ပြုခဲ့တဲ့ ပုဂ္ဂိုလ်လေဗျာ"

"ဟုတ်တယ်ဗျ ... ဟုတ်တယ်။ ဘော့စ်က အမေရိကန်သမ္မတ ချီးကျူးခံရတဲ့ လုပ်ငန်းရှင်ဖြစ်သလို ကျုပ်တို့ အမိမြေအတွက် လိုအပ်နေတဲ့ လုပ်ငန်းတွေကိုလည်း ချဲ့ထွင်လုပ်ဆောင်ပေးနေတဲ့ ပုဂ္ဂိုလ်။ ပြီးတော့ ကျွန်တော့်လုပ်ငန်းရဲ့ကယ်တင်ရှင်။ ဒါကြောင့် ဒေါက်တာ့အစီအစဉ်အတိုင်း ကျွန်တော် အပြည့်အဝကူညီမယ်။ စိတ်ချ ဒေါက်တာ"

"အိုကေ၊ အဲဒါဆိုရင် ကျုပ်ဘက်က အာဖရိကတောတွင်းခရီးစဉ်ကို စီစဉ်မယ်။ ခင်ဗျားက ခင်ဗျားဘော့စ်အခြေအနေကို စောင့်ကြည့်ခြင်းနဲ့ ကူညီပေး၊ ဟုတ်ပြီလား"

"ကျေးဇူးပဲ ဒေါက်တာ"

ဦးအံ့လွင်က ဆရာဝန်ကြီးလက်ကို နောက်တစ်ကြိမ် ဆွဲယူ





နှုတ်ဆက်ခြင်းဖြင့် အလေးအနက် ကျေးဇူးတင်ကြောင်း ပြလေသည်။

သေချာတာက –

ဆရာဝန်ကြီးက ဘော့စ်အတွက် သာမာန်ကျန်းမာရေး စောင့်ရှောက်တဲ့ ဆရာဝန်ထက်၊ သူ့ဘောစ်ရဲ့စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့ကို ကျန်းမာရွှင်လန်းအောင် ပြုစုလုပ်ပေးမယ့် ထူးခြားတဲ့ဆရာဝန်။

ဒါကြောင့် ...

ဦးအံ့လွင်က လိုက်လိုက်လှဲလှဲ ဝမ်းသာ၍ ကျေးဇူးတင်နေသည်။

"အိုကေဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘာလိုချင်လဲ ဆရာ"

မြူစောင်လေးဖယ်ပြီး မွေ့ရာထူထူအောက်မှ သူ ထလိုက်ရုံး သူနာပြုမောင်က သူ့အနား ချက်ချင်းရောက်လာပြီးမေး၏။

သူ ခေါင်းတစ်ချက်ယမ်း၍ –

"ဘာမှမလိုဘူး"

"ဒါဆို လှဲနေပါလား ဆရာ"

"ကျွတ် အိပ်ရာပေါ်ချည်း လှဲနေရတာ တစ်ကိုယ်လုံး ညောင်းနေပြီကွ"

"အဲဒါဆိုရင် ဒရင်းဘတ်ပေါ် ပြောင်းထိုင်မလား"

"မထိုင်ဘူး"





ဝရဇိန်ပြောရင်း အိပ်ရာဝန်းကျင်၌ သူ့လက်ကိုင်ဖုန်းကို ရှာဖွေသည်။ စားပွဲပေါ်မှာရော ခေါင်းရင်းမှာပါ မတွေ့လျှင် သူ့စိတ် အနည်းငယ် တင်းမာသွားသည်။

"ကိုယ့်လက်ကိုင်ဖုန်း ဘယ်မှာလဲ"

"ဆရာဝန်ကြီး သိမ်းထားပါတယ် ခင်ဗျ"

"ကျွတ်"

ဝရဇိန် အလိုမကျဖြစ်ကာ ခုတင်ပေါ်မှဆင်းလျှင် –

"ဆ ဆရာ ဘယ်သွားမလို့လဲ"

"ဆရာကြီးဆီ"

"ဆရာကြီးက အင်မာဂျန့်စီကေ့စ်နဲ့ ခွဲခန်းဝင်နေပါတယ် ဆရာ"

"ဦးအံ့လွင်ကော"

"ဦးအံ့လွင်က ဆရာကြီးခိုင်းတဲ့ကိစ္စနဲ့ အပြင်ထွက်သွားတယ်။ ညနေ သုံးနာရီ ပြန်ရောက်ပါမယ် ခင်ဗျ"

သူနာပြုမောင်က စိတ်ရှည်လက်ရှည် ရှင်းပြနေသော်လည်း ဝရဇိန့်စိတ်က တိုတိုနေသည်။

"တောက် အယ်ဒီ့ကိုခေါ်ပေးစမ်းကွာ"

"အယ်ဒီက ဘယ်သူလဲခင်ဗျ"

"ကျွတ်"

ဝရဇိန် ပို၍ စိတ်ရှုပ်လာသည်။ ပတ်တီးမပြည့်ရသေးသော ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကုတ်မိမလို ဖြစ်သွားသည်။

"ကျွန်တော်က ဆရာကြီးခိုင်းလို့သာ ဆရာကို လူနာပြုစုရတာပါ။ ဆရာနဲ့ ဆက်နွှယ်တဲ့သူတွေကို မသိတာ နားလည်ပေးပါ။ ဆရာခေါ်ချင်တယ်ဆို ခေါ်ပေးပါ့မယ်။ အယ်ဒီက ဘယ်သူလဲ"

"ကိုယ့်ဆူရီဆိုင်တွေရဲ့မန်နေဂျာကွာ။ ခုလောက်ဆို သူ့ရုံးခန်းမှာ ရှိလိမ့်မယ်။ သူ့ဖုန်းနံပါတ်က နေ နေ၊ ကိုယ့်ဘာကိုယ် အပြင်ထွက်ပြီး ဖုန်းဆက်ခေါ်လိုက်မယ်"

ဝရဖိန် စိတ်ရှုပ်ထွေးစွာပြောရင်း အခန်းတံခါးဖွင့်လေသည်။ သူနာပြုမောင်က ပျာပျာသလဲ ရှေ့ တံခါးလက်ကိုင်ဖုကို ဦးစွာကိုင်၍-

"နေ နေပါ ဆရာ။ ကျွန်တော် ကြိုးစားပြီး ခေါ်ပေးပါ့မယ်။ ဆရာ ဒီအခန်းထဲမှာပဲ နားနေပါ။ လာပါ ဆရာ၊ ဒီဘက်မှာ ဥယျာဉ်လေးနဲ့ တွဲထားတဲ့ နားနေခန်းရှိပါတယ်။ လာပါ ခင်ဗျာ"

သူနာပြုမောင်က သူ့ဆရာကြီးပြောထားတဲ့အတိုင်း ဝရဖိန်ကို စိတ်ရှည်လက်ရှည်နဲ့ နားနေခန်းတံခါးကို ဖွင့်ပေး၏။

"လာပါ ဆရာ၊ ဒီဥယျာဉ်လေးမှာ နားနေပါ။ ဆရာတွေ့ချင်တဲ့ ဒယ်ဒီ့ကို ကျွန်တော် ဖုန်းဆက်ပေးပါ့မယ်"

သူနာပြုမောင်က သူ့ကို ချိမ မသွားရဲတမယ် ပြုမူနေသည်။ ဖွင့်လိုက်တဲ့ မှန်တံခါးနောက်မှ ဥယျာဉ်အသေးစားလေးကို လှမ်းမြင်နေရဖို့ ဝရဖိန် သက်မရှည်ချည်းချကာ ထိုဥယျာဉ်ဘက် ခြေဦးလှည့်လိုက်သည်။





"မြန်မြန်ခေါ်ပေးကွ"

"စိတ်ချပါ ဆရာ"

သူနာပြုမောင်လှည့်သွားလျှင် ဝရဖိန်က ထိုဥယျာဉ်လေးထဲ ဝင်ကြည့်မိ၏။

အသီးသီးနေတဲ့ ခရမ်းချဉ်ပင်၊ ငရုတ်ပင်၊ မာလကာပင် စတဲ့ အပင်လေးများ မြင်တဲ့ ဥယျာဉ်အသေးစားလေးက သူ့စိတ်ကို ဖမ်းစားနိုင်သလိုရှိ၏။ ဒါ့ပြင် သူ့အတိတ်ကိုလည်း ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သလို ခံစားရချေသည်။

ဒီသီးပင်စားပင်လေးတွေနဲ့ နှင်းဆီခင်းကြီးက ခုနေခါမှာ အလှအပနဲ့ အပန်းဖြေဖို့ ဖန်တီးထားတဲ့ ဥယျာဉ်အသေးစားလေးဖြစ်ပေမယ့် ဒီအပင်လေးများက တစ်ချိန်တုန်းက သူ့ဘဝ ရှင်သန်မှုအတွက် အားထားရာ အပင်များဖြစ်ခဲ့သည် မဟုတ်လား။

ထိုအခါ –

ဥယျာဉ်ငယ်လေးနဲ့ အရောင်စုံတဲ့နှင်းဆီပန်းပင်တို့က သူ့ဘဝကို မှုံဖော်ပြနိုင်သလို ခံစားရလျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဘယ်လို မသွားဘူး။ ဟုတ်လား ဝရဖိန်"

ခြေလှမ်းကျဲကြီးဖြင့် ရောက်လာပြီး ဆရာဝန်ကြီး မေးလျှင် ဝရဖိန်က အသီးကင်းလေးတွေ ပြွတ်သိပ်ပြီး သီးနေသည့် ရုံးပတီသီးပင်လေးကို တို့ထိကိုင်တွယ်ရင်း ပြောသည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ မောင်ရင်"

"ကျွန်တော် တောတွင်းခရီးကို စိတ်မဝင်စားဘူး"

"ဟိုရောက်ရင် မောင်ရင် စိတ်ဝင်စားစေရမယ်။ ကျွန်ုပ်အာမခံတယ်"

ဆရာဝန်ကြီးက သူ့ရှေ့လာရပ်ရင်း ပြောသည်။





"ဟုတ်တယ် ဘော့စ်။ ဆရာဝန်ကြီးရှင်းပြတာ အန်ကယ်လည်း နားထောင်ပြီးပြီ။ အဲဒီခရီးစဉ်အတွက် အန်ကယ်ကော ဆရာဝန်ကြီးပါ လိုက်ကြမယ်"

ဦးအံ့လွင်ကလည်း ဝင်ပြောပြန်သည်။

"ဘော့စ် ကျွန်တော်ရောက်ပြီ"

ဦးအံ့လွင်စကားမဆုံးသေးခင် အယ်ဒီအသံပေါ်လာသည်။ ရေဖိန်က ချက်ချင်းပဲ ဒယ်ဒီ့ဘက်လှည့်၏။

ထိုအခါ –

ဆရာဝန်ကြီးက ဝရဖိန့်လက်မောင်းကို ဆုပ်ကိုင်၍ –

"မောင်ရင် မောင်ရင့်စိတ်ကို ခဏလေး လျှော့ထားပါ၊ အထူးသဖြင့် မောင်ရင် ပြောချင်တဲ့ကိစ္စတွေ၊ လုပ်ငန်းစီမံဆောင်ရွက်ချက်တွေ အားလုံးကို ဦးအံ့လွင်က မောင်ရင့်ကိုယ်စား အယ်ဒီနဲ့တွေ့ပြီး ပြေလည်အောင် လုပ်ထားပြီးပြီ"

"ဟုတ်ကဲ့ ဘော့စ်၊ ကျွန်တော် ဦးအံ့လွင်နဲ့ ကြိုတင်ညှိနှိုင်းပြီးပြီချ"

အယ်ဒီလည်း ချက်ချင်းဝင်ပြောသလို ဦးအံ့လွင်လည်း ဆက်ပြော၏။

"ဟုတ်တယ် ဘော့စ်၊ အန်ကယ် အားလုံးစစ်ထားပြီးပြီ။ အဲဒီအတွက် စိတ်မပူမပါနဲ့။ ဒေါက်တာပြောတာ နားထောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



Please အန်ကယ် တောင်းဆိုတာပါ ဝရမိန်"

ဆရာဝန်ကြီးဦးအုံ့လွင်နဲ့ အယ်ဒီ အချိတ်အဆက်ညီညီ ပြောကြလျှင် ဝရမိန် နှုတ်ပိတ်ပိုးပြောရခက်သွားသည်။

"ကျုတ် ဒေါက်တာ ဘာတွေစီစဉ်နေတာလဲ"

"ကျုပ်တို့သုံးယောက် အာဖရိကတောတွင်းလေ့လာရေးခရီးသွားဖို့ အားလုံး ready ပဲ"

ဆရာဝန်ကြီးပြောလျှင် သူ့မျက်လွှာချပစ်သလို မျက်နှာလည်းလွှဲ၏။

တစ်ဆက်တည်းလည်း မာလကာပင်ပုလေးအနားသို့ တိုးကပ်သွားပြီး –

"အဲဒီသွားမယ့်အတူ ဇာတိမြေသွားတာက ကောင်းဦးမယ်"

"ဟော"

ဆရာဝန်ကြီးနဲ့ ဦးအုံ့လွင် ပါးစပ်တွေပွင့်ကုန်သည်။ ဒါ့ပြင် စိုးရမ်စိတ်တွေလည်း ဖြစ်ကာ –

"ဖြစ်ပါ့မလား" ဟု

ပြိုင်တူမေးဖြစ်သည်။ ဝရမိန် ငဲ့မကြည့်ဘဲ –

"ဘာလို့မဖြစ်ရမှာလဲ"

"ဟင်"

ဆရာဝန်ကြီးနဲ့ ဦးအုံ့လွင် တစ်ယောက်မျက်နှာတစ်ယောက်





ကြည့်ကြသည်က အဓိပ္ပာယ်တို့ များစွာပါဝင်နေသည်။

သူက မာလကာရွက်နုလေးတွေကို လက်ချောင်းထိပ်ဖျားလေးနဲ့ တစ်ချက်သလိုက်ပြီး –

"ကျွန်တော့်စိတ်က ဒီအပင်လေးတွေကြားထဲ ပြန်ပြီးပြေးဝင်ချင်တယ်။ အန်ကယ် မှတ်မိမလား။ လွန်ခဲ့တဲ့နှစ်က ရာသီစာအပင်တွေ စိုက်ဖို့ ဥယျာဉ်ခြံမြေ ဝယ်နိုင်းထားတာ"

"သိပ်မှတ်မိတာပေါ့ မောင်ရင်ရာ။ ဘော့စ်ဝယ်နိုင်းတဲ့အတိုင်း ရေခံမြေခံကောင်းတဲ့ ဆယ်ဧကရှိတဲ့ ဥယျာဉ်ခြံ ဝယ်ထားတယ်။ သီးပင်စားပင်နဲ့ ပန်းတွေလည်း အမျိုးစုံစိုက်ထားတယ်။ မောင်ရင် အဲဒီမှာ အနားယူမလို့လား"

သူ နှုတ်ခမ်းတစ်ချက်ကိုက်၍ –

"အနားယူဖို့ထက် အာရုံပြောင်းလို့ဖြစ်မလားလို့"

သူ့စကားအဆုံးမှာ ဆရာဝန်ကြီးနဲ့ ဦးအုံ့လွင် တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း အသံတိတ် ညှိနှိုင်းကြသည်။

"ဇာစ်ခုတော့ရှိတယ်၊ ကျုပ်ပြောတဲ့အတိုင်းတော့ မောင်ရင် နာခံရမယ်"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ခင်ဗျား ကျန်းမာရေးကို ကျုပ်စိတ်မချဘူး"

သူ သက်မရှည်ကြီးချလိုက်သည်။ တိတ်ဆိတ်စွာ နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အယ်ဒီက သူ့နားတိုးလာရင်း ပြောသည်။

"ဘော့စ် ဒီကကိစ္စတွေ စိတ်ချပါ။ ကျွန်တော် တာဝန်ကျေစေရမယ်"

"ဟုတ်တယ်၊ အယ်ဒီပြောတဲ့အတိုင်းပဲ မောင်ရင်"

ဆရာဝန်ကြီးကလည်း ထပ်ဆင့်ပြော၏။

"ဟုတ်ပြီ . . . ဒါဆို အိုကေ"

ဦးအံ့လွင်က လောလောချည်းပဲ စကားစကိုဖြတ်လိုက်ရသည်။

ဟုတ်တယ်။

ဘော့စ်သဘောအတိုင်းပဲ။

ဒါ့ပြင် –

ဒေါက်တာ့သဘောဆန္ဒအတိုင်း ဖြစ်တည်နေဖို့ အရေးကြီးတယ် မဟုတ်လား။

ဒါကြောင့် –

ဒေါက်တာ့လက်ကို ဆွဲ၍ ဘော့စ်ရှေ့မှ ခေါ်ထုတ်ခဲ့သည်။

ဘော့စ်နဲ့ အလှမ်းဝေးရာအခန်းဘက်ရောက်လျှင် –

"ကျုပ်ကတော့ စိုးရိမ်နေတယ်"

"ဘာကိုလဲ ဒေါက်တာ"

"အမိမြေရောက်မှ ကျုပ်တို့မသိသေးတဲ့ ခင်ဗျားဘော့စ်ရဲ့ အုံ့ပုံးနာ၊ မီးတောင်ကြီးပေါက်ကွဲမှု ဖြစ်ဖေါ်လာရင်"





ဒေါက်တာပြောလျှင် ဦးအံ့လွင် ရုတ်ခြည်းတွေဝေသွားသည်။

"ကဲဗျာ ကြိုတွေးနေလို့ ဘာမှထူးမှာမဟုတ်ဘူး"

ဆရာဝန်ကြီးကပဲ ခေါင်းတညိတ်ညိတ်နဲ့ စိုးရိမ်နေမိတဲ့ စကားထုံးကို ပြန်လျှော့ချ၏။

"ခရီးစဉ် အပြောင်းအလဲ ဖြစ်တယ်လို့ပဲ သဘောထားလိုက်သော့။ ကဲ ခင်ဗျား စီစဉ်ပေတော့၊ ကျုပ်က ခင်ဗျားဘော့စ်ကို အချိန်ပေး ဆိုးဦးမယ်"

ဆရာဝန်ကြီးပြောဆို၍ လှည့်ထွက်သွားလျှင် ဦးအံ့လွင်လည်း ခရီးစဉ်အသစ်ကို ချက်ချင်းစီစဉ်ရတော့သည်။

ရည်ရွယ်တာက အာဖရိကတောတွင်းခရီးစဉ်။

တကယ်သွားမှာက။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟင်"

နက်ပြောင်နေတဲ့ ပရာဒိုကားသစ်ကြီး နောက်ခန်းတံခါးကို အသင့်ဖွင့်၍ ပြုံးချိုစွာ ကြိုဆိုနေသော ထိုမိန်းကလေးကို မြင်လျှင် 'သူ' ခြေလှမ်းတို့ ချက်ချင်းတန့်သွား၏။

ဒါပြင် -

မျက်မှောင်တွေပါ တွန့်ကြုတ်သွားသလို နှလုံးသားမှာ ရှုမှိုင်စွာ ခံစားလိုက်ရသည်။

"ဘော့စ်"

ဦးအံ့လွင်က သူ့မျက်နှာကို မော့ကြည့်ပြီး ခေါ်သည်။ တစ်ဆက်တည်းလည်း မေး၏။





"တစ်ခုခုကို သတိရလို့လား"

"ဘာပြောချင်လို့လဲ"

သူ ဘာမှပြန်မပြောချင်ပါ။

နှလုံးသားမှာ တင်းကြပ်ကာ အသက်ရှူလျှင်ပင် အောင့်သက်သွား၏။ ဒါပြင် သူမကို စိုက်ကြည့်နေရင်းနှင့် နှုတ်ခမ်းသားကို ကိုက်ဖိလျက်သား ဖြစ်၏။

ထို့နောက် -

"တောက်"

"ဘာဖြစ်လို့လဲ ဘော့စ်"

ကားနံ့ဘေးမှာ အပြုံးချိုချိုနဲ့ စောင့်ကြိုနေတဲ့ ပိတောက်သင်းနဲ့ ရနံ့ကို တစ်လှည့်စီကြည့်ရင်း ဦးအံ့လွင် မေးလိုက်၏။

သူတို့ဘော့စ်က မဖြေပါ။

ထိုမိန်းကလေးကိုသာ စိုက်စိုက်ကြည့်ရင်း မျက်နှာအရောင်က အစိမ်းရင့်ကာ မှောင်ကျသွား၏။

လေယာဉ်ပေါ်က ဆင်းလာတုန်းက ပုံမှန်ပါပဲ။

လေဆိပ်ထဲ ဝင်ကြိုလာတာက ဦးအံ့လွင်ရဲ့ အတွင်းရေးမှူး ဇာနည်ထက်။

ဇာနည်ထက်နဲ့ ဘော့စ်ကို ဦးအံ့လွင် မိတ်ဆက်ပေးစဉ်က အချိန် ကြည်သာစွာ စကားပြောသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် –

လေဆိပ်အပြင်ဘက်ထွက်ကာ ကားစတန်းဆီသို့ ဇာနည်ထက်က ဦးဆောင်ခဲ့သည်။ ဝရဖိန်နဲ့ ဦးအုံ့လွင်လည်း ပြုံးတူလျှောက်လှမ်းခဲ့သည်။

ဟိုတယ်အားလုံးရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ မန်နေဂျာ ပီတောက်သင်းကို ကားနားမှာ စောင့်ကြိုစေခြင်း။

မသင်းကို မြင်တာနဲ့ ဘော့စ်က ခြေလှမ်းတွေ တုံ့ဆိုင်းကာ အမူအရာတွေ ပြောင်းလဲပြီး ဒေါသဘက်သို့ ပါနေတာ မြင်ရတော့ သူတို့လည်း အံ့သြနေရသည်။

မသင်းကတော့ ပုံမှန်အတိုင်း ပြုံးရွှင်လျက်၊ ဘော့စ်ကို လေးလေးစားစား စောင့်ကြိုနေဆဲ။

ထိုအခါ ဦးအုံ့လွင်က မသင်းနဲ့ မိတ်ဆက်ပေး၏။

"ဘော့စ်၊ သူက ပီတောက်သင်း။ ဘော့စ်ရဲ့ ဟိုတယ်များနဲ့ ခရီးသွားလုပ်ငန်းတစ်ခုလုံးကို တာဝန်ယူလုပ်ဆောင်ပေးနေတဲ့ ဘော့စ်ရဲ့ဝန်ထမ်းပါ"

"မင်္ဂလာပါ ဦးဝရဖိန်"

ဦးအုံ့လွင် မိတ်ဆက်ပေးသံဆုံးတာနဲ့ ပီတောက်သင်းက ကိုယ်လေးရို့၍ အရိုအသေပေးပြီး နှုတ်ဆက်လိုက်သည်။

ကြည်ရှုချိုလွင်သော ထိုအသံက သူဦးနှောက်ထဲ ခါးသက်စွာ





ပြေးဝင်လာသည်။

ထို့ကြောင့် သူ့နှုတ်က စကားလုံးတချို့ ခုန်ထွက်သွားသည်။

"သူ့ကို အလုပ်ဖြုတ်လိုက်"

"ဟင်"

ပြုံးနေသော သူမမျက်နှာလေး အရောင်လွင့်သွား၏။

ဦးအုံ့လွင်က ပါးစပ်အဟောင်းသားဖြစ်သွားသလို ဇာနည်ထက်၏မျက်လုံးအိမ်လေးလည်း ကျယ်သွား၏။ ထို့ကြောင့် –

"ဘော့စ်"

ဟုခေါ်ရင်း ဇာနည်ထက် တစ်ခုခုပြောမလို့ပြင်သည်။

ထိုအခါ

ဝရဖိန်လက်ကာဟန့်လိုက်ပြီး ကားရှေ့ခန်းဘက်သွားကာ ဒရိုင်ဘာကို ကားမောင်းသူနေရာမှ ဆင်းခိုင်း၏။

"ဟုတ်ကဲ့ ဘော့စ်"

ဒရိုင်ဘာလည်း အခြေအနေကို မခန့်မှန်းနိုင်ဖြစ်ကာ အခုမှ မြင်တွေ့ဖူးတဲ့ ဘော့စ်အမိန့်အတိုင်း ကားမောင်းသူနေရာမှ ဆင်းလိုက်၏။

ဝရဖိန်က ကားမောင်းသူနေရာ ဝင်ထိုင်ပြီး စက်အသင့်နှိုးထားသဲ့ကားကို ဂူးခနဲ မောင်းထွက်သွား၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကားနားမှာရပ်နေတဲ့ ပီတောက်သင်း ဟန်ချက်ပျက်ကာ ထိုး ထားတဲ့ ကားတံခါးကို လွှတ်လိုက်ရသည်။ ကားတံခါးက အလိုလိုပိတ်သွား ပေမယ့် သူတို့မျက်လုံးထဲမှာ လှုပ်ခါနေသည်။

"ဟာ"

"ဘောစ် ဘောစ်"

ဦးအံ့လွင်တို့ ယောင်ယောင်မှားမှား ဖြစ်ကုန်သည်။

အခြေအနေက ထင်မှတ်မထားစွာ စက္ကန့်ပိုင်းအတွင်း လျှင်မြန် စွာ ပြောင်းလဲသွား၏။

ထို့နောက် ဦးအံ့လွင်တို့ အချိန်ဆိုင်းမနေနိုင်တော့ပါ။

ဇာနည်ထက်က ကားပေါ် ချက်ချင်းတက်၍ ဘော့စ်ကားနောက် သို့ ဦးအံ့လွင်ကို ချက်ချင်းလိုက်လေသည်။

ဒရိုင်ဘာကိုတိုးက ပီတောက်သင်းကို တစ်ချက်ငဲ့ကြည့်သည်။

ပီတောက်သင်းက သူမလက်ကိုင်အိတ်ထဲရှိ သူမအသုံးပြုခွင့် ရထားတဲ့ ဟိုတယ်ပိုင်ကားသော့ကို ထုတ်ပေးလိုက်သည်။

ဒရိုင်ဘာက ထိုကားမောင်းသူနေရာ ယူလျှင် ပီတောက်သင်းက ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

ထိုအခြေအနေဟာ၊ ဘယ်ဆီဦးတည်နေပြီဆိုတာ၊

ဘယ်သူမှ မခန့်မှန်းနိုင်အောင် ဖြစ်ရလေသည်။

✿ ✿ ✿



## အခန်း (၆)

နဖူးပြင်လေးက ခပ်ပြေပြေရယ်။

ရိုတ်သင်ပုံသွင်းထားတဲ့ မျက်ခုံးကွေးလေး နှစ်ဖက်အောက် မှာ တောက်ရွှန်းနေသောမျက်ဝန်း။

ညှိနက်ပြီး အဖျားလေးများ ကော့နေတဲ့ မျက်တောင်ကြားတွင် ထိုမျက်ဝန်းက ရွှန်းတောက်ရုံမက ရွှင်မြူးရိပ်လေး သန်းနေသည်မှာ ကြည်ငေးမဝအောင်၊ ဖြစ်စေသည်။

ဒါ့ပြင် –

နှာတံလေးက ဖြောင့်၏။ ပါးပြင်နှစ်ဖက်မှာ၊ ဆေးခြယ်မထားပါ ဘဲ နှင့်၍ ပန်းရောင်ပြေးလျှက်။

နှုတ်ခမ်းသားအစုံ ပြည့်တင်းနေပြီး ထိုနှုတ်ခမ်းပေါ် အပြုံး

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လေး တင်ထားသည်က မြင်သူစိတ်ကို ကြည်လင်သွားစေဟု ထင်ရသည်။

လည်တိုင်လေးရှည်ရှည်၊

ရင်အုံဖွံ့ဖွံ့၊

ခါးကျဉ်းပြီး ကိုယ်နေဟန်အချိုးအဆစ် ကျသလို စမတ်ကျကျ ရပ်နေတဲ့ဟန်က သရုပ်ပြနေတဲ့ မော်ဒန်တွေထက် မျက်စိကျစရာ ကောင်းနေသည်။

မဟော်ဂနီရောင်ဆံပင်အားလုံးကို နောက်ဘက်မှာသိမ်းစုပြီး ဆံထိုးလှလှလေး ထုံးဖွဲ့ထားရုံမက ကျောက်စီဆံထိုးလေး ထိုးစိုက်ထားသည်မှာ လှုပ်ရှားလိုက်တိုင်း သူမအပြုံးနှယ် လက်ခနဲ ဖြာပြီး တောက်ရှန်းသွား၏။

ဆံင်စွယ်နုရောင် အင်္ကျီလက်ရှည် ခါးအတိကို အနက်ရောင် စကပ်ဖြင့် တွဲဝတ်လျက် လည်မျှာ ဝန်ထမ်းကတ်ချိတ်ဆွဲထားတဲ့ သူမက ဘယ်လိုပင်ကြည့်ကြည့် လှကျက်သရေတို့ ဝင့်နေသည်။

ဒူးဖုံးလှလှ စကပ်နားအောက်၌ မွေးညှင်းစိမ်းလေးများရှိသည့် ခြေသလုံးသားလေးကအစ မကြည့်ငေးဘဲမနေသာ။

လေဒီရှူးအနက်ကလေးကိုပါ၊ တွဲဖက်စီးထားလေတော့ သူမ ပုံစံက ကုမ္ပဏီဝန်ထမ်းနှင့်၊ ဖက်ရှင်မယ်ဆန်ကာ စမတ်ကျကျ လှပလို့နေသည်။





သေချာတာက –

မြင်သူတိုင်းရဲ့ စိတ်အာရုံမှာ သူမကို ယုံကြည်ညွတ်ယိုင်သွားစေမယ့် ပုံရိပ်မျိုးဖြစ်သည်။ သို့သော် –

"တောက်"

ဝရဖိန့်မျက်ဝန်းထဲမှာ၊ ထိုပုံရိပ်မြင်ရလေ ဒေါသ တဖွားဖွားသလေ။ ဘာတဲ့ –

"ပိတောက်သင်း" တဲ့။

ထိုနာမည်ရေရွတ်မိလျှင် ကျစ်ခနဲ အသံထွက်သည်အထိ သူ့ရင်မှာ ထင်းမာသွားသည်။

"ဘော့စ်"

ဦးအုံ့လွှင်ခေါ်တာကို ဝရဖိန် လှည့်မကြည့်ပါ။ စက်လှေကားထဲ ထိုးဝင်လိုက်သည်။

"တောက်"

သူ့ တောက်ခတ်သံနောက်မှာ ဦးအုံ့လွှင် ခြေလှမ်းတုံ့၍ ကျန်ခဲ့သည်။ စက်လှေကားထဲက ထွက်တာနဲ့ သူ့အတွက်စီစဉ်ထားတဲ့ အခန်းဘက် ခြေဦးလှည့်၏။

ထိုအခါ –

သူ့လက်ဦးစွာ ရောက်နှင့်နေတဲ့ ဇာနည်ထက်က အခန်းတံခါးဦးမှာ ကျက်သားနှင့် စောင့်ကြိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ်"

ဇာနည် ခေါင်းလေးညွှတ်၍ အရိုအသေပေးကာ ခေါ်ပေမယ့် သူ ငဲ့မကြည့်ပါ။ အခန်းထဲ တန်းဝင်လိုက်သည်။

ညှော်ခန်းကျယ်ကြီးက ခေတ်မီပရိဘောဂတွေနှင့် တောက်ပနေသည်။ သူက အပြင်အင်္ကျီကိုချွတ်ရင်း ဆိုဖာတစ်လုံးပေါ် ပစ်တင်လိုက်သည်။

ဇာနည်ထက်က အခန်းဖွဲ့ပုံတွေကို လျှောက်ကြည့်နေတဲ့ သူ့နောက်မှ ရိုရိုကျိုးကျိုးဖြင့် လိုက်ဝင်လာရင်း အစီရင်ခံသလို ပြောသည်။

"အိပ်ခန်းနဲ့ နားနေခန်းလည်း ဘော့စ်အကြိုက် အသုံးအဆောင် ပစ္စည်းတွေနဲ့ ပြင်ဆင်ထားပါတယ်။ စားသောက်စရာနဲ့ ပတ်သက်ရင် ဆရာဝန်ကြီးစီစဉ်တဲ့အတိုင်း စားဖိုမှူးသီးသန့်ရှိပါတယ်။ ကျွန်တော်လည်း ဘော့စ်နဲ့ အနီးကပ်နေပေးပါ့မယ်၊ နားနေခန်းက"

ဇာနည်ထက် စကားမဆုံးလိုက်ပါ။

ဘော့စ်က လက်ကာပဲ့နှိုက်လိုက်လျှင် ဇာနည်ထက်အသံ ချက်ချင်းတိတ်ကျသွားသည်။ စက်လှေကားနဲ့ လိုက်တက်လာတဲ့ ဦးအုံ့လွင်ကို ဇာနည်ထက် မြင်လိုက်တော့ ဘော့စ်ရှေ့သို့သွားဖို့ ဖျက်ရိပ်ပြ၏။

ဦးအုံ့လွင် ခေါင်းလေးဆတ်ပြီး ရှေ့တိုးလျှင် –

"ဒီမှာနားနေဖို့ အဆင်ပြေမှာမဟုတ်ဘူး"

နားနေခန်းဘက် ဝင်မကြည့်တော့ဘဲ ဝရဖိန်ပြောလိုက်တော့





"အဲဒါဆိုလည်း ရတယ် ဘော့စ်၊ ဥယျာဉ်စံအိမ်"

ဦးအုံ့လွင်ပြောလို့မဆုံးလိုက်ပါ။

"အိုကေ၊ အဲဒီကိုသွားမယ်။ ဥယျာဉ်စံအိမ်မှာ အဆင်မပြေရင် ချက်ချင်းပြန်မယ်။ အဆင်သင့်လုပ်ထား ဦးအုံ့လွင်"

ဦးအုံ့လွင် ဟုတ်ကဲ့လို့ပြောဖို့ တွန့်ဆိုင်းသွားသည်။

ဥယျာဉ်စံအိမ်မှာ အဆင်မပြေရင်တဲ့။

ဟင့်အင်း။ အဆင်ပြေစေရမယ်။

ဒါကြောင့် ဇာနည်ထက်ဘက်လှည့်ရင်း ချက်ချင်းပြော၏။

"ဇာနည် မင်း ရှေ့ကသွားနှင့်"

"ဟုတ်ကဲ့ အန်ကယ်"

ဇာနည်ထက် ချက်ချင်းပဲ ခေါင်းညိတ်၍ လှည့်ထွက်သွားသည်။ ဘော့စ်က ဦးအုံ့လွင်ဘက် ပြန်လှည့်ရင်း ပြောသည်။

"သွားမယ် ဦးအုံ့လွင်"

"ဟုတ်ကဲ့ ဘော့စ်"

ဦးအုံ့လွင်က ချက်ချင်း ခေါင်းညိတ်ကာ ဘော့စ်ချွတ်ထားတဲ့ အပြင်ခံအင်္ကျီကို ဆိုဖာပေါ်က ကောက်ယူပြီး ရှေ့မှ ဦးဆောင်ထွက်သွားသည်။

ထိုအခါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အန်ကယ်"

ဦးအံ့လွင် သက်ပြင်းချလို့မဆုံးသေးပါ။ ခေါ်သံကြားလို့ လှည့်လိုက်တော့ ပိတောက်သင်း။

အစဉ်အမြဲ ချိုကြည်ရွှင်ပြုံးနေသော သူမမျက်နှာထားက ပုံမှန်နဲ့ မတူ၊ တစ်ခုခုအတွက် စိုးတထိတ်ထိတ် ဖြစ်ဟန်တူသည်။

ဦးအံ့လွင်က ဆိုဖာထိုင်ခုံမှာ ထိုင်နေရာမှ ချက်ချင်းထ၍–

"လာ သင်းသင်း။ သင်းသင်းကို အန်ကယ်တွေ့ဖို့ အချိန်မရ ဖြစ်နေတယ်။ ခုပဲ ဘော့စ်ကို ဥယျာဉ်စံအိမ်ပို့ပြီး ပြန်လာတာ။ နားတောင် မနားရသေးဘူး။ ခဏနားပြီး သင်းသင်းကို ခေါ်မလို့ပဲ။ ခုလို သင်းသင်း ရောက်လာတာနဲ့ အဆင်သင့်ပဲ။ လာ သင်းသင်း၊ သက်သောင့်သက်သာ





ဖြစ်အောင် နားနေခန်းမှာ ထိုင်ကြတာပေါ့။ နီနီစိုးရေ အန်ကယ်တို့ အတွက် ကော်ဖီဖျော်ခဲ့"

ဦးအံ့လွင်က ရှည်လျားစွာ ပြောဆိုညွှန်ကြားရင်း နားနေခန်း ထဲ ဦးဆောင်သွား၏။

ရုံးဝန်ထမ်း နီနီစိုးက ကော်ဖီဖျော်ဖို့ ချက်ချင်းပြင်ဆင်သည်။ ပိတောက်သင်းက ဘာမှမပြောဘဲ အန်ကယ့်နောက်မှ လေးလံတဲ့ခြေလှမ်း နဲ့ ပါသွား၏။

နားနေခန်းမှာ မျက်စိအေးပြီး စိတ်ကြည်လင်စရာဖြစ်အောင် ထဲမှာ အစိမ်းရောင် နှယ်ခက်အတုတွေနဲ့ တန်ဆာဆင်ထား၏။ ဆိုဖာ ဘေ့တွေကလည်း အစိမ်းနုရောင်။

စားပွဲပေါ်က အလှပန်းအိုးမှာတော့ အရောင်စုံတဲ့ နှင်းဆီပန်း ဗ်တွေ ထိုးစိုက်ထားတာမို့ စိတ်ရှုပ်ထွေးမှုတွေကို အထိုက်အလျောက် လျှော့မှု ပေးသယောင်ရှိသည်။

"ထိုင် သင်းသင်း"

ဦးအံ့လွင်က နှစ်ယောက်ထိုင်ခုံဆိုဖာမှာ ဝင်ထိုင်ရင်း ၎င်းနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဆိုဖာရှည်မှာ ထိုင်စေဖို့ သင်းသင်းကို ညွှန်ပြ၏။

ပိတောက်သင်းက ခေါင်းလေးဆတ်၍ အန်ကယ်နဲ့ မျက်နှာ ချင်းဆိုင် ဝင်ထိုင်ပြီး မေးလိုက်သည်။

"အန်ကယ် ... သင်း တကယ်ပဲ အလုပ်ထုတ်ခံရတာလား"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

ဦးအံ့လွင်က လက်တကာကာနဲ့ တားလိုက်သည်။ နီနီစိုးက ကော်ဖီပူပူနှစ်ခွက် စားပွဲပေါ်လာချပေးသည်။ ဦးအံ့လွင်က ကော်ဖီတစ်ခွက်ဆွဲယူ၍ ပိတောက်သင်းကို ဦးဆုံးပေးလိုက်သည်။

"ကျေးဇူးပဲ အန်ကယ်"

"သောက်ဦး"

ဦးအံ့လွင်ပြောရင်း သူကိုယ်တိုင်လည်း ကော်ဖီခွက်တစ်ခွက် မယူပြီး မှုတ်၍ တစ်ကျိုက်သောက်၏။

ကော်ဖီတစ်ကျိုက်စီ မှုတ်သောက်ပြီး အတန်ကြာမှ ဦးအံ့လွင်က ပိတောက်သင်းကို မကြည့်ဘဲပြောသည်။

"လောလောဆယ် အဲဒီကိစ္စကို ခေါင်းထဲထည့်မထားနဲ့ သင်းသင်း"

"မဟုတ်သေးဘူး အန်ကယ်၊ အန်ကယ့်သူဌေးက"

"သူ့ကျန်းမာရေးက ပုံမှန်မဟုတ်ဘူး။ ဒါကြောင့် သူပြောတာဆိုတာကို အတည်ယူလို့ မရဘူး သင်းသင်း။ သူ့ကို အန်ကယ်တို့ သည်းခံရမယ်။ အများကြီး သည်းခံပေးရမယ်"

"အဲဒီတော့ သင်းက"

"အရင်အတိုင်းပဲ တာဝန်ဆက်ယူရမယ်လေ"

"ဖြစ်နိုင်မယ် မထင်ပါဘူး"



"ဘာဖြစ်လို့"

ဦးအံ့လွင် ဒက်ခနဲ ထုတ်မေးတော့ ပိတောက်သင်း မျက်နှာထား အသာလွှဲလိုက်သည်က မလုံမလဲပုံစံနှင့်။

ထိုအခါ ဦးအံ့လွင်က ပိတောက်သင်းကို စူးစိုက်ကြည့်၍ –

"ပြောလေ သင်းသင်း။ ဘာကြောင့် ဖြစ်နိုင်မယ် မထင်ရတာလဲ"

"ဟို ဟိုလေ သင်းကိုမြင်တာနဲ့ ဒီလိုတွေဖြစ်တယ်ဆိုတော့ ဒီဆက်တွေ့နေရရင် သူ ဒီထက်ပြင်းထန်နေမလားပဲ။"

"အန်ကယ်တော့ အဲလောက်မထင်ဘူး"

"ဘာပဲဖြစ်ဖြစ် သူ့စိတ်ကို သင်းကြောင့် မွန်းကျပ်တာတွေ ဘာတွေ ထပ်မဖြစ်စေချင်ဘူး။ သူက အန်ကယ့်ကို အလုပ်ထုတ်ခိုင်းလိုက်နဲ့ အန်ကယ့်သဘောနဲ့အန်ကယ် ဆက်ခန့်ထားရင် အန်ကယ့်အပေါ် သူ့ဒေါသတွေ ရောက်နေလိမ့်မယ်"

ပိတောက်သင်းပြောစကားဆုံးလျှင် ဦးအံ့လွင် တွေခနဲဖြစ်လို့ သွားသည်။

သူ့အပေါ် ဝရမ်း ဒေါသဖြစ်မတဲ့။

"သူ့ဒေါသတွေ ရောက်လာရင် ဘာဖြစ်နိုင်မယ်လို့ သင်းသင်း ထင်လဲ"

ဦးအံ့လွင် ခပ်တွေတွေလေးမေး၏။ ပိတောက်သင်းက



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းမဖြေ။ အငွေ့မသေသေးတဲ့ ကော်ဖီခွက်ကို အငေးသားကြည့်နေပြီးမှ ခပ်တိုးတိုးပြောသည်။

"အကယ်၍ အန်ကယ်နဲ့ လမ်းခွဲလိုက်ရင်"

"ဟိုဟို အဲလောက်ထိ ဖြစ်မယ်မထင်ဘူး၊ စိတ်ချ ... လောလောဆယ် ဝရုဖိန်က ကျန်းမာရေးအခြေအနေကြောင့် စိတ်တို စိတ်ဆတ်လွယ်နေတာ။ ဘာကိုမှ အလိုမကျချင်ဘူး။ အလုပ်ကိစ္စ ဆက်လုပ်ခွင့်မပေးတော့လို့ ဒေါက်တာ့ကိုတောင် စိတ်ထင်တိုင်း ပြန်ပြောနေတာမျိုး ဒေါက်တာက ဝရုဖိန့်ကျန်းမာရေးကိုပဲ အလေးထားလို့ ဝရုဖိန် ဘာပြောပြော သိပ်ပြီးမဆန့်ကျင်ဘူး။ အဲလို မဆန့်ကျင်တဲ့ပုံစံမျိုးနဲ့ ဝရုဖိန် အနားယူဖြစ်အောင် စီမံထားတာ။ ဒါကြောင့်ပါ"

"မဟုတ်ဘူး အန်ကယ်ရဲ့၊ သူ့စိတ်ကို သင်းသိတယ်"

"ဘယ် ဘယ်လို"

ပိတောက်သင်း နှုတ်မှ လွှတ်ခနဲ့ထွက်သွားတဲ့စကားကို ဦးအုံ့လွှင် ချက်ချင်းကောက်မေးလိုက်တော့ ပိတောက်သင်း မလုံမလဲ ဖြစ်ရပြန်သည်။ ဒ့ါပြင် မျက်နှာလေးပါ မထားတတ်အောင်ဖြစ်ရကာ။

"ဟိုလေ သင်းသင်းပြောတာက သူ့ကျန်းမာရေးအရ ... စိတ်ပုံမှန် ဖြစ်မနေတော့ကာ အန်ကယ်ယူဆသလို ဖြစ်လာဖို့ ခဲယဉ်းတယ်လို့ သင်းသင်းမြင်လို့ပါ။ ဒါကြောင့် သူ့စိတ်ကို သင်း ခန့်မှန်းမိတာ သိတယ်လို့ ဆိုမိတာပါ"





ဦးအုံ့လွှင် ခေါင်းတဆတ်ဆတ်ညိတ်၍ –

"ဘာပဲဖြစ်ဖြစ်ပေါ့ သင်းသင်းရယ်။ ခုချိန်မှာ သူက ကိုယ်သူ့ဖွေ ကျန်းမာရေးအခြေအနေကြောင့် သူ့ဖွေဘက်က တင်းမာနေတဲ့အပေါ်မှာ အန်ကယ်တို့အနေနဲ့ သူ့စကားနောက် လိုက်ပါဆောင်ရွက်နေရင် လုပ်ငန်းပိုင်းဆိုင်ရာ နှောင့်နှေးသွားနိုင်တယ် မဟုတ်လား"

ဦးအုံ့လွှင် ဖျောင်းဖျသလိုပြောဆိုနေလျှင် ပိတောက်သင်းဘက်က ဖွင့်ပြောရခက်သွားသည်။

"ကဲပါ သမီးရယ် ဝရုဖိန်နဲ့ပတ်သက်ပြီး အန်ကယ်တို့ သင်းသင်းတို့ စိတ်ရှည်ရှည်ထားကြရအောင်လား"

ဦးအုံ့လွှင်ပြောလျှင် ပိတောက်သင်း ခေါင်းညိတ်ရမလို ဖြစ်လေသည်။

"ကဲ သင်းသင်းရယ် ကော်ဖီသောက်ပြီးရင် လုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီး ရေးဆွဲထားတဲ့ 'နွေဦးခရီးသွား plan' အတွက် ဆက်သွားနွေးကြမယ်"

ဦးအုံ့လွှင်က အလုပ်ကိစ္စဘက် ပြန်လည်ဆွဲခေါ်လေသည်။ ထိုအခါ ပိတောက်သင်း ခေါင်းခါဖို့မဖြစ်နိုင်တော့ပါ။

ဒါကြောင့် ပိတောက်သင်း ခေါင်းလေးညိတ်လိုက်ရလေသည်။

"ဟုတ်ကဲ့ အန်ကယ်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"အ အာ အ အာ"

"အား အား"

မနက်စောစောစီးစီး ကျီးကန်းများရဲ့အော်သံက သာယာ

ပျော်ရွှယ် ကောင်းနေပါသည်။

"ကျလိ ကျလိ"

"ကျစ် ကျစ်"

စာကလေးနဲ့ စားဖိုထောင်ငှက်ကလေးများ၏အော်သံကလည်း

စိတ်အာရုံကို ကြည်နူးသွားစေသည်လားပဲ။

ပြတင်းပေါက်မှန်တံခါးကို ဖွင့်လိုက်တာနှင့် သာယာသော ငှ

ကျေးသံများ နားထဲ တဒိုင်းဒိုင်းဝင်လာလျှင် ဝရဇိန် ကျေနပ်နေမိသည်





ဒါကြောင့် . . .

ကျေးငှက်လေးတွေ ပျံသန်းသွားလာနေတဲ့ စိုက်ခင်းတွေဘက်

ကြည့်နေလိုက်သည်။

မနက်ခင်း နေခြည်နွေး ဖျန်းပက်ထားတဲ့ အခင်းကျယ်ကြီးက

စ်မျှော်တစ်ခေါ်ရယ်။

နုသစ်သောလေပြည်ကို တစ်ဝကြီးရှူရှိုက်မည်။

ငှက်ကျေးတွေရဲ့ သဘာဝအသံကို နားဆင်မည်။

ဒီ့ပြင် စိမ်းစိုသော အခင်းကျယ်ကြီးကို ဖြတ်လျှောက်လိုက်ရရင်

အင်း . . .

ထိုအတွေးက ဝရဇိန့်စိတ်ကို ဆောင်ယူလေပြီ။

ဒါကြောင့် အိပ်ခန်းထဲကထွက်ဖို့ တံခါးဖွင့်လျှင်။

"ဟော နိုးပြီလား"

ဆရာဝန်ကြီးဆီးမေး၏။

"ဟုတ်ကဲ့ ဒေါက်တာ။ ဒေါက်တာကို အားနာလိုက်တာ။ ဘာလို့

က်ခဲ့ရတာလဲဗျာ"

"မောင်ရင်နဲ့ မနက်စာအတူ စားမလို့ကွ"

"ဟုတ်တယ် ဘော့စ်။ ဒေါက်တာက အစောကြီးကတည်းက

တ်နှင့်နေတာ။ ဘော့စ်မနိုးသေးလို့ ခြံထဲလျှောက်ကြည့်ပြီး ပြန်ဝင်

"



www.burmeseclassic.com

www.burmeseclassic.com



ဇာနည်ထက်က ဆရာဝန်ကြီးစကားမဆုံးခင် ရှင်းပြသလို ပြောဖြစ်၏။

"အားနာလိုက်တာ ဒေါက်တာ"

"ရပါတယ်ကွာ၊ အရေးကြီးတာက မောင်ရင် အိပ်ချိန်ပြည့်ဖို့ ညက ကောင်းကောင်းအိပ်ပျော်တယ် မဟုတ်လား"

"ပျော်ပါတယ်"

"ကောင်းပြီလေ . . . မောင်ရင် ခြံထဲဆင်းမယ်ဆို"

"ဟုတ်"

"သိပ်တော့မကြာနဲ့နော်။ ရုစ်နာရီခွဲရင်၊ မနက်စာအတူတူစားကြမယ်။ အဲဒီအတွက် ကျုပ်ကိုယ်တိုင် ဆိတ်ပေါင်းစွပ်ပြုတ်လုပ်လာတယ်"

"ဟာ့ အဲဒါတွေတော့ မစားပါရစေနဲ့ ဒေါက်တာ"

သူ့နှာခေါင်းလေး ရှုတ်ကာ ငြင်းဆန်လိုက်သည်။

"ဒါဆို မောင်ရင် ဘာစားချင်လဲ"

သူ အိပ်ခန်းပြတင်းပေါက်ရဲ့ ညာဘက်ခြမ်း မြင်ကွင်းမှာ သန့်စွင်နေတဲ့ ငှက်ပျောပင်တန်းကို မြင်ရတာမို့ သူ့စိတ်က ဖြစ်ပေါ်လာတဲ့ အစားအစာကို ထုတ်ပြောလိုက်သည်။

"မော်လမြိုင် မုန့်ဟင်းခါး"

"ဟင်"

ဆရာဝန်ကြီး မျက်လုံးပြူးသွား၏။





ဇာနည်ထက်က ပါးစပ်ပေါက်လေးကျယ်ဟသွားကာ တစ်ခုခုပြောမလို့ ဆရာဝန်ကြီးကိုကြည့်၏။

ဆရာဝန်ကြီးက မျက်လုံးပြူးလျက်နဲ့ ဆိုသည်။

"အစားအသောက် ပြောင်းစားဖို့ ဆင်ခြင်ရလိမ့်မယ် မောင်ရင်။ နောက်တစ်ပတ်လောက်ကြာရင်"

"ကျွန်တော် စားချင်တာ စားခွင့်ပေးပါဗျာ။ အစားအသောက်ကအစ ဒေါက်တာလိုက်ချုပ်ချယ်နေရင် ကျွန်တော့်စိတ်က ခံနိုင်ရည်ရှိတော့မှာ မဟုတ်ဘူး"

သူ့စကားကြောင့် ဆရာဝန်ကြီး အကြပ်ရိုက်သွားဟန်တူသည်။

သူက ပြောပြီးတာနဲ့ အိမ်လေးထဲက ထွက်သွား၏။ ဆရာဝန်ကြီးနဲ့ ဇာနည်ထက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း သူ့ကိုအထင်းအကြပ် ပြောဖို့ ခက်ကာ။

"မော်လမြိုင် မုန့်ဟင်းခါးက ငှက်ပျောအူအပိုင်းဖတ်တွေနဲ့ ချက်တာ။ ပြီးတော့ ငရုတ်သီးအကျက်မှုန့်များများနဲ့မှ စပ်တယ်ဗျ"

"ဟုတ်တယ်ကွ"

ဒေါက်တာ ဟင်နရီစိုးကြွယ် ဟန့်တားရခက်ခဲသွားသည်။ အနားယူဖို့ကိစ္စတောင် သူ့တို့အတော်ပြောယူရသည်။

အနားယူနေတုန်း အစားအသောက်ပါ ချုပ်ချယ်လေခြင်းဆိုတဲ့ အမြင်နဲ့ ချက်ချင်းပြန်မယ်ဆို ခက်သားလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် –

"ကဲ ကဲ မင်း ဘော့စ်သဘောအတိုင်း လုပ်ပေးလိုက်ကွာ"

"အဲဒါဆို အန်ကယ် အဲ့ကို ဖုန်းဆက် မှာလိုက်မယ်။ မြို့ထဲက နေ အကောင်းဆုံး မော်လမြိုင်မုန့်ဟင်းခါး ဝယ်ပို့ဖို့"

"မြန်မြန်မှာကွာ"

ဇာနည်ထက်က ဦးအံ့လွင်ကို ချက်ချင်းပဲ ဖုန်းဆက်မှာကြား နေသည်။

ဒေါက်တာဟင်နရီဗိုးကြွယ်က ဒီတစ်ခါတော့ တင်းမာမနေဘဲ သက်ပြင်းချရင်း လျှော့ပေါ့လိုက်ရသည်။

မလျှော့ပေါ့လို့မှမရဘဲ။

ဒင်းက သူ့လူနာတွေထဲမှာ ကိုင်တွယ်ရအခက်ဆုံးနဲ့ ခေါင်းအမာ ဆုံးလူနာ မဟုတ်လား။

✿ ✿ ✿



## အခန်း (၉)

ငှက်ပျောပင် အပိုင်းဖတ်တွေက အမှုန်တွေနဲ့ ရှပ်တွေးနေသည်။ ဟင်းရည်အရောင်က ပဲနှစ်မှုန့်ကဲ့သို့ အဝါရောင်ဖြစ်နေပြီး ချစ်ခဲနေသည်။

ကြက်သွန်ဥကလည်း နူးနပ်မနေ။

ဟင်းရည်တစ်ဖွန်း ခပ်သောက်လိုက်ရုံနဲ့ ပါးစပ်ထဲ ချိုခွဲသွားမေ။ ချိုပြင် ငရုတ်သီးအကျက်မှုန့်က အရောင်မည်းကာ တူးစပ်နေပြန်သည်။

အငွေ့တထောင်းထောင်း ထနေတဲ့ မုန့်ဟင်းခါးပန်းကန်ကို ခရိမ် တွန်းဖယ်လိုက်လျှင် အရှိန်လွန်ပြီး စားပွဲပေါ်က မှောက်ကျသွားလေ၏

"ဟင်"

"ဘာ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းလို့လား"

"ဘာလိုလို့လဲ"

ဦးအံ့လွင်နဲ့ ဆရာဝန်ကြီး ဖျာဖျာသလဲ မေးလျှင် ဝရဇိန့် မျက်နှာရှုံ့မဲ့သွား၏။

"အရသာတော့ မုန့်းစရာချည်း"

"ဟင်"

"ဟုတ်တယ်၊ အရသာက တကယ်မုန့်းဖို့ကောင်းတယ် ထွီး"

"ဟုတ်ရဲ့လား မောင်ရင်ရယ်"

"ကျွတ် . . . မယုံရင် မြည်းကြည့်"

"ဒါ ရန်ကုန်မှာ နာမည်ကြီးနေတဲ့ ဒေါ်ဖြူးရဲ့မော်လမြိုင်မုန့် ဟင်းခါးစစ်စစ်၊ မောင်ရင်စားမယ်ဆိုလို့ အန်ကယ်ကိုယ်တိုင် တကူးတက သွားဝယ်လာတာ"

"နေပါဦး မောင်ရင်က ဘယ်လိုအရသာမျိုး စားချင်လို့လဲ"

ဦးအံ့လွင် ရှင်းပြသလိုပြောတဲ့နောက်မှာ ဆရာဝန်ကြီးက မေး လိုက်သည်။

သူက နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

"ဘယ်လိုအရသာမျိုးစားချင်လို့လဲ" တဲ့။

ထိုမေးခွန်းက သူ့ရင်ထဲ တစ်တစ်ချောင်း နစ်ဝင်သွားသည် နှယ်၊ ထို့ကြောင့် –





"ခင်ဗျား ဟိုမိန်းမကို အလုပ်ဖြုတ်ပြီးပြီ မဟုတ်လား"

မုန့်ဟင်းခါးအရသာအကြောင်းမေးတာကို ဝရဇိန်က ပိတောက် သင်းကို အလုပ်ဖြုတ်ပြီးပြီလား ပြန်မေးခံရတော့ ဆရာဝန်ကြီးဦးအံ့လွင် တစ်ခုခုကို အကဲခတ်မိသွားသည်။

ပိတောက်သင်းနဲ့ဝရဇိန်။

ဝရဇိန်နဲ့ ပိတောက်သင်း။

ဆရာဝန်ကြီးနဲ့ ဦးအံ့လွင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၏။ သူ့မေးခွန်းကို တိတိကျကျ ဖြေဖို့ အဆင်သင့် ဖြစ်ဟန်မတူ။

ဦးအံ့လွင်က မဆီမဆိုင် မျက်နှာချည်းဖြီရယ်ပြ၍ –

"ဟို ဒီလိုပါ ဘော့စ်၊ အန်ကယ် အဲဒီကိစ္စပြောဖို့ အချိန်ယူနေပါ သည်"

ဦးအံ့လွင် စကားမဆုံးသေးပါ။

ဝရဇိန် ဝုန်းခနဲထကာ စားပွဲပေါ် သွန်မှောက်လျက်ရှိနေတဲ့ မုန့်ဟင်းခါးပန်းကန်ကို ခါပစ်လိုက်၏။

ထိုအခါ –

မုန့်ဟင်းခါးထည့်တဲ့ ပုလဲကြည်ရောင် ကြွေပန်းကန်နဲ့ ထိုသေး နံနံရွက်ထည့်ထားတဲ့ ကြွေပန်းကန်ပါ စားပွဲမှ ကျကွဲ၏။

"ဒုန်း"

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဝရဖိန်က မနက်စာစားဝိုင်းကို ကျောခိုင်းသွားလေသည်။ ဆရာဝန်ကြီးနဲ့ ဦးအံ့လွင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြ၏။

ပန်းကန်အကွဲ။

မုန့်ဟင်းခါး။

ပီတောက်သင်း။

ပြီးတော့ ဝရဖိန်။

"ကျုပ်ထင်တာမလွဲဘူးဆိုရင်တော့ ပီတောက်သင်းဟာ ဝရဖိန့် စိတ်ကိုပေါက်ကွဲစေတဲ့ စနက်တံလားပဲ"

"ဘယ် ဘယ်လို ဒေါက်တာ"

"ဇာနည်ထက်နဲ့ ဝရန်ဖိန့်ကို ခင်ဗျား မိတ်ဆက်ပေးတော့ ဝရဖိန် ဘာဖြစ်သေးလဲ"

"ပုံမှန်ပါပဲ ဒေါက်တာ။ ဇာနည်ထက်ကိုတောင် ပခုံးဖက်ပြီး ရင်းရင်းနှီးနှီးပြောသေးတယ်။ လုပ်ငန်းတွေ တိုးတက်အောင် ဝိုင်းဝန်း လုပ်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်တယ်။ လိုအပ်ရှိရင် အားမနာ တမ်း ပြောပါဆိုပြီး လမ်းဖွင့်ပေးထားတယ်"

"အေး . . . အဲဒါပဲ။ ဇာနည်ထက်ကို လမ်းဖွင့်ပေးသလို သင်း သင်းကလည်း ဟိုတယ်လုပ်ငန်းအတွက် စီမံခန့်ခွဲမှုနဲ့ ဦးဆောင်မှုအ လှည့်ကြည့်စရာမလိုအောင် တာဝန်ကျေတဲ့ ဝန်ထမ်းပဲ။ ပီတောက်သင်း





ကိုလည်း ထိုအခွင့်အရေးမျိုး မပေးသင့်ဘူးလား"

"အင်း ဟုတ်တယ်၊ ကျွန်တော် ခုမှ သတိထားမိတယ် ဒေါက်တာ။ သင်းသင်းကိုမြင်တာနဲ့ သူ့စိတ် ချက်ချင်းပြောင်းပြန်ဖြစ် သွားတယ်"

"အဲဒါကြောင့် ခင်းတို့နှစ်ယောက် တစ်ခုခု ငြိခဲ့တဲ့ဇာတ်လမ်း ရှိသလား"

ဦးအံ့လွင်က ခေါင်းကို ခါယမ်းလိုက်ပြီး –

"မရှိလောက်ဘူး ဒေါက်တာ"

"ဘာဖြစ်လို့"

"ဘော့စ်က အမေရိကမှာနေတာ နှစ်နှစ်ဆယ်နီးပါးကြာပြီး။ တစ်ခါမှ ဒီကိုပြန်မလာဘူး။ သင်းသင်းနဲ့ဆုံဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင် ဘူး ထင်တယ်"

"သင်းသင်းအကြောင်း ခင်ဗျား ဘယ်လောက်သိထားလဲ"

"သင်းသင်းက အိမ်ထောင်ကျဖူးတယ်။ အိမ်ထောင်ကျပြီး သားနှစ်နီးပါးကြာတော့ သင်းသင်းအမျိုးသားဆုံးတယ်။ ခုတော့ မုဆိုးမ။ သူ့အမျိုးသားရဲ့ညီဖြစ်သူ ကိုအားမာန်က သင်းသင်းကို လက်ထပ်ခွင့်ရဖို့ ကြိုးစားနေတယ်။ သင်းသင်းကတော့ သူ့ဘဝဖြစ်စဉ်ကို ပွင့်ပွင့်လင်းလင်း ပြောပြတယ်။ အင်း ထူးခြားတာတစ်ခုက သင်းသင်းရဲ့အမျိုးသားက အားချမ်းသာတယ်။ သင်းသင်းအမျိုးသားဆုံးသွားတော့ သင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခံခွင့်ရှိတဲ့ သင်းအမျိုးသားပိုင် စည်းစိမ်ဥစ္စာကို သူမတ် ကိုအားမာန်ကို လွှဲပေးတယ်။ ကိုအားမာန်က လက်မခံဘူး။ ဒါပေမဲ့ သင်းသင်းက လည်း အဲဒီစည်းစိမ်ကို မခံစားဘူး''

"အင်း ... သင်းသင်းဇာတ်လမ်းကလည်း တစ်မျိုးပါလား"

"ဟုတ်တယ် ဒေါက်တာ၊ နောက်တစ်ခုရှိသေးတယ်"

"ဘာများလဲ ဦးအုံ့လွင်"

"သင်းသင်းအမျိုးသား ကိုအားသစ်က နိုင်ငံတကာ လုပ်ငန်းရှင် တစ်ဦးပဲ။ သူ့ဟိုတယ်တွေက အရှေ့တောင်အာရှနိုင်ငံတိုင်းမှာရှိတယ်။ သင်းက အဲဒီဟိုတယ်တွေမှာတောင် ဝန်ထမ်းမလုပ်ဘူး"

"အင်း စိတ်ဝင်စားစရာကောင်းနေပြီ ဦးအုံ့လွင်"

"ဟုတ်တယ် ဒေါက်တာ၊ နောက်ပြီး သင်းသင်းက ဟိုတယ်လုပ်ငန်းနဲ့ပတ်သက်ရင် ဘက်စုံအတွက် ကျွမ်းကျွမ်းကျင်ကျင် ရှိနေတာဗျ''

"အဲဒါနဲ့ပဲ သင်းသင်းကို ခန့်လိုက်တယ်ဆိုပါတော့"

"ခန့်ဖြစ်တာက ဒီလိုခင်ဗျ။ ဘော့စ်က ဟိုတယ်လုပ်ငန်း လုပ်ပါလို့ ညွှန်ကြားတော့ ကျွန်တော်က ဟိုတယ်ဆိုင်ရာ ကျွမ်းကျင်တဲ့ပညာရှင် အဆင့် ဝန်ထမ်းရှာတာ ခေါင်းမီးတောက်မတတ်ဘဲ။ နောက်ဆုံးမှာ သင်းသင်း အလုပ်လာလျှောက်တယ်။ သင်းရဲ့ CV form ကြည့်လိုက်တာနဲ့ အရည်အချင်းအပြည့်ရှိမှန်း သိသွားတယ်။ အဲဒါကြောင့် သင်းသင်း





ကို ကျွန်တော်ပဲရွေးလိုက်တာ။ အဲဒီတုန်းက ဝရဇိန်ကိုတောင် မတိုင်ပင်ခဲ့ဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ ဝရဇိန်က ဟိုတယ်ကိစ္စ ကျွန်တော့်ကို အပြည့်အဝ လွှဲထားလို့"

ဆရာဝန်ကြီး ခေါင်းတဆတ်ဆတ်ညိတ်ပြီး –

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ သတိထားပြီး စောင့်ကြည့်ရမယ် ထင်တယ်"

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်တော် ဘော့စ်ဆီလိုက်သွားလိုက်ဦးမယ်။ ဘော့စ်က မနက်စာ မစားဖြစ်ဘူး မဟုတ်လား"

"အင်း ... သွားချော့စမ်းပါ ခင်ဗျားဘော့စ်ကို။ ကျုပ် တော် တော်ဆာနေပြီ"

"ဟုတ်ကဲ့ ဒေါက်တာကိုလည်း အားနာတယ်။ စားပွဲသန့်ရှင်း ခိုင်းလိုက်မယ်"

ဦးအုံ့လွင်က စားဖိုးမှူးတာဝန်ယူတဲ့ ဦးမောင်ကို မနက်စာ ...နှင်းထဲ ပြန်ခေါ်သွင်းပြီး သန့်ရှင်းခိုင်းလိုက်သည်။

ပြီးတော့ ဒေါက်တာ့အတွက် မနက်စာကိုပြည့်စုံအောင် ...ခိုင်းစေသည်။ ပြီးမှ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တောက်"

မျက်လုံးအစုံကို တင်းနေအောင် မှိတ်ထားပေမယ့် ဝရုဖိန့် မျက်ဝန်းထဲမှာ စူးရှစွာ မြင်ယောင်နေသည်။

ဝိတောက်သင်း။

ပြီးတော့ –

အားမာန်။

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြောနေတာက တစ်လောကလုံးမှာ နှစ်ယောက်တည်း ရှိနေတဲ့အတိုင်း။

အထူးသဖြင့် အားမာန်က သူမမျက်လုံးကို စိုက်ကြည့်ပြီး တရစပ်ပြောနေတာက အားမာန်ဘက်သို့ သူမရဲ့စိတ်နှလုံးသား





ဆိုင်းကျစေလိုတဲ့ဟန်မျိုး။

အားမာန် မင်းက ဘာဖြစ်လို့ တောက်တဲ့လို တွယ်ကပ်ဖို့ ကြိုးစားနေရတာလဲ။ တွေးကြည့်သေးတာပေါ့။

"တောက်"

ဝရုဖိန် တောက်ခေါက်ရင်း ဦးအံ့လွင် ဖုန်းကို ချက်ချင်းခေါ်လိုက်သည်။

"အန်ကယ် နားထောင်နေတယ်၊ ပြော ဝရုဖိန်"

"ဝိတောက်သင်းကို အလုပ်မဖြုတ်သေးဘူး မဟုတ်လား"

"အဲ အင်း အဲဒါက"

ဦးအံ့လွင် ဘာပြန်ပြောလို့ ပြောရမှန်းသိမ်အောင် ဗျာများသွားသည်။

ဝရုဖိန်က အံတစ်ချက်ကြိတ်၍ –

"ကောင်းပြီ အန်ကယ်က ဝိတောက်သင်းကို အလုပ်ဖြုတ်ပစ်ဖို့ မေ့များနေတယ်မဟုတ်လား"

"အဲဒါက ဒီ ဒီလိုရှိတယ် ဘော့စ်။ သင်းသင်းနေရာမှာ တာဝန်ယူနိုင်မယ့် ဝန်ထမ်း ရှာမတွေ့သေးလို့ပါ။ သင်းသင်းက လုပ်ငန်းပိုင်းဆိုင်ရာ အရမ်းကျွမ်းကျင်နေတော့"

"အန်ကယ် မပြောနဲ့တော့။ ခုချက်ချင်း ဝိတောက်သင်းကို ကျွန်တော့်ဆီ လွှတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာ လုပ်ဖို့လဲ၊ ဘော့စ်"

ဦးအံ့လွင် စိုးရိမ်တကြီးမေးလိုက်ရသည်။ ဝရဖိန်က ခနဲ့သဲ့သဲ့ ရယ်ချရင်း –

"အန်ကယ်က အဲသလောက် ညွှန်းနေမှတော့ ဒင်းကို ကျုပ် ကိုယ်တိုင် လက်တွေ့နိုင်းချင်တယ်။ ခုချက်ချင်း လွှတ်လိုက် ဦးအံ့လွင် ဒါပဲ"

ဝရဖိန် ခပ်မာမာပြောပြီး ဖုန်းချလိုက်သည်။ ဦးအံ့လွင်က ခေါင်းတယမ်းယမ်းနှင့်။

"ဘာဖြစ်လို့လဲ အန်ကယ်"

ဇာနည်ထက် မေးလျှင် ဦးအံ့လွင် သက်မရှည်ကြီးချ၍ –

"သင်းသင်းကို ခုချက်ချင်းလွှတ်ခဲ့တဲ့"

"ဟင် မသင်းက ဒီနေ့နားရက်ကြီးဗျ"

"ဟုတ်တယ်၊ သင်းသင်းက တစ်လမှ တစ်ရက်ပဲနားရက်ယူ တာ။ ဒီနေ့က သင်းသင်းနားရက်။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ အန်ကယ်"

"ကျွတ် ခက်တော့တာပဲ"

"ဘာခက်တာလဲ"

"ခက်တယ်ဆိုတာက အားမာန်ပေါ့"

"ဟာ ဘာတွေလဲ အန်ကယ်ရာ၊ ရှုပ်နေတာပဲ"





"အေး မင်းနားလည်အောင်ပြောရရင် အားမာန်က သင်းသင်း နဲ့ တွေ့ခွင့်ရဖို့ တဂျီဂျီတောင်းဆိုနေတယ်။ အဲဒါနဲ့ သင်းက ဒီနားရက်မှာ တွေ့မယ်လို့ ချိန်းလိုက်တယ်။ ခုလောက်ဆို အားမာန်နဲ့တွေ့နေလောက်ပြီ ..."

"ဟာ ဒါဆို ဘယ်လိုလုပ်မလဲ အန်ကယ်"

"အဲဒါကြောင့် ပြောတာပေါ့ကွ"

ဦးအံ့လွင် အတော်ချည်းစိတ်ပျက်သွား၏။ သူ့ဘော့စ်ကိုလည်း ... နားမလည်နိုင်အောင် ဖြစ်လာသည်။

ဇာနည်ထက်က တစ်ခုခုကို တွေးတောမိဟန်ဖြင့် –

"နေဦး အန်ကယ်၊ ကျွန်တော် မသင်းတို့ဆီ လိုက်သွားပြီး ...ချိုးအကြောင်း ပြောလိုက်မယ်၊ မသင်းက"

"ဖြစ်မတဲ့လား ဇာနည်ရာ။ အားမာန်ကိုလည်း အားနာဖို့ ...ာင်းတယ်ကွ"

"ဟုတ်တော့ ဟုတ်တယ် အန်ကယ်။ ကိုအားမာန်ကို အားနာဖို့ ...င်းပါတယ်။ ဒါပေမဲ့ တခြားနည်းမှမရှိတာ။ ဘော့စ်က ခုချက်ချင်းဆို ...ာ့ ဒီတစ်နည်းပဲရှိတယ်။ ဒါကြောင့်ပါ အန်ကယ်။ စိတ်ချ ကျွန်တော် ...ပြီးစီစဉ်လိုက်မယ်။ ကိုအားမာန်ကလည်း သဘောထားကြီးတဲ့သူပါ ..."

"ကဲ မင့်သဘောကွာ။ ကျုပ်တော့ ခွေးရူးအမြီးကို ပြေးဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တော့တယ်။ တကယ်ကွ"

"ဟား ဟား ဟား"

ဦးအုံ့လွင် ပြောလျှင် ဇာနည်ထက် သဘောကျစွာ ရယ်မိသွား
သည်။

"အန်ကယ်ရာ ကြုံကြုံဖန်ဖန် ခွေးရူးအမြီးကို ပြေးဆွဲချင်ရတယ်
လို့။ ကျားမြီးဆိုရင် ဟုတ်တုတ်တုတ်ရယ်"

"ကျားမြီးဆွဲတာကမှ တော်ဦးမယ်"

"ကဲပါဗျာ ခွေးရူးမြီးလည်း မဆွဲနဲ့။ ကျားမြီးလည်း မဆွဲနဲ့
အန်ကယ့်ဘာသာ လုပ်စရာရှိတာ ဆက်လုပ်နေ။ ဘော့စ်အလိုကျ ဖြစ်
အောင် ကျွန်တော်မျိုး ကြိုးစားလိုက်ပါ့မယ်"

"ကြိုးစားမယ်ဆိုလည်း မြန်မြန်သွား။ သင်းသင်းနဲ့အားမာန်တ
ခုလောက်ဆို အားမာန်ပိုင်တဲ့ ဥရောပစားသောက်ဆိုင်မှာ ရှိလောက်မယ်
သူတို့ နေ့လယ်စာစားရင်း တွေ့ကြမှာလေ"

"အိုကေ"

ဇာနည်ထက် တုံ့ဆိုင်းမနေတော့ပါ။ ချက်ချင်းပဲ ဦးအုံ့လွင်
ရုံးခန်းထဲက ထွက်ခဲ့တာက ဘော့စ်အလိုကျ ဖြစ်စေဖို့။

သို့သော်။

✿ ✿ ✿



## အခန်း (၁၁)

အဝါနဲ့ ဆင်စွယ်ရောင် အစင်းလေးပါတဲ့ ရင်လျားပုံကိုယ်ကျပ်
အင်္ကျီက ဒူးပေါ်ဝဲနေသည်။

ထိုဂါဝန်ပေါ်မှာ ဝေ့စကုပ်ပုံအင်္ကျီပါးပါးလေး ထပ်ဝတ်ထားတဲ့
သူမက စတိုင်လ်ကျတဲ့ ဖက်ရှင်မျိုးနှင့် လှပလို့နေသည်။

ဒါ့ပြင် –

မှားရည်ရောင်ဆံပင်ကို အဝါရောင်အလျားလိုက် လှိုင်းလေးပေါ်
အောင် ဆေးဆိုးထားတဲ့ ဆံပင်ဒီဇိုင်းက ကျောပြင်နဲ့ပခုံးပေါ် လိမ်ခွေခွေ
ကျပြီး ချထားတဲ့ ဆံပင်ပုံစံကြောင့် ကာလာခြယ်ထားတဲ့ သူ့မျက်နှာ
ကို ပေါ်လွင်စေသည်။

ငွေရောင်ကြိုးပါတဲ့ အိတ်ပါးလေးတစ်လုံးသာ လွယ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



နုံမြင့်ဖိနပ်နဲ့ လမ်းလျှောက်လာတဲ့ဟန်က မည်သူမဆို တစ်ချက်ငေးတည်
ငေးသွားစေသည် ဖြစ်သည်။ ဒါပြင် –

ထက်မြက်သောအလှ

မာန်ရှိသောအလှ

ရှင်ကြည်သောအလှ

မြူးကြွသောအလှတို့နှင့် စုစည်းထားတဲ့ သူမ။ ထိုသို့သော
အလှတရားတွေကို ပိုင်ဆိုင်ထားတဲ့ သူမကို တစိမ့်စိမ့်ငေးကြည့်နေဖို့ထက်
ထိုအလှတရားတွေ ပျက်ပွင်းသွားအောင် လုပ်ပစ်လိုက်ဖို့ ဝေဖိန် ဝေး
မလေးတော့ပါ။

ဒါကြောင့် –

သူ့ဘက်က ကြိုတင်စီစဉ်ထားတဲ့အတိုင်းပဲ –

မပျစ်မကျဲဖျော်ထားတဲ့ ရွှံ့ပုတ်ရည်ဖလားကြီးကို သူမ ခေါင်းပေါ်
တည့်တည့် လောင်းချလိုက်၏။

"ဟင်"

"အို"

ဥယျာဉ်စံအိမ်ထဲ လှမ်းအဝင်မှာ အပေါ်ကနေ အရှိန်နဲ့ကျလာ
အရည်တွေက သူမရဲ့ငယ်ထိပ်မှတစ်ဆင့် တစ်ကိုယ်လုံးကို လွှမ်းသွား
သူမ မော့ကြည့်လိုက်လျှင် ထိုအရည်တွေက သူမမျက်
တည့်တည့်ကျကာ မျက်လုံးတွင်းထဲ တန်းဝင်လျှင် –





"အား"

မျက်လုံးစူးစပ်တဲ့အရှိန်နဲ့ သူမ ကိုယ်လုံးလေးပါ ဒယိမ်းဒယိုင်
ဖြစ်လို့သွားသည်။

"ဟင် မသင်း"

ဖာနည်ထက်က ကမန်းကတမ်းပြေးလာသည်။

"ဘာဖြစ်တာလဲ မသင်း"

သူမ ယောင်ယမ်းယမ်းနှင့် အသံလာရာဘက် လက်ကမ်း၏။
ပြောလို့ဆိုလို့လည်း မရအောင် ပါးစပ်ထဲမှာ အရည်ညစ်တွေကလည်း
ဝင်နေတာမို့ သူမ ဘာမှမပြောသာ။

"လာ လာ မသင်း"

ဖာနည်ထက်က သူမကို အပင်တွေရေလောင်းတဲ့ ရေဘုံဘိုင်
ဆီသို့ ဆွဲခေါ်သွား၏။

ဝေဖိန်က စံအိမ်အပေါ်ထပ်ရှိ အပန်းဖြေဆောင်လေးပေါ်ကနေ
ပြုံးပြုံးမြဲ ကြည့်နေလိုက်သည်။

ပီတောက်သင်း။

မင်းကို။

တောက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မသင်း မျက်လုံးမဖွင့်နဲ့ မှိတ်ထား"

ဇာနည်ထက်က ပါးစပ်ကလည်းပြောရင်း ရေမှိုက်နဲ့လည်း ပက် ၏။ သူမခေါင်းပေါ်မှ ပိုက်ရေတွေ တရဟောကျလျှင် သူမကိုယ်ပေါ်မှ ရွှံ့ပုပ်ရေတွေ လျှောဆင်းသွား၏။

"မျက်လုံးထဲမှာ တအားစပ်နေသေးတယ်"

"နေ နေ နေဦး မသင်း။ မျက်လုံးကို မပွတ်နဲ့။ ရေနဲ့စိမ်မှ မယ်။ လက်ခုပ်နဲ့ရေခံပြီး မျက်လုံးကို လက်ခုပ်ရေထဲမှာ ဖွင့်ချည် မှိတ် ချည်လုပ်။ ဒါမှရမယ်။ နောက်ဆို မျက်လုံး ထိခိုက်သွားမယ်"

ဇာနည်ထက်ပြောတဲ့ သူမလက်ခုပ်နဲ့ရေခံပြီး မျက်လုံးလေး တစ်ဖက်ပြီးတစ်ဖက် စိမ်ရ၏။





အကြိမ်ပေါင်းများစွာ စိမ်လိုက်မှ မျက်လုံးထဲက ရွှံ့ရေတွေ လျော့ပါးသွားသည်။

သို့သော်လည်း မျက်လုံးက ကြိမ်းနေသေးသည်။ ပိုက်ရေ အဆက်မပြတ်လောင်းနေလို့ ကိုယ်ပေါ်က ဗွက်ရေတွေ လျော့သွားပေမယ့် ရွှံ့ပုပ်အနံ့မပျောက်သေး။

"ဒီမှာ ဆပ်ပြာနဲ့ခေါင်းလျှော်ရည်"

ဉယျာဉ်စံအိမ်မှ တောက်တိုမယ်ရနိုင်းဖို့ ခေါ်ထားတဲ့ စုစုဆိုတဲ့ ကောင်မလေး အပြေးအလွှားရောက်လာပြီး ဆပ်ပြာနဲ့ ခေါင်းလျှော်ရည် ပေးသလို သူမကိုလည်း ပိုင်းကူလုပ်ကိုင်ပေးလို့ ဇာနည်ထက် အသက် ရှူချောင်သွားသည်။

"နေဦး မမ၊ ဆံပင်တွေက နံနေသေးတယ်။ ခေါင်းလျှော်ရည် ထပ်ထည့်ပြီး ပွတ်ပေးမယ်"

"ကျေးဇူးပဲ ညီမရယ်"

"ရတယ် မမ၊ မမတစ်ကိုယ်လုံးကို ဆပ်ပြာရည်မွှေးနဲ့ ပွတ်ချ လိုက်။ ဒါမှ အနံ့ပျောက်မှာ"

"ဟုတ်တယ် ညီမရဲ့။ မျက်လုံးက စပ်နေသေးတော့ အမြင် ဝါးနေသေးတယ်"

"နောက် သက်သာသွားမှာပါ"

စုစုကပြောဆိုရင်း သူမကိုယ်ပေါ်မှ အနံ့ပျောက်အောင် ဆပ်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ရည်မွှေးတွေ ပွတ်ပေးသလို ဇာနည်ထက်က ရေပိုက်နဲ့ အဆက်မပြတ် လောင်း၏။

"ရပြီ ဇာနည်"

"မျက်လုံး စပ်သေးလား"

"အရင်ကလောက် မစပ်တော့ဘူး"

"မစပ်တော့ရင် ရပြီ၊ နောက်တော့ မျက်စဉ်းဆေးလေးခတ်ဖို့ မမေ့နဲ့"

"စိတ်ချပါ"

"မသင်း ကြွက်စုတ်ဖြစ်နေပြီ"

"ရတယ်၊ ရှင်တို့ဘော့စ်က ဘယ်မှာလဲ"

"ဘာ ဒီစိုစိုရွှဲရွှဲချည်းနဲ့ ဘော့စ်နဲ့တွေ့မလို့"

"နောက် ဇာနည်ပဲ ပြောပြီးတော့"

"ဟုတ်တယ်လေ၊ အဝတ်လေးဘာလေး သွားလဲဦးမှပေါ့ မသင်းရာ။ တော်ကြာ အအေးမိပြီး ဖျားနာနေဦးမယ်"

"ပြန်သွားပြန်လာနဲ့ဆို အချိန်ကြာဦးမယ်လေ"

"မဟုတ်တာပဲ"

ဇာနည်ထက် လက်မခံချင်တော့ပါ။

"ဒါဆိုလည်း ကျွန်တော့်အကျီ င်္ဝတ်မလား"

ဇာနည်ထက်က သူဝတ်ထားတဲ့ ရှပ်အကျီ င်္အနီကွက်လေးကို





ချွတ်ပေးမလို့လုပ်၏။

"အို နေပါစေ"

"အဲဒါဆိုလည်း စုစုအဝတ်နဲ့ လဲလိုက်လေ"

စုစုကပြောဆိုရင်း သူမကို ဆွဲခေါ်သည်။

ဝိတောက်သင်းက ချမ်းလည်းချမ်းနေပြီမို့ ဟန်မဆောင်တော့ပါ။

"ကျေးဇူးပဲ စုစု"

"လာပါ မမ"

စုစုက သူမကို စံအိမ်ဘက်ခေါ်သွားလေသည်။

ဇာနည်ထက်က ရေပိုက်ကိုပိတ်ရင်း တွေးနေမိသည်။ စံအိမ် အပေါ်မှာ ရှုံ့ရှုပ်တွေ ဘာကြောင့်ရှိနေရတာလဲ။

ဘာကြောင့် ဝေါခနဲ ကျလာရတာလဲ။ ထိုမေးခွန်းနောက်မှာ ဇာနည်ထက် မျက်ဝန်းအစုံ စံအိမ်ဘက် ရောက်သွား၏။

"ဟင်"

စံအိမ်ရဲ့အပေါ်ရှိ အပန်းဖြေဆောင်ပေါ်ကနေ မျက်နှာထားနဲ့ ကြည့်နေတဲ့ ဘော့စ်။

မြတ်စွာဘုရား။ ဒါ ဒါ ရိုးရိုးသားသားမဖြစ်နိုင်ပါ။

ဘယ်နည်းနဲ့မှ မတော်တဆဖြစ်သွားတာမျိုး မဟုတ်မှန်း ဇာနည်ထက် သဘောပေါက်သွား၏။ ဒါကြောင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဘယ်လို"

အားမာန် အားမလို အားမရ မေးလိုက်သည်။ ဝိတောက်သင်းက မျက်နှာလေးကို အသာရှောင်လွှဲသလိုပြု၍ နဂါးမောက်သီးဖျော်ရည် ဖန်ခွက်လေးကို အားမာန်ရှေ့ရှိ စားပွဲဝိုင်းပေါ်သို့ ဦးစွာချပေးလိုက်သည်။

အားမာန်က ပို၍ အားမလိုအားမရ ဖြစ်လာပြီး –

"ကျွန်တော်မေးတာ ဖြေဦး မမ"

ဝိတောက်သင်းက အားမာန်နဲ့ ခပ်လှမ်းလှမ်းရှိ ဆိုဖာရှည်ပေါ် မှာ ထိုင်ချပြီး ပြောသည်။

"မမက သူ့ရဲ့ ဥယျာဉ်စံအိမ်မှာ ပြောင်းပြီး တာဝန်ထမ်းရမှာ"

"အဓိပ္ပာယ်မရှိတာဗျာ"





"သူ့အတွက် အဓိပ္ပာယ်ရှိနေမှာပါ"

"ကျွတ် ... ကျွန်တော် လက်မခံနိုင်ဘူး မမ"

လွှဲထားမိတဲ့ မျက်နှာကို ဝိတောက်သင်းက အားမာန်ဘက် ပြန်လှည့်၏။ အားမာန်က လက်မခံနိုင်ဘူးလို့ ယတိပြတ်ပြောရင်း လေသံ ကို ချက်ချင်း လျှော့ပြီး ဆက်ပြော၏။

"ဆောရီး မမ"

"ရပါတယ်"

"ဒါပေမဲ့ ကျွန်တော်က မမရဲ့အလုပ်ကိစ္စထဲ တိုးဝင်ပြီး ပိုင်စိုး ပိုင်နင်း ပြောနေတာမျိုး မဟုတ်ဘူး။ အဲဒီငနဲက မမကို မြင်တာနဲ့ အလုပ်ဖြုတ်ပစ်ဖို့ပြောတယ်။ ဦးအုံ့လွင်တို့က မမကို အားနာလို့ ထုတ် မပြောဘဲနေတယ်။ အဲဒါကို သူ့ဘက်က မကျေမနပ်ဖြစ်ပြီး မမကို သူ့ စံအိမ်မှာ တာဝန်ပေးဖို့ ပြန်ခေါ်တာ နည်းနည်းမှ မရိုးသားဘူး။ ပြီးတော့ အဲဒီအပေါ် သူ့ရဲ့အပြုအမူနဲ့ တန်ပြန်မှုတွေ"

ဝိတောက်သင်း စိတ်လှုပ်ရှားစွာ လက်ကာဟန့်လိုက်မိသည်။ အားမာန် ချက်ချင်းပဲ တောင်းပန်ပြန်သည်။

"ဆောရီး မမ၊ ကျွန်တော်က သူ့အမူအရာတွေနဲ့ သူ့လှုပ်ရှား မှုတွေကို ဘယ်လိုမှ ရိုးရိုးတန်းတန်းလို့ မမြင်လို့ပါ"

"မမ သိပါတယ်"

"သိရင် သူ့စံအိမ်မှာ တာဝန်ပေးတာကို မမ ဘာ[illegible]လို့ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ"

"မမက ဦးအံ့လွင်ကို ပေးမိတဲ့ကတိ မဖျက်ချင်လို့"

"ဘာ ... ကတိ ဟုတ်လား မမ"

"ကျန်းမာရေးကြောင့် သူ ဒီမှာအနားယူဖို့ လာနေတာတဲ့ အဲဒီအတောအတွင်းမှာ သူ့ကျန်းမာရေးကိုငဲ့ပြီး သည်းခံပေးပါတဲ့"

"အဲဒါက သိပ်ပြီး တစ်ဖက်သတ်ဆန်မနေဘူးလား မမရယ်"

"သူ့ကျန်းမာရေးကြောင့်ပါ"

"ကျွန်တော် မထင်ဘူး"

"ဘာ"

"သူ့ကျန်းမာရေးကြောင့်ဆိုတာထက် အငြိုးအတေးထားတဲ့ ခံစားချက်တစ်ခုနဲ့ မမကို တုံ့ပြန်ဖို့ ကြိုးစားနေတာမျိုး"

"ဘယ်လို"

အားမာန်က နှုတ်ခမ်းဖျားလေးကို မသိမသာမဲ့၍ ပိတောက်သင်းကို စိုက်ကြည့်လိုက်၏။

ပိတောက်သင်းကလည်း တအံ့တဩနဲ့ ပြန်ကြည့်လျှင် –

"အကြောင်းတစ်ခုခုကြောင့် မမကို နှိပ်စက်ချင်လို့ သူ့ဘက်က တမင်အကွက်ဆင်တာမျိုး"

"ဘာ ဘာဆိုင်လို့လဲ"

ပိတောက်သင်း မလုံမလဲဖြစ်ကာ ထိုင်နေရာမှ ဝုန်းခနဲ ထမိ၏





"မမ"

အားမာန်ခေါ်ရင်း ထိုင်ရာမှထလျှင် ပိတောက်သင်းက အားမာန်ကို ရင်ဆိုင်ဖို့ သတ္တိမရှိသလိုဖြစ်ကာ ဧည့်ခန်းအပြင်ဘက်ဆီသို့ ခပ်ရှူးရှူးထိုးထွက်ခဲ့မိသည်။

"မမ"

အားမာန်က နောက်ကလိုက်လာသည်။ ပိတောက်သင်းက သာဆောင်ဘက်ကို ထွက်ခဲ့သည်မှာ၊ အားမာန်ကို ရင်မဆိုင်ချင်တဲ့ ဟန်နဲ့။

"အကြောင်းတစ်ခုခုကြောင့် မမကို နှိပ်စက်ချင်လို့ သူ့ဘက်က အကွက်ဆင်တာမျိုး" ဆိုတဲ့ အားမာန်ရဲ့စကားလုံးတွေနောက်မှာ ပိတောက်သင်း ရင်ထဲမှာ မြှုပ်နှံထားတဲ့ အကြောင်းအရာတွေ ဝုန်းခနဲ ကြွသွားသလို ခံစားရပြီး မဟုတ်လား။

"ကျွန်တော် ခုလိုပြောရတာ အကြောင်းမဲ့ မဟုတ်ဘူး မမ"

"ဘာ အကြောင်းမဲ့မဟုတ်ဘူး ဟုတ်လား အားမာန်"

"ဟုတ်တယ်၊ မမနဲ့ ကျွန်တော် စကားပြောနေတဲ့အချိန်မှာ ...နဲ့ တွေ့သွားတယ်။ တွေ့တာနဲ့ သူ့မျက်နှာ အရောင်ပြောင်းလဲသွားတယ် ပြီးတော့ ဦးအံ့လွင်ကို ချက်ချင်းဖုန်းခေါ်ပြီးပြောဆိုတယ်။ သူပြော ...ကြားတာ မမဆီ ဇာနည်ထက်ရောက်လာပြီး သူ့ဆီသွားဖို့ လာခေါ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး သူက မမနဲ့ အားမာန်ကို ဘယ်လိုတွေ့လဲ"

"ဒီမှာကြည့် ကျွန်တော့်ဆိုင်ရဲ့ CCTV ကင်မရာထဲမှာ တွေ့လိုက်ရတာ"

အားမာန်က ပြောဆိုရင်း သူ့လက်ကိုင်ဖုန်းထဲ ကော်ပီကူးထည့်ထားတဲ့ CCTV ကင်မရာထဲက ပုံရိပ်တွေ ဖွင့်ပြ၏။

သူမနဲ့အားမာန် စကားပြောကြတဲ့အခန်းက၊ အထူးသီးသန့်ခန်း၊ ထိုအခန်းက မှန်ချပ်အကြည်ရောင်တွေမို့ အပြင်ကလူက အတွင်းကို မြင်နိုင်သလို အတွင်းကလူက အပြင်ကိုမြင်နိုင်သည်။

ထိုအခန်းရဲ့ ပတ်လည်မှာ သီးသန့်စားသောက်ခန်းတွေရှိသည်။ သူက ဆိုင်ထဲဝင်လာရင်း သီးသန့်ခန်းတစ်ခုမှာ ထိုင်သည်။ ဝိတ်တာ တစ်ခုခုမှာ၏ဝိတ်တာထွက်သွားချိန်ထိ သူဘက်တည်ငြိမ်နေဆဲ။ သို့သော် ဟိုဒီကြည့်ရင်း သူတို့ရှိရာအခန်းဘက် အကြည့်ရောက်လာသည်။

ထိုအကြည့်က သူမဆီမှ ဝဲကျသွားလျှင် ချက်ချင်းပဲ တင်း သွား၏။ တင်းမာသွားတဲ့မျက်နှာဟန်က အငြိုးအတေးကြောင့် တင်း ဟန်မျိုး။ ပြီးတော့ အားမာန်ကိုကြည့်၏။ ထို့နောက် သူ့မျက်နှာဟန် တင်းမာရာမှ မဲ့ကျကာ။

ချက်ချင်းပဲ သူတို့နှစ်ယောက်ဆီကအကြည့်ကို လွှဲပြီး ခေါ် တရှူးရှူးထွက်၏။ ထို့နောက် လက်ကိုင်ဖုန်းထုတ်ကာ ဖုန်းပြော၏။

ဝိတ်တာက သူမှာထားတဲ့စားသောက်စရာတွေလာချပေးချိန်





သောက်ဘဲ ပိုက်ဆံထုတ်ရှင်းပြီး ထွက်သွားသည်။

ထွက်သွားပြီ မကြာပါဘူး။

ဇာနည်ထက် ရောက်ချလာတာလေ။

ဘုရားရေ။

ပိတောက်သင်း မယုံနိုင်အောင်ဖြစ်သွား၏။

ဒါ့ပြင် အဝတ်လဲနေတုန်းက စုစု ပြောသေးသည် မဟုတ်လား။

"ဘော့စ်က ရှုံ့ဖွက်တွေကို စိတ်တိုင်းကျနယ်ပြီး ပုံးထဲထည့် တာလေ။ ဘာလုပ်ဖို့လဲ စုစုမသိဘူး။ ခုတော့ အဲဒီရွှံ့ပုတ်ရည်တွေက ခေါင်းပေါ် ကျအောင်လုပ်ထားသလို ဖြစ်နေတယ်လေ။ အားနာလိုက် မမရယ်တဲ့"

ဒါ ဒါဆိုရင် –

"အဲဒါကြောင့် သူ့ကို ကျွန်တော် မယုံဘူး မမ။ မမကို ကျင့်ချင်လို့ သူ့စံအိမ်မှာ တာဝန်ထမ်းဖို့ ခေါ်ထားမယ့်ပုံစံမျိုး"

ပိတောက်သင်း ခေါင်းယမ်းမိသည်။

"ဟင့်အင်း"

အားမာန်က လက်ကိုင်ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထိုးထည့်

–

"သူ့ဝန်ထမ်းဆက်လုပ်သင့် မလုပ်သင့် မမစဉ်းစားပါဦး။ မမ အလုပ်မျိုးပဲလုပ်ချင်ချင် မမလုပ်ချင်တဲ့အလုပ်မျိုးပေးဖို့ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ရှိနေတယ် မမ။ ဒါကြောင့် စဉ်းစားပေးပါ။ ကျွန်တော် တောင်းဆိုပါတယ်။ ကိုကို့မျက်နှာကို ငဲ့သောအားဖြင့် ကိုကိုပိုင်ဆိုင်ခဲ့ လုပ်ငန်းတွေကို မမ လက်လွှဲယူပေးပါနော် မမ''

''မမ တစ်ယောက်တည်းနေပါရစေ အားမာန်ရယ်''

ဝိတောက်သင်း အသံတွေမငြိမ်သက်တော့ပါ။ ထိုအသံနောက် မှာ အားမာန် ခေါင်းဆတ်၍ –

''မမသဘောပဲ၊ ကျွန်တော့်ကြောင့် မမ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး။ ညကျမှ ကျွန်တော် ဖုန်းဆက်ပါ့မယ်။ ဒါပဲ မမ ကျွန်တော့်ကို ခွင့်ပြုဦး။ သွားပြီ မမ''

အားမာန် အလိုက်သိစွာ ပြောဆိုထွက်သွားလျှင် သင်းသင်း မျက်ဝန်းမှာ မယုံနိုင်အောင် ညှို့မှိုင်းလို့သွားသည်။

ရှင်က အဲလောက်တောင် အငြိုးကြီးနေတာလား။

ပြောပါ မောင်ရယ်။

✿ ✿ ✿



# အတိတ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဝုန်း"

"အား"

သူတစ်ကိုယ်လုံး လျှောတိုက်သလို ချောကျသွားတာက အရှိန်ပါသွက်။

"ကျွတ်"

ကျတဲ့အရှိန်နဲ့ သူ့ကိုယ်က ဖင်ထိုင်ကျကာ၊ တင်ပါးနှစ်ဖက်လုံး [illegible]ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ရေညှိရေတွေနှင့် ခါးအောက်ပိုင်း ရွဲသွားတယ်။

"ဟင် လူလေး ... ဘာဖြစ်၊ ဟာ ... ချော်ကျသွားတာလား"

ဦးလေးခွန်ချိုက ပဲသီးစိုက်ခင်းထဲကနေ လှမ်းမြင်ရဟန်



www.burmeseclassic.com

www.burmeseclassic.com



တူသည်။ ပဲသီးခင်းကို ပိုးသတ်ဆေးဖြန်းနေရာမှ ပိုးသတ်ဆေးဘူးကြီး ချကာ ပြောဆိုရင်း အပြေးကလေးလာနေသည်။

ဝရဖိန်က ချော်ကျတဲ့အတိုင်း ထိုင်နေလျက်နှင့် ဘာကြောင့် ဒီနေရာကို ရေညှိရေတွေ ရောက်လာရတာလဲ။

ဘေးဘီကို စူးစမ်းကြည့်မိလျှင် ခရမ်းသီးအခင်းဘက် ရေမြောင်း ပြုလုပ်ထားတဲ့ ရေပိုက်ခေါင်းပွင့်နေပြီး ရေတွေ ဒလဟောစီးနေတာမြင်ရ သည်။

စီးနေတဲ့ထိုရေနဲ့အတူ ရေညှိတွေပါ အရှိန်နဲ့ ပါကာ မြေသား လမ်းကလေးက ချောကျိုကျိုဖြစ်လျက်။ ထိုအခါ အမှတ်မထင် လျှောက်လာ ခဲ့တဲ့ သူ့ခြေလှမ်းကို ဟန်ချက်ပျက်ပြီး ဘိုင်းခနဲ ကျခြင်းဖြစ်ဟန်တူသည်။

"ထ ထ လူလေး"

ဦးခွန်ချိုက အပြေးကလေးရောက်လာပြီး သူ့ကို ဆွဲထူရှာသည်။

"ဟိုရေပိုက်ခေါင်း ဘယ်သူဖွင့်ထားတာလဲ"

"ဟင်"

ဦးခွန်ချိုလည်း ပွင့်နေတဲ့ရေပိုက်ကိုမြင်ကာမှ အံ့သြသွားသည်။

"ကျွန်တော်ကိုယ်တိုင် သေချာပိတ်ပြီးမှ အပြင်ထွက်သွားတာ ခုတော့"

ဝရဖိန် ပြောဆိုရင်း ရှုန်းထလိုက်တဲ့အခါ ခါးက သိသိသာသာ မျက်ရှသွား၏။





"အား"

"တော်တော်နာသွားလား"

"ကျွတ် နာတာပေါ့ လေးလေးရာ။ ဘယ်သူ လက်သရမ်းသွား သည်းမသိဘူး။ တောက်"

နာကျင်နေတဲ့အရှိန်နဲ့မို့ ဝရဖိန် ဒေါသထွက်ချင်နေသည်။ ဦးခွန်ချိုက ရေပိုက်ကို ကမန်းကတန်း သွားပိတ်ရင်း မျက်နှာပျက်ချင်ချင် ဖြစ်နေသည်။

လွန်ခဲ့တဲ့ တစ်နာရီလောက်က အခင်းထဲကို မိန်းကလေး တစ်စု ရောက်လာသည်။ ရောင်စုံနှင်းဆီပန်း လာဝယ်ကြတာပါ။ နှင်းဆီပန်း ဝယ်ရင်း ခြံထဲက သီးနှံတွေလည်း ဝယ်ပြီး ပြန်သွားကြတာ။

"ဟင်"

ရေပိုက်ပိတ်ရင်း မြက်ပင်ရှည်ကြားထဲကျနေတဲ့ ပိုက်ဆံအိတ် ပိုင်းလေးကို ဦးခွန်ချို မြင်သွား၏။

ဝရဖိန့်ကိုလှည့်ကြည့်တော့ ဝရဖိန်က ခါးပေါ် လက်နဲ့ဖိရင်း သကျွတ်ကျွတ်နဲ့ စုပ်သပ်ပြီး အိမ်ကလေးဆီသွားနေသည်။

ဦးခွန်ချိုက ထိုပိုက်ဆံအိတ်ကလေးကို မြင်တာနဲ့ ဒက်ခနဲ သိသွားသည်။ ထိုမိန်းကလေးအုပ်စုထဲမှ ပိတောက်ခြောက်ရောင် ဆွယ်တာ အကျီဝတ်ထားတဲ့ မိန်းကလေးပိုက်ဆံအိတ်။

ခြံထွက်ပစ္စည်းတွေဝယ်ပြီး ထိုပိုက်ဆံအိတ်ထဲက ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရှင်းပေးခဲ့တာရှော။

မဟုတ်မှလွဲရော ပစ္စည်းတွေ သယ်ပြီး ခြံထဲက ပြန်ထွက်တော့ ခြေလက်တို့ ရေဆေးဟန်တူသည်။

ပြီးတော့ ပိုက်ဆံအိတ်လည်း မေ့၊ ရေပိုက်ခေါင်းပိတ်ဖို့လည်း မေ့ကာ –

ခုတော့ –

"လေးလေးရေ ... မြန်မြန်လာဦးဗျို့။ ဒီမှာ ဒဏ်ကြေးဆေး ပုလင်း ရှာမတွေ့ဘူး ဖြစ်နေတယ်။ လေးလေး ဘယ်နားထားလဲဗျာ"

အိမ်လေးထဲရောက်ပြီး မကြာဘူး ဝရှိန့်ရဲ့အော်သံ ကြားရချိန် ဦးခွန်ချိုက ပိုက်ဆံအိတ်လေးကို ယောင်ယောင်ယမ်းယမ်းနဲ့ ပစ်ချလိုက်သည်။

"အေး အေး ... လာပြီ လူလေး"

ဦးခွန်ချို အိမ်လေးဆီ ကမန်းကတမ်းပြေးရသည်။

"ကျွတ် တော်တော်မျက်သွားတာ လေးလေးရာ။ အဲဒီရေပိုက်ကို ဘယ်သူဖွင့်ထားတာလဲ"

"ဟို အဲ"

"မောင်သန်းတို့ကို မေးစမ်းပါ။ ဒီကောင်တွေ တစ်ခါတစ်ခါ ဒီလိုပဲလုပ်တတ်တယ်။ ဒီမှာ ကျွဲပ် ခံနေရတာဗျ"

"အေး အေးပါ လူလေးရာ။ လေး[illegible]ပါ့မယ်။ နေဦး





ဒဏ်ကြေးဆေးပုလင်း လေးလေး အိပ်ရာနားမှာရှိတယ်။ လေးလေး ယူပေးမယ်"

ဦးခွန်ချို ပျာပျာသလဲပြောရင်း အိပ်ခန်းလေးထဲ တန်းဝင်သွားပြီး လင်ဗီးဒဏ်ကြေးဆေးပုလင်းယူသည်။

"လူလေး လှဲအိပ်လိုက်။ လေးလေးလိမ်းပေးမယ်"

"ရတယ်၊ ကျွန်တော့်ဘာသာ ကျွန်တော် လိမ်းမယ်"

ဝရှိန်ပြောရင်း လေးလေးလက်ထဲက ဆေးပုလင်း ဆွဲယူပြီး အိပ်ခန်းထဲ တန်းဝင်သွားသည်။

ဦးခွန်ချို ဘာမှ ပြန်မပြောတော့ပါ။

အိမ်လေးဆီက ပြန်ခွာရင်း ရေပိုက်နား အပြေးကလေးသွား၏။

လူလေးက သူ့ခြံထဲကို သူစိမ်းတွေဝင်တာ မကြိုက်လှပါ။

ခြံထွက်ပစ္စည်းတွေကို ခြံရှေ့က ကွပ်ပျစ်လေးမှာပဲ ရောင်းနေကျ။ ထိုမိန်းကလေးအုပ်စု ခြံဝင်းထဲ ဒိုးဒိုးဒေါက်ဒေါက် ရောက်လာတာ ဦးခွန်ချိုလည်း မသိလိုက်ပါ။

ရောက်လာပြီဆိုတော့လည်း မပြောသာ။

ဒါကြောင့် ရောင်းချပေးလိုက်ခြင်း။

ခုတော့ ပြဿနာ။

ကျွတ်။

ထိုမိန်းကလေး ငါးယောက်အုပ်စုက ဦးခွန်ချိုနဲ့ စိမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ ငါးယောက်ထဲမှ အရပ်ပုပု၊ ဝဖိုင့်ဖိုင့်နဲ့ သွန်းသွန်းက ရပ်ကွက်ထိပ်က မုန့်ဟင်းခါးသည် ဒေါ်အိရဲ့သမီးဆိုတာတော့ သိသည်။

ဒါကြောင့်

ပိုက်ဆံအိတ်လေးကို ပြန်ပြေးကောက်ကာ ဟိုဝှက် ဒီဝှက်နဲ့ ဗျာများနေရသည်။

တော်ကြာ လူလေးရိပ်မိသွားရင် ပြဿနာက ရပ်ကွက်ထဲ ရောက်သွားနိုင်တယ် မဟုတ်လား။

ထိုသို့တွေးမိတာကြောင့် ပိုက်ဆံအိတ်လေးကို လုံခြုံအောင် ဝှက်ထားဖို့ နေရာရှာရင်း ဦးခွန်ချို ဗျာများနေရသည်။

ကျွတ် မင်းကြောင့် ခက်လှတယ် လူလေးရာ။

✿ ✿ ✿

## အခန်း (၁၅)

"ကကာရေ"

"ရှိပါတယ် အိတုံရဲ့"

"က ဘယ်မှာလဲ"

"ဘုရားခန်းမှာ ဝင်လာခဲ့လေ။ ကကာ ဘုရားစင် သန့်ရှင်းရေး …နေတာ၊ လာ ဝင်ခဲ့"

ကကာ,က ဘုရားစင်လိုက်ကာစအသစ်လေးကို တပ်ဆင်ရင်း …ဆိုလိုက်သည်။ အိတုံက ဘုရားခန်းထဲ တန်းဝင်လာရင်း –

"အံမယ် အိမ်မှုကိစ္စတွေ လုပ်နေတယ်ပေါ့လေ"

"လုပ်ရမှာပေါ့ဟ၊ ဘုရားစင်လေးသပ္ပာယ်နေတော့ ဘုရားရှိခိုး …ခါ စိတ်နှလုံးသား ပိုပြီးကြည်လင်စေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒါလည်း ဟုတ်သားပဲ"

အိတုံက ဗုဒ္ဓရုပ်ပွားတော်ကို ရောင်စုံနှင်းဆီပွင့်တွေနဲ့ ဝေဆာနေအောင် ပူဇော်ထားတဲ့ ဘုရားစင်ကို ကြည်နူးစွာကြည့်ရင်း သဘောကျသွားသည်။

ကက,က ဘုရားသောက်တော်ရေခွက်များ ဆက်ကပ်ပြီးမှ ဘုရားစင်ကိစ္စ အပြီးသတ်လိုက်သည်။

"ရှင်ကော ဘုရားစင် ကိစ္စမလုပ်ဘူးလား"

"အိမ်မှာက မေမေ လုပ်နေကျလေ။ အိတုံ တစ်ခါမှ မလုပ်ဖူးဘူး။ ရှင်ကတော့ အတော် ဝါသနာပါပုံရတယ်နော် ကက"

"အင်း . . . ကက သိတတ်စကတည်းက မာမီနဲ့ ဘုရားစင်ကိစ္စ လုပ်နေကျလေ။ ခုနောက်ပိုင်း မာမီက ကကကိုပဲ လွှဲပေးလိုက်တယ်"

"ဒါဆို ရှင်က ဘုရားခန်းဦးစီးမှူးပေါ့"

"ဟုတ်တယ် ဘုရားခန်းဦးစီးမှူး၊ ကြည့်လိုက်လေ ဘယ်လောက် သပ္ပာယ်သလဲလို့၊ ပြီးတော့ နှင်းဆီပန်းနံ့လေးသင်းအီနေတော့ ဘုရားစင်ရှေ့ထိုင်ပြီး ဘုရားရှိခိုးရတာ စိတ်နှလုံးသား ကြည်နူးချမ်းမြေ့ရတယ်လေ"

"ဟုတ်ပါ့တော်၊ ဘုရားခန်းဦးစီးမှူးကြီးရယ်"

အိတုံက ထောက်ခံမှုအပြည့်နဲ့ပြောရင်း ရယ်မောလိုက်သည်။





ကက,က သူငယ်ချင်းဖြစ်သူကို ပခုံးလေးဖက်၍ –

"လာ . . . ညှော်ခန်းသွားရအောင်"

"အင်း"

နှစ်ယောက်သား ဘုရားခန်းထဲက ထွက်လာကြသည်။ အိတုံက ဘုရားစင်ပေးက ရောင်စုံနှင်းဆီပန်းတွေကို မြင်တာနဲ့ လာရင်းကိစ္စကို သတိရတော့၏။

"ဒါနဲ့ ရှင့်ပိုက်ဆံအိတ်လေ"

"အော . . . အဲဒါပြောတာပေါ့။ အိတ်ထဲမှာ ပိုက်ဆံတွေလည်း အများကြီးရှိတာပဲ"

"အံမယ် . . . ပိုက်ဆံတွေနဲ့မို့ နှမြောနေတယ်ပေါ့လေ"

"နှမြောတာပေါ့။ ပိုက်ဆံတွေထက် ပိုက်ဆံအိတ်လေးကို ပိုပြီး နှမြောရတယ်"

"ဘာဖြစ်လို့"

"ဘွားဘွားကိုယ်တိုင် ရောင်စုံစီလွှန်ချည်တွေနဲ့ ထိုးထားပေးတဲ့ အိတ်ကလေးလေ။ ကကကို ဘွားဘွား နောက်ဆုံးပေးခဲ့တဲ့ လက်ဆောင်ပစ္စည်းလေးဆိုလည်း ဟုတ်တယ်။ အဲဒါကြောင့် ပိုပြီး နှမြောနေတာ"

"တကယ်လို့ အဲဒီပိုက်ဆံအိတ်လေး ပြန်ရရင် ကက ဘာပေးမလဲ"

"အလိုလေ . . . ရှင်လိုချင်တာ ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"တကယ်ပေါ့"

ကက လေးလေးနက်နက်ပြောလိုက်တော့ အိတုံ ပန်းလေးတွေ ကာ သဘောကျစွာ ပြုံးလိုက်သည်။

"အိုကေ . . . အဲဒါဆို ရှင့်ပိုက်ဆံအိတ် ပြန်ရစေရမယ်။ ရှင် မျက်စိမှိတ်ထားလိုက်"

"အလို"

"မှိတ်ထားပါဆို၊ အိတုံ ဟပ်ခလောင်းလုပ်လိုက်ရင် ရှင့်ပိုက်ဆံ အိတ် မိုးပေါ်ကနေ ကျလာသလို ရှင့်လက်ထဲရောက်စေရမယ်"

"ဟွန်း . . . သွား။ အကောင်းမှတ်လို့ နားထောင်နေတာ။ ရှင် တကယ်နောက်တာပဲ အိတုံရယ်"

"နောင်လားမနောက်လား သိချင်ရင် အိတုံပြောတဲ့အတိုင်း လုပ်ကြည့်လေ။ ကဲ ထိုင် ရှင့်မျက်လုံး စုံမှိတ်ထား ကကရဲ့။ ပြီးရင် လက်ဝါးလေးပါ အသင့်ဖြန့်"

အိတုံက ဖွတ်ပြောနေသည်။ ကကကိုလည်း ဆိုဖာထိုင်ခုံပေ ဆွဲထိုင်စေသလို မျက်လုံးလည်း မှိတ်ခိုင်း။ ဒါ့ပြင် လက်နှစ်ဖက်ကိုလည်း ဖြန့်စေသည်။

ကက မယုံပေမယ့် သူငယ်ချင်းကို လိုက်လျောဟန်နှင့် အိတုံ ပြောတဲ့အတိုင်း ပြုမူရလေသည်။





"မဟုတ်ရင်တော့ ရှင်မလွယ်ဘူး အိတုံ"

"အိုဟို မှိတ်မှာသာ မှိတ်ထားစမ်းပါ သူငယ်ချင်းရယ်။ အိတုံ ...လည်း ပြောတဲ့အတိုင်းမဖြစ်ရင် ရေသောက်ပြီး အသက်ရှင်ပြမယ်"

"အဟင့်"

ကက နှုတ်ခမ်းလေး ပွင့်ဟသွားသည်အထိ ရယ်မိ၏။

"ကဲပါ ရှင့်မျက်လုံး ဖွင့်မကြည့်နဲ့နော်"

"ပြီးရော"

ကက ငြိမ်နေလိုက်သည်။ အိတုံက စိတ်ချရတဲ့အနေအထား ...မှ သူမ ပန်းလွယ်အိတ်ထဲက ကကပိုက်ဆံအိတ်လေးကို နှိုက်ထုတ် ...

"ဦ ဦ . . . ကောင်းကင်ပေါ်ကနေ ကက ပိုက်ဆံအိတ်လေး ...လာစေ ဟပ်ချလောင်"

"ဟင်"

အိတုံ ရေရွတ်သံလေးအဆုံးမှာ ဖြန့်ထားတဲ့ ကကလက်ဖဝါး ... ဆီလွန်အိတ်ကလေး ကျလာသည်။

"ဟင်"

ကက ရင်ခုန်သွားကာ မျက်ဝန်းအစုံကို အားရဝမ်းသာ ဖွင့် ...သွားသည်။ ထိုအခါ ကက မျက်လုံးလေး ပျော်ရွှင်မြူးတူး...။

"တ တကယ်"



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံစီလွှန်အိတ်ကလေးကို မြင်ရတော့ ကက လက်ဖဝါး
လေးပါ တုန်ယင်သွားသည်။

ထို့နောက် အိတုံကို တအံ့တသြမော့ကြည့်မိ၏။

အိတုံက မျက်လုံးလေးဝင့်ပြ၍ ပြောသည်။

"ယုံပြီမဟုတ်လား ကကရဲ့"

"ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်"

"ဝမ်းသာတယ်ဆိုရင် အိတုံကို ဘာပေးမှာလဲ"

"ရှင် ဘာလိုချင်လဲ ပြောလေ"

ကက ဝမ်းသာစိတ်လှုပ်ရှားကာ ပိုက်ဆံအိတ်လေးကို ရင်ခွင်
မှာ ပိုက်၍မေး၏။

အိတုံက ဘာတောင်းဆိုရမလဲဆိုတာ စဉ်းစားနေဟန်ဖြင့်
ခေါင်းလေးယမ်း၏။

"ဟင့်အင်း . . . ဘာမှမတောင်းပါဘူး။ ရှင် ဝမ်းသာရင် အိတုံ
လည်း ဝမ်းသာတယ်လေ။ ပြီးတော့ သွန်းသွန်းလည်း ဝမ်းသာမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သွန်းသွန်းနဲ့အိတုံအတွက် အမှတ်တရ ယ
ဆောင် ဝယ်ပေးမယ်"

"မလိုပါဘူး သူငယ်ချင်းရယ်။ အိတုံလည်း ရှင့်ပိုက်ဆံအိတ်
လေး ပြန်ရတော့ အရမ်းဝမ်းသာတာ။ ဝမ်းသာလွန်းလို့ ချက်ချင်း
လာပို့တာ"





"ကျေးဇူးပဲ သူငယ်ချင်းရယ်၊ ဘယ်ကပြန်တွေ့တာလဲဟင်"

"ပန်းဝယ်တဲ့ခြံထဲက ဦးလေးခွန်ချိုက သွန်းသွန်းကို လာပေး
တာ။ သွန်းသွန်းက ဈေးရောင်းနေတာဆိုတော့ မအားဘူးလေ။ ဒါကြောင့်
အိတုံကို လာပေးခိုင်းတာ"

"ဟယ် . . . ဒါ ဒါဆို ပန်းခြံထဲမှာ ကျခဲ့တာပေါ့ ဟုတ်လား"

"ရေပိုက်ခေါင်းနားမှာတဲ့"

"ဟယ်"

ကက ခုမှ သတိရသွားသည်။ နှင်းဆီပန်းစည်းကို ကက
ပွေ့ချင်လို့ ပိုက်ခေါင်းလေးဖွင့်စဉ်မှ ချမိသွားတာလေ။ ဘုရားရေ။

"အဲဒါ ဦးလေးခွန်ချိုက သွန်းသွန်းကို လာပြန်ပေးတာ။ ကျေးဇူး
တင်ချင်ရင် ဦးလေးခွန်ချိုကို ကျေးဇူးတင်ရမှာ"

"ဟုတ်သားပဲ၊ ဦးလေးခွန်ချိုကိုရော သွန်းသွန်းနဲ့ အိတုံကိုရော
ကျေးဇူးတင်ပါတယ်။ နေဦး နောက်အပတ် ကကတို့ အပြင်ထွက်ကြရင်
ဦးလေးခွန်ချိုအတွက် တစ်ခုခု ဝယ်ပေးရအောင်လား"

"ကောင်းသားပဲ ကကရဲ့"

"အိုကေ"

ကက ပိုက်ဆံအိတ်လေးကို တယုတယ ကိုင်ကြည့်ရင်း ဦးလေး
ခွန်ချို့ အိတုံကို အတိုင်းအဆမဲ့ ကျေးဇူးတင်နေမိသည်။ ထို့နောက်မှ...။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘာ ဦးခွန်ချိုဆီ သွားကြဖို့"

"ဟုတ်တယ်လေ"

"အမယ်လေး ပြဿနာမရှာပါနဲ့အေ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ ကကရဲ့"

အိတုံက ဆိုင်တယ်ဟုပြောလျှင် ကကတို့ တအံ့တသြ ဖြစ်ရ
သည်။

"ဘယ်လိုဆိုင်တာလဲ သွန်းသွန်းရဲ့"

အိတုံ ဝင်မေး၏။

"ဟုတ်သားပဲ၊ ပိုက်ဆံအိတ်လေးပြန်ရလို့ ကက,က ဝမ်းသ





ချိုကို လက်ဆောင်ပေးမလို့ဥစ္စာ။ ရှင်က ဘာကိုတွေးပြီး ပြဿနာ
နဲ့လို့ ပြောတာလဲ"

လှိုင်းလှိုင်းကလည်း ဝင်မေးပြန်သည်။

"ရှင်ပဲ ဦးခွန်ချိုလာပေးတဲ့ ပိုက်ဆံအိတ်ကို သွန်းသွန်းနဲ့ ကက
အရောက်ပို့ပေးခဲ့တာ မဟုတ်လား"

သူသူဆင့်လည်း အားကျမခံ မေးကြလေသည်။ ကက,က
ချိုကို လက်ဆောင်ပေးဖို့ ဝယ်လာတဲ့ ပုဆိုးအိတ်လေးကို ပိုက်ထား
သူငယ်ချင်းတွေ မေးတဲ့အတိုင်း မျက်စလေးနဲ့ အသံတိတ် မေးလိုက်
ည်။

ထိုအခါ –

သွန်းသွန်းက မှန့်ဟင်းခါးရောင်းတဲ့ ဆိုင်ရှေ့ခင်းထားတဲ့ စားပွဲ
လေးကို သုတ်သင်ရင်းပြော၏။

"ပြဿနာဆိုတာ ပြဿနာကိုပြောတာ"

"အေးလေ ဘာပြဿနာလဲ"

"ကျွတ်...ရှင်တို့တွေ ထိုင်ဦး၊ သွန်းပြောပြမယ်"

သူငယ်ချင်းအားလုံး မိုးတိုးမတ်တတ် ရပ်လျက်သားဖြစ်နေတာ
န်းက ထိုဥယျာဉ်ခြံဘက် လမ်းဆီ တစ်ချက်ငေ့ကြည့်ရင်း ပြော၏။
ချင်းတွေလည်း သွန်းပြောတဲ့အတိုင်း ထိုင်ခုံပုလေးတွေမှာ ဝင်ထိုင်
ည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဆို"

အိတုံလည်း ခုံလွတ်လေးခွဲယူထိုင်ပြီးပြော၏။

"ပြဿနာဆိုတာက ဦးခွန်ချိုမဟုတ်ဘူး။ ဦးခွန်ချိုရဲ့မှာ ပြဿနာကောင်ရှိတယ်"

"ဘာ"

"ဘာ ဘာ ပြဿနာကောင်"

ကကတို့အသံတွေရှည်သွားသည်။ သွန်းက ခေါင်းလေးညိတ် သူငယ်ချင်းတွေ နားလည်အောင် ဆက်ပြော၏။

"အဲဒီ ပြဿနာကောင်က သူ့ဥယျာဉ်ထဲ ဘယ်သူမှ အဝင် တာ မဟုတ်ဘူး။ ဝင်တာနဲ့ ပြဿနာရှာတာ"

"ဘာဆိုင်လဲ"

"အဲဒါတော့ သွန်းလည်းမသိဘူး။ အဲဒီနေ့က ခြံ သော့ခတ်ဖို့မေ့သွားလို့ သွန်းတို့တစ်တွေ ဥယျာဉ်ထဲ ဝင်သွားလို့ရ"

"ဟွန်း ဘာမှလည်းမဆိုတာ"

"ဟုတ်သားပဲ၊ သူ့ဥယျာဉ်ထဲဝင်တာ အလကားပဲ မဟုတ်ဘူးလေ၊ ပန်းတွေနဲ့ အသီးအနှံတွေ သွားဝယ်တာ"

"ဟုတ်တယ်၊ သူက သူ့ဥယျာဉ်ရှေ့မှာ ကွပ်ပျစ်လေးလုပ် တယ်။ အဲဒီမှာ ဝယ်တဲ့သူကနေရတယ်။ ဦးခွန်ချိုက လာဝယ်သ အဲဒီ ကွပ်ပျစ်လေးပေါ်မှာ ရောင်းရတာ"





"ကကတို့သွားတဲ့နေ့က သူလည်း မမြင်ပါလား"

"ပြဿနာကောင် အပြင်သွားနေလို့ ဖြစ်မယ်။ ရှင်တို့ဝင်လာ တာသိရင် ဦးခွန်ချို အဆူခံရမှာလေ"

"ဟွန်း"

ကက စိတ်ရှုပ်စွာ မျက်နှာလေးတွန့်လိုက်မိသည်။

"ဦးခွန်ချိုကိုတွေ့ဖို့ ဥယျာဉ်ထဲ ဒီတစ်ခါ ရှင်တို့ ဝင်သွားလို့ နဲ့တွေ့ရင် ဦးခွန်ချိုရော၊ ရှင်တို့ကိုရော ပြဿနာရှာလိမ့်မယ်။ သွန်း တာပေါ့ သူ့အကြောင်း"

သွန်းသွန်း ရှင်းပြပေမယ့် ကကတို့ လက်မခံချင်။ အိတုံနဲ့ ိုင်းလိုင်းကဲ့သို့ ကကလည်း ခေါင်းလေးယမ်း၏။

သူသူဆင့်က –

"သူ ရှိမရှိ သူသူတို့ အရင်ချောင်းကြည့်မယ်လေ"

"တော် တန် တိတ်"

သွန်းသွန်းက အသံကျယ်ကြီးနဲ့ဟန့်၏။

ကကတို့သူငယ်ချင်းလေးယောက် မျက်နှာလေးတွေ ရှုပ်တွ သွား။

"ဦးခွန်ချိုကို ကက ပေးချင်တဲ့လက်ဆောင် ထားခဲ့လေ။ ဦးခွ ဆိုင်လာတဲ့အခါ သွန်းပေးပေးမယ်"

သွန်းက ပြဿနာကောင်နဲ့ ထိပ်တိုက်မဆိုင်စေချင်တဲ့ စေတနာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောခြင်းဖြစ်သည်။

သူငယ်ချင်းလေးယောက်က လက်မခံချင်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ ပြီးတော့ ကကာ့ မျက်စလေးနှင့် ဝိုင်းကြည့်လျှင် ကက အကြံသစ်ရသွားဟန်နှင့် -

"ဟို ကက ဘုရားပန်း ဝယ်ချင်သေးတယ်"

"ရတယ်၊ ဦးခွန်ချိုက ကွပ်ပျစ်ကလေးမှာ တင်ရောင်းနေကျ ညနေအထိ ရှင်တို့စောင့်ပြီး ဝယ်၊ မစောင့်ချင်ရင် ပြန်။ သွန်း ဝယ်ပြီး ပို့ပေးမယ်၊ ဟုတ်ပလား"

"ဟွန်း"

ကက သဘောမကျစွာ ခေါင်းလေးယမ်း၏။

အိတုံက မျက်မှောင်ကြုတ်၍ -

"နေပါဦး ကကရယ်။ သွန်းက ပြဿနာမဖြစ်အောင် ပြောနေတာ။ အဲဒီနေ့က ဘယ်သူ့ကိုမှ အားနာစိတ်ရှိတာ မဟုတ်ဘူး။ ဦးခွန်ချိုကိုတောင် ပက်ခနဲ ပက်ခနဲ ပြန်ပြောနေကြ။ ရှင်တို့ကိုဆိုရင် -

"ကဲ ကဲ ရှင့်သဘော၊ ရှင့်သဘောပဲ သွန်းသွန်းရယ် နော်"

ကက စိတ်ညစ်ဟန်လေးနဲ့ ပြောလိုက်တော့ သွန်းက မျက်စောင်းထိုး၏။

"သွန်းက စေတနာနဲ့ပြောတာ၊ ကဲ ရှင်တို့ ဘာနဲ့စားကြမလဲ။ ဒီနေ့ မုန့်ဟင်းခါးက ပိုချိုတယ်။ အကြော်တွေလည်း ရှိနေတာပဲ။ ကက





အကြော်နဲ့ပဲ မဟုတ်လား"

"အင်း"

ကက အင်းလိုက်ရသည်။

"အိတုံနဲ့လှိုင်းလှိုင်းက ကြက်သွန်ကြော်နော်၊ သူသူက"

"ကြက်သွန်ကြော်၊ ပဲကြော်၊ ဘူးသီးကြော် သုံးကြော်စပ်"

သူသူက အမြင်ကတ်ဟန်လေးနှင့်ပြောလျှင် သူငယ်ချင်းသုံးယောက် ရယ်ကြ၏။

သွန်းက မျက်စောင်းတစ်ချက်ထိုး၏။

"သုံးကြော်စပ် မဟုတ်ဘူး၊ ဟောဒီမှာ မုန့်ဆီကြော်ပါ ရှိသေးတယ်။ လေးကြော်စပ်ဖြစ်အောင် ထည့်ပေးလိုက်မယ်"

"သူငယ်ချင်းရဲ့ စေတနာအတိုင်းလေ"

"ဟင့် ဟင့် ဟင့်"

ကကတို့ ရယ်လေ၊ သွန်းက မျက်စောင်းမပြတ်ထိုးရင်း မုန့်ဟင်းခါးပြင်လေ။

ဒီလိုနှင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဦးလေး ဦးခွန်ချို"

ချိုရှင်သောခေါ်သံလေး လွင့်လာလျှင် ဓာတ်မြေဩဇာဝယ်

ထားသည့် ဘောက်ချာစာရွက်ကို စစ်ဆေးနေတဲ့ ဝရမိန့်မျက်ဝန်းကလေ

ငြိမ်သွား၏။

ထို့ပြင် –

ဘောက်ချာစာရွက်ပေါ်မှ မျက်ဝန်းက အသံလာရာဘက်

လှည့်ကြည့်လိုက်သည်။

"ဦးလေးခွန်ချို၊ ကကလေ မှတ်မိတယ်မဟုတ်လား"

သူနဲ့ ခပ်လှမ်းလှမ်းရှိ ဈေးတန်းထောင့်ချိုးက ကုန်စုံဆိုင်

လိုအပ်တာတွေ ဝယ်ခြမ်းနေတဲ့ ဦးခွန်ချို ဈေးဝယ်တာရပ်တန့်ရင်း အ





...ရောက်လာတဲ့ မိန်းကလေးကို ကြည့်ရင်း ခေါင်းညိတ်၏။

"မှတ်မိတာပေါ့ တူမကြီးရယ်၊ ဘာဖြစ်လို့ လက်ဆောင်ပေး

...တာလဲ"

"ကျေးဇူးတင်လို့ပေါ့ ဦးလေးရဲ့"

"ရှူး တိုးတိုး ကြားသွားဦးမယ်"

"ဘာ ကြားသွားမယ်၊ ဘယ်သူလဲ ဦးလေး"

ဝရမိန့် မျက်တောင်စဉ်းချက်ကာ ဘောက်ချာစာရွက်ကို ငုံ့ကြည့်

...လိုက်သည်။ ဦးလေးခွန်ချိုက် သူ့ဘက် လှည့်ကြည့်သည်။

သူ မမြင်ဘူးအထင်နဲ့ ဦးခွန်ချို သက်မချ၏။ ပြီးတော့ မျက်စနှင့်

...ညိုး သူ့ဘက်ကြည့်ရင်း သူမကိုပြ၏။

သူမက သူ့ကို ဘေးတစ်စောင်းမြင်သွားသည်။ ထိုအခါ မျက်နှာ

...တွန့်၍ ပခုံးလေးပင့်ပြီး ပြုံး၏။

သဘောက မလွယ်ပါလား။ ကြီးကျယ်ပါလားဆိုတဲ့ အမြင်မျိုး

ခင်းက သူ့ကို ထိုအမြင်မျိုးနဲ့ ကြည့်ရအောင် ဘာမို့လဲ။

ထိုမေးခွန်းနောက်မှာ သူ့မျက်နှာတင်းမာသလို သူမကို ဆတ်ခနဲ

...ည့်ကြည့်၏။ သူမက ဦးခွန်ချိုနဲ့ တိုးတိုးပြောရင်း ရယ်နေသည်။

"တောက်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟို စာရင်းကွာလို့လား လူလေး"

"အဲ"

သူကိုယ်သူ ဒီတော့မှ သတိထားမိသွားသည်။ ဆိုင်ရှင်အဒေါ်ကြီး ထပ်ဆင့်မေးလျှင် သူမျက်နှာလေး ထားရခက်သွားသည်။

ဆိုင်ရှင်အဒေါ်ကြီးကိုလည်း အားနာသွားတာမို့ –

"ဆောရီး ဒေါ်ဒေါ်"

"သိဘူးလေ၊ ဘောက်ချာစာရွက်ကြည့်နေရင်း တောက်ခေါက် တာဆိုတော့ ဒေါ်ဒေါ်ရေးပေးတဲ့ ဘောက်ချာထဲက စာရင်းတွေ မှားနေ သလားလို့"

"မမှားပါဘူး၊ ကျွန်တော် တောက်ခတ်တာ တခြားပါ"

"သိပါဘူးဟယ်၊ လူလေးက နေရာတကာ ဒေါသကရှေ့ရှေ့ပြီး တောက်တခတ်ခတ်လုပ်တတ်လို့ ဒေါ်ဒေါ်က စိုးရိမ်နေတာ။ ဒေါ်ဒေါ် ဘောက်ချာထဲ စာရင်းမှန်တယ်ဆိုရင် ပြီးရောလေ။ နောက်ထပ် ဘာယူဦး သေးလဲ၊ ရှိရင်ပြောဦး။ တစ်ပါတည်းပါအောင် ဒေါ်ဒေါ်ထည့်ပေးလိုက် မယ်"

"စုံပါပြီ။ ဒီဘောက်ချာအတွက် တစ်ခါတည်း ရှင်းခဲ့မယ် ဒေါ်ဒေါ်"

"ကျေးဇူးပါပဲ လူလေးရယ်"





သူက ပြောလည်း ပြောရင်း ဂျင်းဘောင်းဘီနောက်အိတ်ထဲက ပိုက်ဆံနှိုက်ထုတ်ပြီး တစ်ပါးတည်း ငွေရှင်းပေးလိုက်သည်။

"လိုတာရှိရင် ဦးခွန်ချို ဈေးလာတဲ့အခါ မှာလိုက်ပေါ့ လူလေး"

"ဟုတ်ကဲ့ ... ဒါပဲ ဒေါ်ဒေါ်၊ ကျွန်တော့်ကို ခွင့်ပြုဦး"

"အေးပါကွယ်"

သူက ဘောက်ချာစာရွက်ကို ပိုက်ဆံတွေနဲ့အတူ ဘောင်းဘီ အိတ်ထဲ ပြန်ထိုးထည့်၏။

ထို့နောက် –

ဝယ်ယူထားတဲ့ ဓာတ်မြေဩဇာအိတ်တွေကို ကိုယ်တိုင်မ၍ ရှေ့ရှေ့ရပ်ထားတဲ့ ဆိုက်ကားပေါ်တင်၏။

"လူလေး"

ကုန်စုံဆိုင်က ဝယ်ယူထားတဲ့ ကုန်ခြောက်ပစ္စည်းတွေကို ခြင်း တောင်းနဲ့ သယ်ထွက်လာတဲ့ လေးလေးအသံကို သူ ကြားပါသည်။

သို့သော်လည်း လှည့်မကြည့်တော့ပါ။

ဆိုက်ကားပေါ် ဓာတ်မြေဩဇာအိတ်တွေအားလုံး တင်ပြီးတာ နဲ့ ထိုဆိုက်ကားကို သူကိုယ်တိုင် နင်းထွက်ခဲ့သည်က လေးလေးကို ကြည့်ကြည့်စတာမ်။ အဲဒါဘာဖြစ်လို့လဲဆိုတာ၊ လေးလေး သိသွားလိမ့် မယ်။ ဟုတ်တယ်လေ။ တောက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟား ဟား ဟား"

ရယ်သံတွေက ဟုန်းခနဲ လွင့်လာသည်။

ထိုရယ်သံတွေဟာ သူ့ကို ဦးတည်နေသလို ခံစားရတာကြောင်း ကွမ်းယာဝယ်နေရာမှ လှည့်ကြည့်လိုက်သည်။

သေချာတာပေ့ါ။

ဦးခေါင်းပြီးရယ်နေတာက သူမ။

အင်အားဖြည့်ပြီး ရယ်နေတာက သူမသူငယ်ချင်းလေးယောက်။

ထိုလေးယောက်ထဲက တစ်ယောက်ကိုတော့ သူသိသည်။ ရပ်ကွက်ထဲရှိ မုန့်ဟင်းခါးဆိုင်က မိန်းကလေး အိတုံ။

အိတုံက ဒင်းသူငယ်ချင်းလား။





အိတုံနဲ့ ဒင်း သူငယ်ချင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် သူနဲ့မဆိုင်ပါ။ သူနဲ့ဆိုင်သလိုခံစားနေရတာက ထိုရယ်သံ။

ထိုရယ်သံနောက်မှာ ပါလာတဲ့ သူမတို့ရဲ့အကြည့်တွေ။

"ဟဲ့ တိုးတိုးရယ်စမ်းပါ"

အိတုံတို့ကို သူမ တိုးတိုးရွရွလေး ပြောလိုက်ပေမယ့် သူမ နှုတ်ခမ်းလှုပ်သံက ဘာပြောလိုက်မှန်း သူ သဘောပေါက်သွားသည်။

သူ့ကိုကြည့်ပြီး သူမက ဦးဆောင်ရယ်နေရအောင် သူ့ပုံစံက ရယ်စရာပုံပေါက်နေလို့လား။

ကျွတ်။

ဒီမိန်းကလေး သူ့ကို ဘာထင်နေလို့လဲ။

သူမကြောင့် သူခံလိုက်ရတာ တစ်ပတ်နီးပါး။ ဆေးလိမ်းရုံနဲ့ သိသိသာသာ ကောင်းမလာလို့ ဆရာဝန်ဆီ သွားရသေးသည်။

ဆရာဝန် ဆေးထိုးပြီး သောက်ဆေးသုံးရက်စာပေးလို့ ဆေးသောက်လိုက်မှ ကောင်းသွားတာလေ။

ကောင်းသွားလို့ ဈေးသွားတာ ဈေးထဲမှာ သူမကို တွေ့ရခြင်း။ နောက်တစ်ခါ အရယ်ခံနေရသည်။

ထို့အတွက်ကြောင့် သူ့စိတ်ကဖြစ်တဲ့အတိုင်း တစ်ခုခု ပြောလိုက်ရင် ပြဿနာကတက်ဦးမယ်။

ပြီးတော့ –



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲမှာက သူ့ကို ပြဿနာကောင်လို့ သတ်မှတ်ထားၾ

ပြဿနာရှာရင် ရပ်ကွက်ထဲ သတင်းက ပျံ့မည်။ ပြီးတော့ အတင်း ပြောကြမည်။

နေရင်း ထိုင်ရင်းနဲ့ သူပဲ မျက်မုန်းကျိုးခံနေရမည်။

နေနှင့်ဦး။

ရပ်ကွက်ထဲမှာမဟုတ်ဘဲ တခြားနေရာမှာ ကြုံပလေ့စေ။

အဲဒီတော့မှ ဝရမ်းဖိန့် ဘာကောင်ဆိုတာ သိသွားစေ့မယ်။

ခုတော့။

ပါးစပ်ထဲ ကွမ်းတစ်ယာထည့်ရင်း အံကြိတ်ဝါးရင်း နေမိသည်က သူမ အမှတ်ဖြင့်။

✿ ✿ ✿

## အခန်း (၁၃)

"ဟဲ့ ဟဲ့ ဟိုမှာ ထွက်သွားပြီး တွေ့တယ် မဟုတ်လား။ ရှင် ထို့ ပြောသလို ပြဿနာကောင် မဟုတ်ဘူးဟ"

ကက မြူးမြူးလေး ပြော၏။

ထိုအခါ အိတုံက မျက်စောင်းရင့်ရင့်ထိုးရင်း –

"အံမယ် ရှင်က အဲဒါကို သဘောကျနေတယ်ပေါ့လေ"

"ဖွဟဲ့ လွှဲပါစေ ကျုပ်ပါဘူး"

"အံမယ် . . . မျက်နှာကိုကြည့်ပါလား။ ချိုမြိုးမြိုးနဲ့"

"ဟုတ်ပါ့"

အိတုံပြောလို့ မဆုံးသေးခင် သွန်းသွန်း၊ သူသူဝင့်နဲ့ လိုင်းသိုင်း ထို့ တစ်ပြိုင်နက် ထောက်ခံကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကက,က ခေါင်းလေးခါလျက် –

"ရှင်တို့ကလည်း ပြောရော့မယ်"

"ပြောရော့မယ် မဟုတ်ဘူး။ တကယ်ပြောနေတာ။ အဲဒီငနဲ့က သူ့ခြံထဲ လူမပြောနဲ့ ကြက်တစ်ကောင် ဝင်ရင်တောင် အဲဒီကြက်ပိုင်ရှင်တင်မကဘူး ကြက်မွေးတဲ့သူတွေကိုပါ အော်ကြီးဟစ်ကျယ် ပြောဆိုတာမျိုး"

"ဟွန်း ... သူမကြိုက်တော့ ပြောမှာပေါ့"

"ပြောရုံမက ရန်ရှာတာ။ ဒါကြောင့် ပြဿနာကောင်လို့ပြောတာ"

"ခုလည်း သွန်းတို့ရယ်တာ သူ မရိပ်မိလို့ဖြစ်မယ်"

"သေချာတာပေါ့ ... ရိပ်မိလို့က ရှောင်သွားမယ့်သူ မဟုတ်ဘူး"

"မရှောင်တော့လည်း ဘာဖြစ်လဲ"

"ဟောတော် ... ကက ရှင့်စိတ်မှုမှန်ရဲ့လား"

ရှိုးသိုးသိုးနဲ့ သူသူ့ဆဲ့ကာ ကက ပခုံးတစ်ဖက်ဆီကို ပြုံးတွဲလိုလို ပုတ်ရင်းမေး၏။

ကက ဟက်ခနဲ ရယ်ချလိုက်သည်။

ထိုအခါ –

အိတုံက ဂေါက်ပဲဆိုတဲ့သဘောနဲ့ လက်ကာပြ၏။ သွန်းသွန်းက





မျက်မှောင်ကုတ်ကြည့်သည်။

သူသူဆင့်နဲ့ လိုင်းလိုင်းက မျက်လုံးလေး အပြူးသားဖြစ်ပြီး–

"ကကရယ် ရှင်တကယ်ပဲ မှုမှန်ပါတယ်နော်"

ကက ရယ်မောမပျက်ဘဲ ခေါင်းညိတ်လိုက်သည်။

"ဟဲ့ ဘာဖြစ်လို့ ပြဿနာကောင်ဘက်က ဖြစ်နေရတာလဲ"

"ဘယ်သူက သူ့ဘက်ပါနေလို့လဲ"

"က ပြောပုံက သူ့ဘက်တော်သားလိုလို ဘာလိုလို"

"ဟုတ်ရပါဘူး"

"တကယ်"

"တကယ်ပေါ့"

"ဘကယ်ဆိုပြီးရော၊ ကဲ မှာထားတဲ့ လက်ဖက်ရည်တွေ အေးကုန်ပြီ သောက်လိုက်ပါတော့"

အိတုံက စိတ်မရှည်စွာ ဝင်ပြော၏။

"အေးပါ အိတုံရယ်၊ စိတ်ရှည်ရှည်ထားစမ်းပါ"

"မထားနိုင်ဘူး။ အိတုံတို့က လူလည်းပူတယ်၊ စိတ်လည်းပူတယ်၊ ကဲ ကဲ မြန်မြန်သောက်။ မေမေ တစ်ယောက်တည်း ဆိုင်မှာထားခဲ့တာ။ ဒီအချိန်က ဆိုင်မှာ လူကျချိန်ဟဲ့"

"သိပါတော်"

"တုံတုံ့သဘော"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အိတုံအလိုကျ လက်ဖက်ရည်ခွက်တွေကိုယ်စီကော
ကိုင်ရ၏။

မကိုင်လို့မှ မရဘဲ။

အိတုံက စိတ်ကတိုတို။

ပြီးတော့

ပြဿနာကောင်က အရစ်ကရှည်ရှည်။

"အဲ ဘာဆိုင်လို့တုံး"

ကက တစ်ကိုယ်တည်း ထိုသို့တွေးရင်း ပြုံးမိသွားသည်။

✿ ✿ ✿

## အခန်း (၂၀)

"ကလင် ကလင် ကလင်"

ကက,က စက်ဘီးနင်းနေရင်း ဘဲလ်ကို အဆက်မပြတ် တီးနေ
...သည်။

"ကလင် ကလင် ကလင်"

ကက ဘယ်လောက်ပင် ဘဲလ်တီးတီး သူ လှည့်မကြည့်ပါ။
...,က သူလှည့်မကြည့်လေ ဘဲလ်တီးလေ။

"ကလင် လင်"

သူက ဘဲလ်သံကြားပေမယ့် လှည့်မကြည့်ဘဲ လမ်းဘေးကပ်
...ကပ်၍ သွားနေသည်။

သူ လှည့်ကြည့်အောင် ကက ဘဲလ်တီးနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူ လှည့်မကြည့်တော့ ဘဲလ်ဆက်တီးနေ၍ မရတော့ပါ။ သူ လှည့်ကြည့်အောင် တစ်ခုခုလုပ်ရမည်။

ဟုတ်တယ်။

ဘာလုပ်ရမလဲဆိုတာ ကက ခေါင်းထဲ အကြံသစ်ပေါ်လာသည်။ ပေါ်လာတဲ့အကြံသစ်အတိုင်း စက်ဘီးကို အရှိန်မြှင့်နင်းလာ သူ့ကို ကျော်လိုက်၏။

သူ့ရှေ့ကျော်လွန်တာနဲ့ လမ်းပြင်ရန် စုပုံထားတဲ့ ဂဝံကျောက်ပုံကြီးကို စက်ဘီးနဲ့ တိုက်ရင်း လဲကျအောင် ပြုလိုက်၏။

"ဝုန်း"

"အား"

ကကႋက လဲကျရုံပြုပေမယ့် ကျောက်ပုံနဲ့တိုက်မိတဲ့အရှိန် များကော လွင့်စင်သွားတာက ထင်မှတ်မထားစွာ။

"အား ဟင့် ဟင့်"

ကျောက်ပုံနဲ့ထိတဲ့အရှိန်က ခြေဖျားကို ခွဲလိုက်သလိုဖြစ်ကာ ချက်ချင်း သွေးတွေစီးကျလာသည်။

"ကျွတ်"

ဝရဖိန် မျက်နှာကိုလွှဲပစ်လိုက်သည်။

ဒါ သက်သက် ဖာတ်လမ်းလာရှုပ်တာ။ လူရှင်းနေတဲ့ဒီလမ်းမှာ စက်ဘီးဘဲလ် အဆက်မပြတ်တီးနေတာက ပုံမှန်မဟုတ်မှန်းသိသည်။





ဒါကြောင့် လှည့်မကြည့်ခြင်း။

ခုတော့ သူ့ရှေ့တည့်တည့်က ကျောက်ပုံပေါ် လွင့်ကျသွားတာက စက်ဘီးတခြား လူတခြား။

"ဟင့် ဟင့် ဟင့်"

အရေးထဲ သူမက ငိုနေသေးသည်။

ဝရဖိန် မျက်နှာလွှဲပြီး သူမကို ကျော်သွားလိုက်သည်။

သူမ ငိုရင်း ရှုန်းထလျှင် ပြန်၍ လိမ့်ကျသွား၏။

"အား"

"ဟီး ဟီး ဟီး"

ဝရဖိန့်ခြေလှမ်း အလိုလိုတန့်သွား၏။

ပတ်ဝန်းကျင်မှာ တခြားတစ်ယောက်ယောက်ရှိနေရင် ကောင်းမည်။ ခုတော့ သူမနဲ့ သူ နှစ်ယောက်တည်း။

ဖြစ်တာက ရိုးရိုးသားသား မဟုတ်ဘူး။

တမင်တကာ လုပ်ရင်းဖြစ်သွားတာ။ အဲဒါကြောင့် သူ မကူညီနိုင်။ သို့သော်လည်း သူ့ခြေလှမ်း တန့်သွားသလို မနစ်မြို့စွာ ငဲ့ကြည့်လိုက်သည်။

"ဟာ"

ပြန်ကျတဲ့အရှိန်နဲ့ သူမကိုယ်လေးက ပုံလျက်သား။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒေါသက ထောင်းခနဲထသွားသည်။ ထိုဒေါသနဲ့ သူ့ခြေလှမ်းတွေ သူမရှေ့ ရောက်သွားသည်။

"ဟေး"

သူ ခေါ်ပေမယ့် သူမထံမှ အသံထွက်မလာ။

စောစောကပဲ ငိုနေသေးသည်။ ခုတော့ ငိုသံလည်း ပျောက်ကာ ကျတဲ့အတိုင်း ငြိမ်သက်လျက်။

"မြတ်စွာဘုရား"

တစ်ခုခုဖြစ်တာလား။ မာယာသုံးနေတာလား။

"ဟိတ်"

သူ့လက်တစ်ဖက်ဆန့်ထွက်သွားသလို သူမပခုံးကို လှုပ်ခါလိုက်သည်။

"ဟိတ် ကက ဟင်"

ကြောက်စိတ်လွှန်ပြီး သူမ သတိလစ်နေတာလား။

"ကက"

သူ ဘယ်လိုခေါ်ခေါ် ငြိမ်နေတာက ဟန်ဆောင်နေတာ မဟုတ်မှန်း အကဲခတ်မိသွားလျှင် သူ စိုးရိမ်သွားၿပီ။

ထို့ကြောင့် သူမကိုယ်လေးကို ဆတ်ခနဲပွေ့ချီလိုက်သည်။ တစ်ခုခုဖြစ်သွားရင် ခက်ရချည်ရဲ့ဆိုတဲ့ စိုးရိမ်စိတ်နဲ့။

✿ ✿ ✿



## အခန်း (၂၃)

"လေးလေးရေ လေးလေး"

"ဟေ"

"ဆေးသေတ္တာမြန်မြန်ထုတ်စမ်းပါ"

"ဟင်"

ဦးခွန်ချို အိမ်ကလေးထဲက ပြေးထွက်ကြည့်တော့ လူလေးက ...လေးကို ပွေ့ချီလာသည်။

"မြန်မြန်ယူစမ်းပါ၊ ဒီမှာ သတိလစ်နေတာ"

ဦးခွန်ချို တွေဝေမနေတော့ပါ။ ချက်ချင်းပဲ ဘုရားခန်းထဲ ပြေး... ဘုရားစင်အောက်ဘက်မှာ ချိတ်ထားတဲ့ ဆေးသေတ္တာ ပြေးယူ...သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို အိမ်ယံရှေ့က ကွပ်ပျစ်ပေါ်တင်ပြီး သူမ [illegible]

တလှုပ်လှုပ် မှုတ်ရင်း ခေါ်လိုက်သည်။

"ဟေ့ ကက"

သူခေါ်လည်း ခေါ်ရင်း သောက်ရေအိုးထဲက ရေတစ်ခွက် [illegible]

သူမမျက်နှာကို ဖြန်းခနဲ ပက်လိုက်သည်။

"အား"

သူမ အော်သံလေး လန့်လန့်ဖြန့်ဖြန့် ခုန်ထွက်လာသည်။

"သတိရပြီလား"

"ဟီး"

"အို"

မေးလိုက်ကာမှ ပိုဆိုးနေသည်။ ချက်ချင်း ငိုချလိုက်[illegible]

မသိရင် သူပဲ ရိုက်ပုတ်နေသလို။

"ဟင် လူလေး၊ တူမကြီးက ဘာ ဘာဖြစ်လို့လဲ"

ဦးခွန်ချိုက ဆေးသောက္ကာချရင်း စိုးရိမ်တကြီး မေး၏။ သူ[illegible]

ရှက်တာရော၊ ဝမ်းနည်းတာရော၊ နာကျင်တာပါ ရောထွေးလျက် မျက်[illegible]

ကို လက်နဲ့ပွတ်ပြီး –

"ဟီး . . . သူပေါ့ သူကြောင့်"

"တောက်"

ငိုနေရင်း သူ့ဘက် လက်ညှိုးထိုးပြီးပြောတာက နာရင်းအောင်[illegible]





[illegible]လား? နင်းဆီလား? အချစ်လား . . . ?

[illegible]ရာကောင်းနေသည်။

သူ တောက်ခတ်လိုက်တော့ သူမက အငိုမရပ်ဘဲပြော၏။

"ဟ[illegible]တယ် သူကြောင့်"

"ဘာကွ"

သူ ဒေါသတကြီး မေးလိုက်၏။ သူမက မျက်နှာကို လက်နဲ့

[illegible]ရင်း –

"နောက် မဟုတ်ဘူးလား။ ရှင်လှည့်ကြည့်လိုက်ရင် ဘာမှ

[illegible]ဘူး။ ခုတော့ ခုတော့ ဟီး ဟီး၊ သွေးတွေတအားထွက်နေပြီး

[illegible] ခြေထောက်ကျိုးသွားပြီလား မသိဘူး ဦးလေးရယ်။ ကူပါဦး ဟီး

[illegible]"

"ဟင်"

ဦးခွန်ချို မျက်လုံးပြူးသွားသည်။ သူမလေးရဲ့ ညာဘက် ခြေ

[illegible]စ်ခုလုံး သွေးချင်းချင်းနီနေသည်။

"လူလေး"

သူ ဒေါသထွက်နေသည်။

ဒါပေမဲ့ သူ လက်က မြန်ဆန်စွာ လှုပ်ရှားနေသည်။ ငွမ်းဖတ်

[illegible]ပုံ့ရွဲရွဲစွတ်ပြီး ဒဏ်ရာပေါ် ဖိအုပ်လိုက်၏။

"အား"

သူမ ငယ်သံပါအောင် အော်ရင်း သူ့လက်မောင်းကို အားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖျစ်ဆုပ်လျှင် သူ မနှစ်မြို့စွာ နှုတ်ခမ်းကိုက်မိသွားသည်။

"ဖြည်းဖြည်းလုပ်ပါ လူလေးရာ"

ဦးခွန်ချိုက သူမဘက်က အကြွင်နာပိုပြနေသည်။

"လေးလေး ဘာသိလို့လဲ။ လုပ်တုန်းက အဆင်ခြင်မဲ့

လုပ်ချင်ရာလုပ်တာ။ အဲဒီအတွက် သူ့ဘာသူ ခံ။ မသိရင် ကျွန်

လုပ်လိုက်သလို။ တောက် နာရင်အောင့်ခံ၊ မခံချင်ရင် အဲဒီအ

ထားပစ်လိုက်မယ်"

သူ ပြောရင်း ဆိုးဆိုးဆတ်ဆတ်လုပ်လျှင် သူမ မျက်လုံး

ငိုချင်၏။

"ဟီး"

"ခဏလေးပါ တူမကြီးရယ်၊ ခဏလေး"

လေးလေးက သူမကိုချော့နေသည်။ သူမက ငိုနေသည်

ဘာကိုမှ အရေးမစိုက်ပါ။ သွေးတွေ စင်ကြယ်အောင် သုတ်ပြီး ပြ

ခြေမနဲ့ ခြေဖမိုးတစ်ပိုက်က ဒဏ်ရာ သွေးတိတ်စေဖို့ ဂွမ်း

ပတ်တီးစည်းပေးလိုက်သည်။

"ဟီး ဟီး ဟီး"

"မငိုနဲ့တော့ ပတ်တီးစည်းပြီးပြီကွ"

"ဟီး အရမ်းစပ်နေတယ်"

"စပ်မှာပေါ့ကွ၊ အရက်ပျံထည့်ထားတာကိုး။ ဒီလို





နောက်တစ်ခါ အဆင်ခြင်မဲ့မလုပ်နဲ့"

သူစကားမဆုံးသေး၊ သူမက တရှိုက်ရှိုက်နဲ့ မျက်ရည်တွေ

သုတ်နေသည်။

"လူလေး"

"လေးလေး သူ့သူငယ်ချင်းကို သွားခေါ်ပေးလိုက်၊ လမ်းဘေးမှာ

သူစက်ဘီးရှိနေတယ်။ ကျွန်တော် သွားယူလိုက်မယ်"

"အေး ... အေးပါကွာ"

လေးလေး ပြောမဆုံးခင် သူ လှည့်ထွက်ခဲ့သည်။

တောက်။

ဘယ်ဘဝက ပြဿနာအိုးနဲ့ လာတိုးနေသလဲမသိဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ကကရယ် ... ရှင်လုပ်လိုက်ရင် ခံရတာချည်းပဲ"

"ရှူးတိုးတိုး မာမီ ကြားသွားမယ်"

ကက ပြောလိုက်တော့ လှိုင်းလှိုင်း နှာခေါင်းလေးရှုတ်၏။

"အံမယ် ခုတော့လည်း ကြောက်တတ်နေလိုက်တာ"

"တကယ်ပြောတာ ခုတလော မာမီက ကကကို ဟိုမသွားနဲ့ ဒီမလာနဲ့ဆိုပြီး ချုပ်ချယ်နေတာ။ ကက,က မာမ့်စကား အရေးမထား သလိုနဲ့ ရှင်တို့ဆီသွားသွားနေတာ။ မာမီ သဘောမတွေ့ဘူး။ ခုလိုဖြစ် တာ အမှန်အတိုင်းသိသွားရင် ကကိကို တိုက်ထဲက တစ်ဖဝါးမှ ထွက် ခွင့်ပေးတော့မှာ မဟုတ်ဘူး ... ဟဲ့"

"အဲဒါဆိုလည်း ဘယ်မှမထွက်နဲ့ပေါ့"





"မနေနိုင်ဘဲ"

"ခုတော့ နေနိုင်ပြီးမဟုတ်လား"

လှိုင်းလှိုင်းက ပတ်တီးစည်းထားတဲ့ ကက ခြေဖဝါးလေးကို ...ကြည့်ရင်း မျက်စနဲ့ပြောဖ၏။

ကက ခေါင်းလေးညိတ်၍ –

"ဟုတ်တယ်ဟ။ ခြေဖျားထောက်လို့မရသေးဘူး။ ဒါတောင် ...တာ ချက်ချင်း ဆရာဝန်ခေါ်ပြီး ဆေးထိုးပေးလို့"

"ဘယ်ဆရာဝန်လဲ"

လှိုင်းလှိုင်းက နောက်ချင်စိတ်နဲ့ မေး၏။ ကကမျက်နှာလေး ...ဖြစ်ကာ –

"ဟွန်း ရှင့်နော်"

"ဟဲ့ ဘယ်ဆရာဝန်လဲ မေးတာနဲ့ က ဘာဖြစ်သွားတာလဲ"

"အိုး သိဘူး မမေးနဲ့"

"အလိုလေ၊ စေတနာနဲ့မေးတာကို"

"ဟွန်း ဘာစေတနာလဲ။ မသိရင်ခက်မယ်။ ကကို တမင် ...ချင်လို့ မဟုတ်လား"

"နောက်စရာလား ကရယ်။ ဆရာဝန်ယောက်ျားလေးက"

"တော်ပါတော့"

ကက မျက်နှာလေး မနှစ်မြို့စွာတွန့်၍ လှိုင်းလှိုင်း ...းစပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပိတ်လိုက်သည်။

လှိုင်းလှိုင်းက မလွယ်ပါလားဆိုတဲ့အမြင်နဲ့ မျက်စောင်း
၏။

ကက,က မလုံမလဲဟန်လေးနဲ့ မျက်နှာလေး နီမိုချ၍ –

"ကက,က၊ ရပါတယ်လို့ ပြောတာကို မာမီ လက်မ
အန်တီဆင့်ကို လှမ်းခေါ်တာ။ အန်တီဆင့်ကလည်း မာမီ ခေါ်
ဆေးခန်းကနေ ချက်ချင်း လိုက်လာတာလေ"

"ချွေးမလောင်းလေးကို စိုးရိမ်လို့ပေါ့ဟဲ့"

"ဟွန်း ပြောပြန်ပြီ"

လှိုင်းလှိုင်းက ဟက်ခနဲရယ်မောလိုက်သည်။

"မွေပျော်ပါစေဆိုတဲ့ စေတနာနဲ့နောက်တာပါ ကက
သွန်းသွန်းတို့ပါလာရင် ပိုတောင်နောက်ဦးမှာ"

"အဲဒါကြောင့် ရှင့်တစ်ယောက်တည်းလာခဲ့ဖို့ ပြောတာ"

"ကဲပြော ခုလာပြီ၊ ကက ဘာပြောမလို့လဲ"

"က တစ်ယောက်တည်းဖြစ်နေလို့"

"ဟွန်း ရှင့်မာမီနဲ့ ရှင့်ညီမလေးရှိသားပဲ"

"မာမီနဲ့ညီမလေးက အန်ကယ်ကျော့်ကို ကြိုဖို့ သွား
လေ"

"အဟင့်"





လှိုင်းလှိုင်း ဟက်ခနဲ အရယ်ထွက်သွားသည်။ ကက,က မျက်မှောင်ကြုတ်၍ –

"ဘာလဲ အဟင့်ဆိုတာ"

"ဩော် ... အန်ကယ်ကျော့်ကို သွားကြိုမယ်ဆိုတော့ ကက,က ယောက္ခမထီးဆီကနေ စင်ကာပူပြန်လက်ဆောင်ပစ္စည်းတွေ ရတော့မှာလို့ တွေးမိလို့ပါ"

"ဟွန်း လှိုင်းလှိုင်းနော်၊ ပြောလေ ကဲလေနဲ့"

"မကဲပါဘူး။ အန်ကယ်ကျော့်လက်ဆောင်ပေးရင် လှိုင်းကိုလည်း ဝေစုပေးရမယ်၊ ဒါပဲ"

လှိုင်းလှိုင်း အတည်ပေါက်နဲ့ပြောတာမို့ ကက စိတ်ဆိုးရခက်ချေသည်။

ထိုစဉ် –

"သမီးရေ"

"ရှင် မာမီ"

မာမီက လေဆိပ်ဆင်းရန် အဆင်သင့်ပြင်ဆင်ပြီး သူ့အခန်းထဲဝင်လာလျှင် လှိုင်းလှိုင်း နှုတ်ဆိတ်နေလိုက်သည်။

ဒေါ်ရတီချိုက လှိုင်းလှိုင်းကိုမြင်တော့ ကျေနပ်ဟန်လေးပြောင်း
တာ –

"ဩော် ... လှိုင်းလှိုင်း ရောက်နေပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ"

"အေး ... အန်တီတို့ လေဆိပ်ဆင်းမလို့၊ ကကနားမှာ အဖော်နေပေးပါကွယ်"

"ဟုတ်ကဲ့ အန်တီ"

"သမီးကက အခန်းထဲမှာပဲ ငြိမ်ငြိမ်နေနော်"

"ဟုတ်ကဲ့ မာမီ၊ ညီမလေးကော"

"ကားပေါ်ရောက်နေပြီ ... ဒါပဲနော်။ မာမီ သွားမယ်၊ လှိုင်းလှိုင်းရေ သမီးကို ဂရုစိုက်"

"ဟုတ်"

နှစ်ယောက်သား ခေါင်းလေးညိတ်လျှင် မာမီ ကျေနပ်စွာ ထွက်သွားလေသည်။

မာမီထွက်သွားမှ နှစ်ယောက်သား စိတ်လက်ပေါ့ပါးစွာ သက်မလေးချပြီး ပြုံး၏။

"ဒါနဲ့"

"သူ့အကြောင်းမေးမလို့ မဟုတ်လား"

ကက ဒက်ခနဲမေးလိုက်တော့ စကားစချင်တဲ့ လှိုင်းလှိုင်း မျက်လုံးလေးပြူးပြီး ခေါင်းယမ်း၏။

"ဟင့်အင်း လှိုင်းက အန်ကယ်ကျော်နဲ့ အန်တီဆင့်တို့ရဲ့ သားကြီးဩရသ ကိုအားသစ်ကြီးအကြောင်း မေးမလို့"





"သွား ဘာ ကိုအားသစ်ကြီးလဲ မသိဘူး"

ကက တကယ်ရှက်သွား၏။

ဒါကြောင့် –

ကရဲ့ရှက်မျက်နှာလေးကို ခေါင်းအုံးနဲ့ ဖိကာဝှက်လိုက်လျှင် လှိုင်းလှိုင်းက လက်ခုပ်လေးတီး၍ အားရပါးရ ရယ်မောလေသည်။

"ကျွတ် ရှက်တာကလည်း၊ အရမ်းပဲ"

မသိရင် က,က သူ့ဆီ အချိန်ပြည့်စိတ်ရောက်နေသလိုပဲလို့ ထင်နေဦးမယ်။

တကယ်တော့ သူ့ဆီ စိတ်ရောက်မနေဘူးလား။

ကက ကိုယ် ကက ပြန်မေးမိလျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

ဆောင်းဦးရာသီရဲ့ မနက်ခင်းအသစ်လေးရယ်ပါ။

နှင်းပွင့်မှုန်တို့ ဖွဲဖွဲလွင့်လွင့် ကြွေသော ဒီဆောင်းဦးမနက်ခင်းဟာ ကြည့်ငေးစဖွယ်အလှတို့ ဖြာဝေနေပါသည်။

ထို့ပြင် -

နေခြည်နုရုန့်သင်းသော နှင်းပွင့်ခြယ်အအေးဓာတ်ကို ရှူရှိုက်ရင်း နိုးထလာတဲ့ သူ့စိတ်က တကယ်ကို သစ်လွင်လန်းဆန်းနေလျှင် ဒီ ဆောင်းဦးမနက်ခင်းလေးဟာ သူ့အတွက် ကြည်နူးနှစ်သက်ဖွယ် အရသာနှယ် ထူးထူးခြားခြား ကောင်းနေတော့သည်။

ထို့ကြောင့် -

အိပ်ရာပေါ်ကနေ ကြည့်ရွှင်စွာ သူ နိုးလာသလို ခြံဝင်းထဲ





[...]ပတ်ပတ်လျှောက်ရင်း ဆောင်းဦးမနက်ခင်းအသစ်ကလေးရဲ့ အနှစ်[...]ရကို မြတ်မြတ်နိုးနိုး ခံစားနေမိသည်။

"လူလေးရေ ... မနက်စာ စားလှည့်တော့"

လေးလေးက အိမ်ကလေးဆီမှ လှမ်းခေါ်ရင်း မနက်စာစားဖို့ [...]ဆော်နေသည်။

သူက ရောင်စုံနှင်းဆီပန်းခင်းဘက် ပတ်လျှောက်ခဲ့သည်။

ပန်းခင်းကြီးကို ကြည့်ငေးလျှောက်လှမ်းရင်း သူမြင်လာအာမှာ [...]နှာရိုပ်တစ်ခု ပေါ်လာသည်။

နဖူးပြေပြေ၊ တောက်ပသောမျက်ဝန်းနဲ့ ရွှင်မြူးရိပ်သန်းနေတဲ့ [...]ထောင့်ဆန်ဆန် မျက်နှာလေး။

ဟင့်အင်း။

ထိုမျက်နှာရိပ်လေး ပျောက်သွားအောင် သူ ခေါင်းယမ်းပစ်လိုက်[...]

ဟင့်အင်း မမြင်လိုပါ။ မကြည့်လိုပါ။

နေရင်းထိုင်ရင်း ဓာတ်လမ်းရှာနေတဲ့ မိန်းကလေး။ သူနဂိုစိတ်[...] မိန်းကလေးတွေနဲ့ မပတ်သက်လိုပါ။

အထူးသဖြင့်

မိန်းကလေးတွေကို သူဦးနှောက်ရော သူ့ရင်ဘတ်ကပါ မနှ[...]



www.burmeseclassic.com

www.burmeseclassic.com



သူမလို မျက်နှာရွှင်ရွှင်နဲ့ မိန်းကလေးတွေကို ပိုပြီး နှစ်မြို့ခြင်း မရှိပါ။

ပြီးတော့ –

ယောကျာ်းလေးကို အစပြုပြီး ဖာတ်လမ်းရှာတဲ့ စရိုက်ကို ရွံမုန်းသည်။

သူ့အမေသည်လည်း သူမလို ရွှင်မြူးနဲ့မျက်ရိပ်ပိုင်ရှင်။ ဒါကြောင့် သူမုန်းနေမိသလား။

ဘာကြောင့်မုန်းနေမှန်း သူကိုယ်သူသိ၏။

မေမေဟာ ရိုးသားတဲ့ သူ့ဖေဖေနဲ့ သုံးနှစ်သားလူမမယ်ကလေး သူ့ကို စွန့်ပစ်ပြီး အခြေအနေကြီးတဲ့ ယောကျာ်းတစ်ယောက်နောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။

အဲဒီစိတ်နဲ့ ဖေဖေ့ခမျာ အရူးတစ်ယောက် ဖြစ်ကာ သူ့ ရှစ်နှစ်တင်းတင်းပြည့်သည့်နှစ်မှာ ကွယ်လွန်ခဲ့သည်။

မေမေ့ကြောင့် သူ့ဘဝဟာ မိခင်မဲ့ရုံမက ဖခင်ပါမဲ့ကာ ဘဝ တစ်ခုလုံး မေတ္တာမဲ့ခြင်းဆိုတဲ့ အနာတရ ဖြစ်နေမှုကို နင့်နင့်သီးသီး ခံစားနေရသည်။

ဒါကြောင့်

အပေါင်းအဖော်မဲ့ခြင်းဆိုတဲ့ ခေါင်းစဉ်အောက်၌ သူ့ဘဝ ခြောက်သွေ့ကာ မာရေကျောရေ ဖြစ်နေခဲ့သည်။





မြင်မြင်သမျှ တွေ့တွေ့သမျှက သူ့စိတ်နှလုံးသားကို ပြောင်းလဲသွားအောင် မပြုစားနိုင်ပါ။ သို့သော် ပြဿနာတွေတော့ ဖန်တီးနိုင်ခဲ့သည်။

ဘယ်သူနဲ့မှ သူ အစေးမကပ်လှပါ။

လေးလေးက ပတ်ဝန်းကျင်နဲ့ သင့်မြတ်နေသော်လည်း သူက လေးလေးနဲ့ဆန့်ကျင်စွာ။

ကျောင်းသွားချိန်မှလွဲ၍ ကျန်တဲ့အချိန်အားလုံးမှာ ဒီခြံဝင်းလေး ထဲ၌သာ နှစ်မြှုပ်ခဲ့၏။

အဲဒါကိုမသိဘဲနဲ့ ဒီမိန်းကလေး သူ့ရှေ့တိုးဝင်လာတာ သူ့ အတွက် ပိုပြီး မျက်မုန်းကျိုးစရာ ဖြစ်နေတော့သည်။

"လူလေးရေ မြန်မြန်လာဟေ့ အဆာလွန်နေရင် မကောင်းဘူး ရောဂါဟောင်းက ပြန်ထနေဦးမယ်"

လေးလေးရဲ့ ပွပန်တဲ့အသံကြီး ထပ်ကြားရ၏။ ဒါကြောင့် သူမ နဲ့ သူမဆီရောက်နေတဲ့အတွေးကို ဖယ်ကာ ခေါင်းကို ယမ်းပစ် ပြီး တဲအိမ်လေးဆီ သွက်သွက်ကလေး လျှောက်ခဲ့သည်။

"လာ လူလေး"

လေးလေးက တဲရှေ့ထွက်၍ သူ့ကို ဂရုတစိုက် ခေါ်သည်။ သူ ခေါင်းအသာလေး ဆတ်၍ တဲအိမ်ထဲ လှမ်းဝင်သည်။

"လူလေး မနက်စာစားလိုက်။ နှင်းဆီပန်းအောက်မှာထားတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ လေးလေး ပန်းသွားညှပ်ပေးလိုက်မယ်”

“ဟုတ်”

သူ့ခေါင်းလေး ဆတ်တော့ လေးလေးက ခြံထဲဆင်းသွား
သူက မီးဖိုခန်းထဲဝင်သည်။

ကျွန်းစားပွဲဟောင်းလေးရှေ့က ထိုင်ခုံမှာ ထိုင်ချရင်း စားပွဲပေါ်
က အုပ်ဆောင်းကိုဖယ်လိုက်၏။

စပယ်လင်နဲ့နဲ့ ဆီကျက်ရနံ့ မွှေးသင်းနေတဲ့ မုန့်ဟင်းခါးပန်း
ကန်က အငွေ့တထောင်းထောင်းထလျက်။

သူ မျက်မှောင်ကြုတ်၍ ကြည့်မိသွားသည်။

ဝါဝင်းဝင်းအရောင်မှာ ဆီရိပ်လေးများ ဝေ့နေသော ဟင်းရည်
ပူပူပန်းကန်။ မုန့်ဖတ်ဖြူ။ ကြက်သွန်အကြွပ်ကြော်၊ နံနံရွက် ရနံ့တို့
သင်းနေတဲ့ မုန့်ဟင်းခါးပန်းကန်။

သူ ဘယ်တုန်းကမှ မုန့်ဟင်းခါးမစားတာ လေးလေးသိလျက်
သားနဲ့။

မနက်စာအတွက် မုန့်ဟင်းခါးဝယ်ထားတာ မြင်ရတော့ သူ
စိတ်တိုချင်သည်။

သို့သော်လည်း ဟင်းရည်ရနံ့က သူ့နှာနုကို လာမြူသလို ရှိ
ဗိုက်ကလည်းဆာလှပြီ မဟုတ်လား။

ဒါကြောင့် –





မုန့်ဟင်းခါးပန်းကန်လေးဆွဲယူပြီး ဟင်းရည်တစ်ဇွန်း မြည်း
…ကြည့်၏။

“ဟင်”

ဟင်းခါးရည်ရနံ့မွှေးနေသလို အရသာကလည်း ချို…
…ပျော့အူအပိုင်းဖတ်တွေကလည်း နူးညံ့ကာ။

ကြက်သွန်ဥအလုံးတွေက နူးပျော်ပြီး၊ ချိုအိလျက်။

ကြက်သွန်အကြွပ်ကြော်ကလည်း အတော်ကို ကြွပ်ရွနေသည်။

ဒါ အိတုံတို့မုန့်ဟင်းခါးဆိုင်ကမဟုတ်တာတော့ သေချာသည်။
…လေးက မုန့်ဟင်းခါးအသည်းစွဲ။ နေ့စဉ်နေ့တိုင်း အိတုံတို့ဆိုင်က
…ဝယ်ဝယ်လာပြီး စားနေကျ။

ထို့ကြောင့် –

အိတုံတို့ဆိုင်က မုန့်ဟင်းခါး ဘယ်လိုပုံစံဆိုတာကို သူ အလွတ်
…နေသည်။

ငရုတ်သီးရောင်ရဲပြီး ပဲဝါခြမ်းနဲ့ ပျစ်ပျစ်ချွဲချွဲ ချက်ထားတဲ့
…တုံတို့မုန့်ဟင်းခါးက သူ့ရဲ့စားချင်စိတ်ကို ဘယ်တုန်းကမှ မဆွဲဆောင်
…ခဲ့ပါ။

ခုတော့ –

ဒီမုန့်ဟင်းခါးပန်ကန်က ဆွဲဆောင်နေသလားပဲ။

ဒါကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



ဟင်းရည်ပူတစ်ဇွန်းမြည်းကြည့်ရုံနဲ့ အရသာကို နှစ်သက်တာ မွှေးရနံ့ကိုလည်း ရှိုက်ရှူမိရင်း တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားမိ၏။

ဒီလောက် နူးအိချိုလှတဲ့ ငှက်ပျောပင်အရသာမျိုး သူ တစ်ခါမှ မစားဖူးပါ။

ဘုရားရှူး ... ခုတော့။

ဝါဝင်းဝင်း ဟင်းရည်အရောင်နဲ့ ခပ်ကျဲကျဲ ဟင်းရည်ချိုအရသာ က သူ့လျှာကို စွဲသွားစေပြီ။

✿ ✿ ✿

## အခန်း (၂၆)

"ဘာ"

သူ့အသံကြီး ကျယ်သွားသလို မယုံနိုင်အောင်လည်း အံ့သြ

"ကက ချက်ပို့တာ"

လေးလေးက ပန်းတွေညှပ်နေရာမှ ပုံမှန်အသံဖြင့် လှမ်းပြော၏။

"ဟင် ... ကက ချက်ပို့တာ"

လေးလေးခေါင်းညိတ်၏။

ထိုအခါ သူပါးစပ်အဟောင်းသားဖြစ်ကာ မျက်နှာချည်း ကြ

"ဟုတ်တယ် လူလေး၊ လေးလေးတောင် အိတ်ထဲကို မုန့်ဟင်းခါးကို



www.burmeseclassic.com

www.burmeseclassic.com



မုန်းသွားတယ်။ ကာက ချက်ပို့တဲ့ မော်လမြိုင်မုန့်ဟင်းခါးက အိတုံးဆို ချက်ရောင်းတဲ့ ရန်ကုန်မုန့်ဟင်းခါးနဲ့ ဘာမှ မဆိုင်ဘူး။ တစ်ခါစားရင် တစ်သက်စွဲစေသလားပဲ . . . ဟား ဟား ဟား"

လေးလေး ပြောတဲ့နောက်မှ သဘောကျတဲ့ ရယ်သံထွက်ပြီး ပါလာသည်။ ထိုအခါ မျက်နှာချက်ချင်း ပျက်ကျသွားကာ –

စားထားတဲ့မုန့်ဟင်းခါးတွေကို လက်နှိုက်ပြီး ပြန်ကလော်ထုတ်ချင်စိတ်ဖြစ်၏။

"ကျွတ်"

ဘာကြောင့် ဒီမုန့်ဟင်းခါးကို စားမိသွားတာလဲ။

အဲဒါ ဒင်းလက်ရာတဲ့။

ထွီ။

မနှစ်မြို့စွာ တံတွေးထွေးမိရင်း သူ့စိတ်လှုပ်ရှားနေသလို သူ့ခြေလှမ်းတွေကလည်း ဟိုဒီရွေ့လျားကာ ဦးတည်ရာမဲ့နေသည်။

ကျွတ်။

တကယ်ဆိုရင် အစကတည်းက သူ့ကို လေးလေး ကြိုပြောရကောင်းတယ်။

လေးလေး ကြိုမပြောသလို သူကလည်း ကြိုမမေးခဲ့။

ခုတော့ –

သူ့ဝမ်းထဲရောက်နေတဲ့ သူမလက်ရာ၊ စွဲနေတဲ့ သူ့လျှာ





ပေါ်က အရသာ။ ခုချိန်မှာ သူ့လျှာကို ဖြတ်ပစ်ရမလား။

ဒါမှမဟုတ် –

သူ့ဝမ်းဗိုက်ကိုပဲ ထိုးဖောက်ရမလား။

ကာက

မင်းဟာ စုန်းလား။ ကဝေလား။

ပထမဆုံး လူရုပ်ပြပြီး ပြုစား၏။ ရုပ်နဲ့ပြုလို့မရတော့ မာယာသုံး၏။ မာယာနဲ့ ပြုစားလို့မရတော့ အရသာနဲ့ ပြုစားပြန်တာလေ။

ကျွတ်၊ နေဦး။

ဒီတစ်ခါတွေ့ရင်တော့လား။

သူ့မျက်နှာချည်း တင်းမာသွားသလို သူ့လက်ချောင်းတွေကို တည်း ဆုပ်ထားမိသွား၏။

ထိုနောက်မှာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"လာကွာ ဝရဖိန်"

စိုးဦးက သူ့ကို အတင်းဆွဲခေါ်သွားသည်။

"ကျွတ် ဘယ်လဲ"

"ရောက်တော့ သိရမယ်"

"ဟာ ငါ မသွားချင်ဘူး။ ခြံထဲမှာ လုပ်စရာတွေ အများကြီး ရှိတယ်ကွ"

"ငါသိတယ်၊ မကြာဘူး"

စိုးဦးကို အားနာလို့ ဘာမှန်းမသိပါပဲ သူ လိုက်ခဲ့မိသည်။

"လာ ဝရဖိန်"

စိုးဦး ဆွဲခေါ်တဲ့အတိုင်း စိုးဦးတို့ခြံဝိုင်းလေးထဲ ဝင်လိုက်တော့





လှိုင်းလှိုင်းတို့တစ်တွေကို တွေ့ရ၏။

ထိုအခါ သူ့ခြေလှမ်းတန့်သွား၏။

"ကျွတ်"

"ဘာလဲ ဝရဖိန်ရာ။ ငါ့အိမ်လေ၊ ငါတို့အိမ်မှာ အလှူလုပ်လို့ မင်းကို ခေါ်လာတာ"

"ငါ မဆာသေးဘူး"

"ဆာဆာ,မဆာဆာ လာခဲ့။ သူငယ်ချင်းတွေ အစုံအညီပဲ။ မင်းတစ်ယောက်တည်း ရောက်မလာသေးလို့ ဆွဲခေါ်ခဲ့တာ။ ပြီးတော့ လှိုင်းလှိုင်းကို ငါပိုးနေတာကွ"

စိုးဦးက ခပ်တိုးတိုးလေးကပ်ပြော၏။

လှိုင်းလှိုင်းတို့က သူတို့ သူငယ်ချင်းအဖွဲ့နဲ့ စကားပြောလိုက်၊ ရယ်လိုက် သောက်လိုက်နှင့် ရှင်နေကြသည်။

ထိုအထဲမှာ ဒင်းလည်းပါသေး။

ထိုဝိုင်းထဲ သူ မဝင်လိုပါ။

"ကဲ သွား မင်းဟာမင်း သွားပိုး။ ငါ ဒီကပဲ စောင့်မယ်၊ ငါ့ အတွက် ဘာမှယူမသွားနဲ့"

"မင်းကလည်း"

"တကယ်ပြောတာကွ"

ဝရဖိန် စိတ်ပျက်လက်ပျက်ပြောရင်း စိုးဦးတို့ ခြံထဲက သရက်



www.burmeseclassic.com

www.burmeseclassic.com



ပင်နိုင်အောက်ရှိ ထိုင်ခုံမှာ သွားထိုင်လိုက်သည်။

"အေး ... မင်းထိုင်နေ။ လေးလေးအတွက် ပူတင်းကျော်ကျောနဲ့ ထမနဲ ထည့်ပေးလိုက်မယ်။ ခဏလေး ငါ ခုပြန်လာမယ်"

ဦးစိုး ပြောဆိုပြီး အိမ်ထဲဝင်သွားသည်။

ဖြစ်နိုင်ရင် ဒီနေရာမှ ချက်ချင်းထပြန်ချင်စိတ် ဖြစ်၏၊ စိုးဦးကို အားနာလို့လား။

ထိုစဉ် –

အိမ်လေးထဲမှ စားရင်းသောက်ရင်း ရယ်မောနေတဲ့ အသံတွေ ပိုပြီးကျယ်လာသည်။

"ရှူး တိုးတိုး၊ ဟိုက ကြားသွားဦးမယ်"

သူသူဆင့်ရဲ့အသံ။

"ဟိုကဆိုတာ ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ"

အိတုံက မျက်ရိပ်နဲ့ပြောတော့ ကက မျက်လုံးလေးပင့်၍ မေးချာအောင်မေးသည်။ သွန်းသွန်းက ကက အနားကပ်၍ တိုးတိုးပြောသည်။

"အို ယုံပေါင်"

သူရောက်နေတယ်ဆိုတာ သူမ သိဟန်မတူ။

"မယုံရင်လည်း ပြီးရောပေါ့"





လှိုင်းလှိုင်းက ခပ်မဲ့မဲ့လေးပြောရင်း ထမနဲပန်းကန်လေးပင့်မကာ ထိုက်စွဲယူဖို့ မီးဖိုခန်းထဲ ဝင်သွားသည်။

ထိုအခါ –

သူငယ်ချင်းတွေ ကိုယ်စီမေးထိုး၍ လှိုင်းကို နောက်၏။ စိုးဦးကလည်း မီးဖိုခန်းမှာ မုန့်ပွဲပြင်ပေးနေတဲ့ သူ့အမေဆီ ရောက်နေတယ် ထင်လား။

"သူများကိုတော့ ပြောတယ်၊ သူကျတော့ ဣန္ဒြေကိုမရဘူး"

ကကပြောတော့ အိတုံက မျက်စောင်းနနထိုးပြီး –

"ရှင်က လှိုင်းလှိုင်းထက် ပိုတယ်"

"ဘာပိုတာလဲ"

"ရှင်က သူ့အတွက် လက်စွမ်းတွေပြနေတာလေ"

"ချစ်မိတာကိုး"

"ဟဲ့"

ကကအသံ တိုးတိုးလေးနောက်မှာ သူငယ်ချင်းတွေရဲ့ ဟဲ့ အော်သံကြီး ညံစီသွား၏။ တစ်ဖက်စားပိုင်းမှာထိုင်နေကြတဲ့ စိုးဦး သူငယ်ချင်းတွေက ကကကို မျက်မှောင်ကုတ်ပြီးကြည့်၏။

သွန်းသွန်း၊ အိတုံနဲ့ သူသူဆင့် သူ့ကို လက်ညှိုးထိုးပြလျှင် သူ့ရှက်နှာချည်း ရဲမှည့်သွားသလို ဒေါသကြောင့်လည်း တင်းပြောင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကကာ မျက်လုံးလေးပြူး၍ သူ့ကို အငေးသားကြည့်ဖြစ်လျှင် သူက ဒေါနမောကြီးစွာ ဝုန်းခနဲထပြီး စိုးဦးတို့ခြံထဲက ထွက်ခဲ့သည်။ ဒေါသစိတ်တွေ လှုပ်ရှားကာ။

"တောက်"

သူ ထွက်သွားတဲ့နောက်မှာ ပဲတင်ထပ်ကျန်ရစ်ခဲ့တာက သူ့ရဲ့ တောက်ခေါက်သံ။

ကကာ ပခုံးလေးပင့်ကာ ပြုံးမိသွားသည်။

သူ့တောက်ခေါက်သံက ကကာနားစည်မှာ ချိုမြိန်နေသလားပဲ။

"အဟင့် ဟင့် ဟင့်"

✿ ✿ ✿

## အခန်း (၂၆)

ထိုညက သူ အိပ်မပျော်ပါ။

မွေ့ရာပါးပါးလေးပေါ် လူးလိမ့်ရင်း အိပ်ပျော်အောင် ကြိုးစား သော်လည်း သူ့စိတ်က အိပ်မပျော်နိုင်ဖြစ်နေပါသည်။

ထိုအခါ

သူ့စိတ်တွေ မငြိမ်။ လှုပ်လှုပ်ရှားရှား ဖြစ်၏။ ထို့ကြောင့် အံ ကိုချက်ကြိတ်မိလျှင် ဒေါသတွေ လှိုက်တက်လာသည်။

ထိုဖြစ်စဉ်ရဲ့နောက်ဆက်တွဲက သူ သူငယ်ချင်းတွေ သူ့ကို လှောင်ပြောင်ကြ၏။

"မင်းကို ချစ်မိတာကိုးတဲ့။ ဟုတ်လား ဝရမ်"

ထွန်းသစ် စကားလုံးက သူ့ရင်ဘတ်ကို ဓားနဲ့ထိုးချသလို



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သွားစေသည်။ ဒါတင်မက ဝင်းမိုးတို့တစ်တွေက ဟဟားဟား

အော်ရယ်ကြ၏။

"ဟား ဟား ဟား"

"မင်း ဘာလုပ်ပြလိုက်လဲ ဝရမိန်။ ဟိုဟာလေး ချစ်မိသွား

အောင်"

"တောက် ချစ်ဦးကွာ"

သူ ပေါက်ကွဲကာ ဟားတိုက်ရယ်မောရှ် ပြောဆိုနေကြတဲ့

သူငယ်ချင်းတွေကို ရရာနဲ့ ကောက်ပေါက်ခဲ့မိသည်။

စိုးဦးက ကြားကနေ ဝင်ပြီးတောင်းပန်ရင်း ပြန်ဖြေတာ

သူ အလေးမထားတော့ပါ။

ဝင်းမိုး မျက်နှာကို သုံးလေးချက်ဆင့်ထိုးပြီး လှည့်ပြန်ခဲ့သည်

အထိ သူ ပေါက်ကွဲခဲ့သည်။

ကျုတ်။

ထိုစိတ်က ခုချိန်ထိ ခံခက်နေဆဲ။

အိပ်မပျော်တော့ ပိုဆိုး၏။

ထို့ကြောင့် အိပ်ရာထဲကနေ ဝုန်းခနဲ ထကာ ခြံထဲဆင်းခဲ့သည်

တိတ်ဆိတ်နေတဲ့ည။

လရောင်းလင်းဖြာနေတဲ့ ထိုညသန်းခေါင်ယံမှာ ငြိမ်သက်နေတဲ့

နှင်းဆီပန်းခင်းကြီးကို ငေးကြည့်နေမိသည်။





နှင်းဆီပန်းဖူးနဲ့ ပန်းပွင့်တိုင်းရဲ့နေရာမှာ သူ့မျက်နှာသာ

ရှိနေသည်။

ညနက်နက်၏ လေတိုးသံကလည်း သူ့အသံ။

"ချစ်မိတာကိုး" တဲ့။

"ချစ်ဦးကွာ တောက်"

တချို့နှင်းဆီပန်းတွေ သူ့ဒေါသအောက်မှာ ကြေမွဲပျက်စီးကုန်

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"အို ရှင် ဘယ်လိုလုပ်နေတာလဲ"

ပန်းပွင့်တွေ တီခနဲပြုတ်ကျသွားတဲ့ နောက်မှာ ရုတ်ခြည်း ထွက်လာတဲ့ သူမအသံ။

"ပန်းပွင့်လေးတွေကို မကြင်မနာ ညှပ်ပစ်နေတာ အုံ့ ကောင်းတယ်။ တကယ်"

ပန်းပွင့်တွေကို ကတ်ကြေးနဲ့ ညှပ်ပစ်နေတဲ့ ဝရဖိန် ရုတ်ခြည်း လှည့်ကြည့်မိ၏။

လရောင်စဥ်ဖျန်းပက်ထားတဲ့ အလင်းရောင်အောက်မှာ သွက်ကလေး ပြေးလာရင်း ပြောနေတဲ့သူမ။

ဝရဖိန်မျက်ဝန်းမှာ ရုတ်ခြည်း ငေးမောသွားစေသည်။





တိတ်ဆိတ်သော ဒီညနက်သန်းခေါင်မှာ

လရောင် အလင်းရယ် ...

သူမရယ် ...

သူရယ် ...

သူ့ ကတ်ကြေးကြီးနဲ့ ညှပ်ချလိုက်လို့ မြန့်ကြဲနေတဲ့ ရောင်စုံ နှင်းဆီပွင့်တွေရယ်။

"ကြည့်စမ်း ... ပန်းပွင့်လေးတွေ ဘယ်လောက် နုမြော့ဖို့ ကောင်းနေလဲလို့"

သူမ ပြောပြောဆိုဆို မြန့်ကျဲနေတဲ့ ပန်းပွင့်တွေကို တယုတယ ကောက်ယူရင်း ရင်ခွင်မှာ ပွေ့ပိုက်၏

"ရှင် ဘာဖြစ်လို့ ပန်းပွင့်တွေအပေါ် ဒေါသဖြစ်နေရတာလဲ"

ပန်းပွင့်တွေကို ကောက်ယူရင်း သူ့ကိုမော့ကြည့်ပြီး မေးလာ သည်။

ဝရဖိန် အံတစ်ချက်ကြိတ်ကာ –

"အဲဒါ မင်းကြောင့်"

"ဘာ ကကကြောင့်"

"ဟုတ်တယ်"

"က ဘာလုပ်မိလို့လဲ"

"မင့်စကားလုံးတွေက ငါ့ကို အရှက်ခွဲနေသလိုပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ က စကားလုံးကြောင့် ဟုတ်လား။ ကရဲ ဘယ်စကားလုံး တွေကြောင့်လဲ"

"တောက် မင့်သူငယ်ချင်းတွေနဲ့ ငါ့သူငယ်ချင်းတွေရှေ့မှာ [illegible] ထုတ်ပြောတဲ့စကားလေ"

"ဘာ"

"မင်း မမှတ်မိချင်ဟန်ဆောင်မနေနဲ့"

"ဩော် . . . ချစ်မိတာကိုးလို့ ကပြောတဲ့စကားလား"

သူမ ပြုံးပြုံးလေးနှင့် မော့ကြည့်ရင်းမေးလျှင် သူ့မျက်နှာ ရှုံ့ ရိပ်နဲ့ နွေးဖြာသွားသည်။

"ဟုတ်တယ်ကွ ဟုတ်တယ်၊ တောက်"

သူ ခပ်ကြမ်းကြမ်းပြောရင်း လက်ထဲက ကတ်ကြေးကို ပေါက်လိုက်၏။

ကက,က မျက်ခုံးလေးပင့်ကာ ပြုံးထားဆဲနှင့်။

"ဒါများ ရှင်ရယ်၊ အဲသလောက် ဒေါသဖြစ်နေစရာလား။ အုံ့ ရဲ့ . . . တကယ် ဟင့် ဟင့် ဟင့်"

သူမပြောရင်း သဘောတကျရယ်ပြန်သည်။

ထိုရယ်သံလေးက လရောင်ထဲ နှိုးကာ သူ့ရင်ခွင်ကို လာ ခတ်သလိုဖြစ်၏။

ဝရဖိန် မျက်မှောင်ကြုတ်ကြည့်ရင်း –





"မင်း ဘာရယ်တာလဲ"

"ရှင့်အပြုအမူတွေနဲ့ ရှင့်ဒေါသတွေကို ရယ်ချင်တာ"

"တောက်"

ဝရဖိန် သည်းမခံချင်တော့ပါ။ တောက်ခတ်လိုက်သည်နှင့် တစ် နှုတ်၊ သူမ ပခုံးကိုင်ခေါင့်တွန်းလိုက်၏။

"အား"

မထင်မှတ်ဘဲ အတွန်းခံလိုက်ရတော့ က ကိုယ်နေဟန်လေး ညှိမရတော့ပါ။

ထိုအခါ –

က ကိုယ်လုံးသွယ်သွယ်လေးက ပန်းပွင့်တွေ ဖြတ်တောက်ခံ ရတဲ့ နှင်းဆီရုံးပြတ်ခင်းထဲ ပစ်လက်ခတ်လွင့်ကျသွားလျှင် သူမ၏ ချင်ရူးရှတဲ့အသံလေးဟာ ပတ်ဝန်းကျင်ကို လှုပ်ခါသွားစေသည်။

"အား ကျွတ် ကျွတ်"

နှင်းဆီရိုးတံရှိ ဆူးချွန်တွေက ဘေးတိုက် ခွေကျသွားတဲ့ ကိုယ်ထဲ ဖောက်ဝင်သွားလျှင် သွေးတို့ ရှတ်ခြည်းပန်းထွက်လာ [illegible]

အဖြူရောင် ဂါဝန်ရှည်လေး ဝတ်ဆင်ထားတဲ့ သူမကိုယ်ပေါ် သွေးရောင်တို့ ရဲဖြာလေပြီ။

ဒါပြင် –



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရွေးတို့ အဆိပ်တက်ကာ သူမကိုယ်လေးက ဖြန့်တဲ့

တဲ့ နှင်းဆီပွင့်တွေပေါ် ပုံပုံလေးကျလျက်။

"ဟင်"

သူ့မြင်လွှာမှာ အရောင်တို့ ရဲချေပြီး။

ထိုအခါ။

✿ ✿ ✿

## အခန်း (၂၀)

ထိုညဟာ လရိပ်တို့ ရုတ်ခြည်းကွယ်၏။

ထို့အတူ –

သူ့ရင်မှာလည်း လရိပ်လေး ကွယ်သွားသလို ခံစားရ၏။ ထို

သူ့မြင်လွှာပိတ်လို့မရသလို သူ့စိတ်ကလည်း အိပ်မပျော်။

တဝဲလည်လည် မြင်ယောင်နေတာက သူမပုံရိပ်။

"ဖယ် သွား လာမထူနဲ့။ ဟင့် ဟင့် ဟင့်"

တရှိုက်ရှိုက်ဖြစ်နေတဲ့ သူမရင်ထဲမှ နာကျင်သံ။ စိုးရိမ်စိတ်နဲ့

သူ့မှိုကြိုးစားတဲ့ သူ့ကို တွန်းပစ်ဖြစ်တဲ့ သူမ အမူအရာ။

"ရှင်က နှလုံးသားမရှိတဲ့သူ။ အတ္တကြီးတဲ့သူတဲ့။ ရှင့်စိတ်

တို့ ကက ကြောက်သွားပြီ။ ဖယ် မထူနဲ့ ရှင်နဲ့ကာက ...အောင်



www.burmeseclassic.com

www.burmeseclassic.com



နေပေးမယ် . . . ဟင့် ဟင့် ဟင့်"

ငိုသံတွေ ပြောသံတွေနောက်မှာ သူနဲ့ဝေးသွားအောင် အပြေး

ကလေး ထွက်သွားရှာတဲ့ သူမ။

"ကက"

စိုးရိမ်ကြီးစွာသော သူ့ရဲ့ခေါ်သံ။

ကက လျစ်လျူရှု၍ပြေးထွက်သွားလျှင် သူ့လောကကြီး

တကယ်ကို မှောင်အတိ ဖြစ်သွား၏။

အဲဒါ ဘာကြောင့်လဲ။

သူ့ကိုယ်သူ ပြန်မေးမိလျှင်။

✿ ✿ ✿

## အခန်း (၂၉)

"လေးလေး ပြန်ရောက်ပြီးလား။ ကက,က ဘာတဲ့လဲ"

လေးလေးဝင်လာတာမြင်တာနဲ့ ဝရမ်ဒါ ပက်လက်ကုလားထိုင်

ထိုင်နေရာမှ ဝုန်းခနဲ ထရင်းမေး၏။ လေးလေးက ခေါင်းပေါ်က

အောက်ကို ချွတ်၍ ယပ်ခပ်ရင်း ပြောသည်။

"ကကနဲ့မတွေ့ခဲ့ရဘူး"

"ဘာဖြစ်လို့"

"အင်း . . . ခက်တယ် လူလေးရာ"

"ဘာခက်တာလဲ"

"ကကလေးမာမီက ကကနေမကောင်းလို့တဲ့၊ တွေ့ခွင့်မပေး



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သက်သက်မဲ့ အကြောင်းပြတာ"

"လေးလေးလည်း အဲလိုပဲ ယူဆတယ်"

"အိတုံတို့ကော"

"အိတုံတို့လည်း လေးလေးနဲ့အတူ လှည့်ပြန်ခဲ့ရတာပဲ"

"တောက်"

ဝရဖိန့် မျက်နှာချည်း ထိန်းမရအောင် ပျက်သွားသလို အမူ အရာတွေလည်း ဂနာမငြိမ် ဖြစ်သွားသည်။

"လူလေး"

လေးလေး လှမ်းခေါ်သည်။ အမူအရာပျက်နေတာနဲ့အတူ သူ့ ခြေလှမ်းတွေလည်း ဦးတည်ရာမဲ့သလို ရွေ့သွား၏ ထိုအခါ လေးလေး လှမ်းခေါ်ပေမယ့် သူ လှည့်မကြည့်သလို ထူးလည်းမထူးပါ။ ဂနာမငြိမ် ဖြစ်နေတဲ့စိတ်နဲ့အတူ ခြေလှမ်းတွေက လေဟုန်နဲ့ တကယ်ပါသွားသော သစ်ရွက်လို တလွင့်လွင့် မျောသွား၏။

"ဟော့ လူလေး"

လေးလေး အသံမြှင့်ပြီး လှမ်းခေါ်တာက ဟန့်တားလို့ရ လေးလေး ဘယ်လိုခေါ်ခေါ် သူ အလေးမထားတော့ပါ။

သူ အလေးထားနေမိတာက သူမ အခြေအနေကို သိခွင့်ရနေ ဒါကြောင့် လေးလေးနဲ့အိတုံတို့ကို အားကိုးမနေတော့ပါ။

သူကိုယ်တိုင် ကကတို့ ရပ်ကွက်ဆီ ရဲရဲဝံ့ဝံ့ လှမ်းခဲ့သည်။





ခြံတံခါးမြင့်မြင့်ကြီး ကာရံထားတဲ့ ခြံဝင်းကျယ်ထဲမှာ နှစ်ထပ်တိုက်က အိတ်ဟန်ကြီးစွာ။

ခြံဝင်းတံခါးကနေ သူ ဝင်ခွင့်မရမှာသေချာနေသည်။

ခြံဝင်းတံခါးကနေ ဝင်ခွင့်တောင်းလို့ လေးလေးတို့ လှည့်ပြန်ခဲ့ရ တာ မဟုတ်လား။

ဒါကြောင့် –

အခြေအနေကို သူ အကဲခတ်ကြည့်လိုက်သည်။

ပန်းနုရောင် လိုက်ကာစလေး လှုပ်ခတ်နေတဲ့အပေါ်ထပ်ရဲ့ မျက်နှာစာအခန်းဆီကို သူ ငေးကြည့်မိသွားသည်။

လှုပ်ခတ်နေတဲ့ ပန်းနုရောင်လိုက်ကာစလေးနောက်မှာ သူမ ရိပ်လေးကို တွေ့နေရသည် မဟုတ်လား။

ဒါကြောင့် ဝရဖိန့်နဲ့ တွေဝေမနေတော့ပါ။

ခြံစည်းရိုးပေါ် ကျော်တက်၍ ခြံဝင်းထဲ ဝင်သည်။ ထို့နောက် ဘုန်းမြင်မမြင် စောင့်ကြည့်လိုက်သည်။ အောက်ထပ်မှာ ဘယ်သူ့အရိပ်မှ မမြင်လျှင် တိုက်ထဲပြေးဝင်၍ အပေါ်ထပ် လှေကားဆီ အပြေးကလေး တက်ကာ –

အပေါ်ထပ် မျက်နှာစာခန်းဆီ ခပ်ရဲရဲပဲတက်ခဲ့သည်။ ထိုအခါ အများရှိန်ရှိနေသေးတဲ့ သူမမျက်နှာလေး ဖျော့ရနေမြင်ရလျှင် သူ့ရင်မှာ ခြ ထိရှသွား၏။



www.burmeseclassic.com

"က"

သူခေါ်လိုက်လျှင် သူမလေး ငဲ့ကြည့်၏။ မထင်မှတ်ဘဲ သူ့ကို မြင်လျှင် ကက ရုတ်ခြည်းဆွံ့အသွားသလို ဖြစ်သွား၏။

"ကက"

ကကအနား သူ ရုတ်ခြည်းရောက်လာသည်။ ကက ကြောက်လန့်စိတ်နဲ့ ကိုယ်နေဟန်လေး မထိန်းနိုင်ဖြစ်ကာ ဒရင်းဘတ်ပေါ် ကမန်းကတန်း ထိုင်ချလိုက်သည်။

"ရှင်"

"က"

"မခေါ်နဲ့"

"ဆောရီး ကိုယ်တောင်းပန်တယ်"

"ဟင့်အင်း"

ကက ခေါင်းလေးခါလျှင် လှုပ်ကက်လာတဲ့ ဝမ်းနည်းခြင်းတွေ နောက်မှာ မျက်ရည်ပူတွေ ဝေါခနဲ ပြိုကျကုန်သည်။

"ကရုဏ်"

ကကမျက်ရည်တွေက သူ့နှလုံးသားကို မခိုင်တည်နိုင်တော့ပါ။ ကြောက်တာတွေ၊ စိုးရိမ်တာတွေသာမက သူ့အပေါ် နာကျင်နေသလို ခံစားနေရတဲ့ သူမလေးကို သူ့ရင်မှာ ပွေ့လိုက်မိ၏။

"ဟင့် ဟင့် ဟင့်"





"ဆောရီးဟာ ဆောရီး။ ကိုယ် တကယ်တောင်းပန်တယ်။ ကိုယ် မရည်ရွယ်ခဲ့ဘူး။ ကရုဏ်၊ ကိုယ် တကယ် မရည်ရွယ်ခဲ့ဘူး။ အဲဒီအတွက် ကိုယ့်ကို ကြိုက်တဲ့အပြစ်ပေးစမ်းပါ၊ ကြိုက်သလိုလုပ်ပါ၊ ကရုဏ်၊ နော် ကက။ မောင့်ကို ကက ကြိုက်တဲ့အပြစ်ပေးပါ၊ မောင် ကျေကျေနပ်နပ် ခံယူပါ့မယ်"

"ဟင့် ဟင့် ဟင့် ... ဖယ် သွား သွားတော့"

ကက,က မျက်ရည်တွေကြားမှ သူ့ကိုတွန်းဖယ်ရင်း ပွေ့ပိုက်ထားမိတဲ့ သူ့ရင်ခွင်ထဲမှ ရှောင်ထွက်ဖို့ ကြိုးစား၏။

"က"

"ဟင့်အင်း ... ရှင်ပြန်တော့ ဟင့် ဟင့် ဟင့်။ ပြန်ပါတော့"

"ကကကို မောင်ချစ်တယ်လေ"

"ဟင့်အင်း မချစ်နဲ့"

"အချစ်က တားလို့မရဘူး ကက။ ကကကို မောင်ချစ်တယ်"

"ဟင်း ဟင်း ဟင်း ... ချစ်ရင် သွား သွားတော့"

"ဟင် တ တကယ်လား ကက"

"သွားလေ သွားတော့၊ ဒယ်ဒီနဲ့မာမီရှိနေတယ်။ တော်ကြာ အပေါ်တက်လာလို့ မြင်သွားရင် ပြဿနာတက်နေဦးမယ်"

"က မောင့်ကိုချစ်တယ် မဟုတ်လား"

မျက်ရည်များကြားမှ က မျက်နှာလေး ရဲခနဲဖြစ်သွား၏။

www.burmeseclassic.com



တည့်တည့်စိုက်ကြည့်ရင်း မေးနေတဲ့ သူ့မျက်ဝန်းနဲ့လည်း ကကာ ရင်ဆိုင်မခံ။ ရှောင်လွှဲရင်း မျက်ရည်တွေကို လက်ဖမိုးနဲ့ သုတ်၏။

"ပြောလေ ကကာ၊ မောင့်ကိုချစ်တယ် မဟုတ်လား"

ကကာ နှုတ်ခမ်းကိုက်ကာ မျက်စောင်းလှလှထိုး၏။ သူက ကကာ မေးဖျားလေးကို မြတ်နိုးစွာ ဆွဲယူ၍ –

"ကကာ ပြောလေ"

သူ မရအရမေးနေမိသည်။ ကကာ ခေါင်းလေးပိုပြီးငုံ့ကျသွား၏။ သူ မေးတာကို ကကာ မဖြေရဲ။ သူကလည်း ထပ်တလဲလဲ မေး၏။

ထိုစဉ် –

"သမီးရေ သမီး ... ဒီမှာ အန်တီဆင့် လာတယ်ဟေ့။ သမီး အန်ကယ်ကျော်လည်း ပါတယ်"

"ဟင်"

မာမီ့အသံ အပေါ်ထပ်သို့ လွင့်လာ၏။ ထိုအခါ ကကာ မျက်နှာလေး ရုတ်ခြည်းဖျော့ကျသွားသည်က စိုးရိမ်ကြီးစွာ။

သူလည်း ထိတ်ခနဲဖြစ်ကာ။

"သွားတော့လေ သွားတော့"

သူ့ကို အတင်းတွန်းပစ်လျှင် ဝရုဖိန် နေခွင့်မသာတော့ပါ။ ချစ်ရိပ်နဲ့ ပန်းနုရောင်သန်းနေတဲ့ ကကာ နှုတ်ခမ်းလေးကိုငေးကြည့်ရင်း သူ ကျောခိုင်းခဲ့ရသည်။





ထိုအခါ –

သူ့ရင်ထဲမှာ ဘယ်လိုမှ မသာယာလှပါ။

သူမက ဣန္ဒြေမပျက်အောင် ထိန်းရင်း ခရင်းဘတ်ပေါ် ကိုယ်လုံးလေးလှဲချလိုက်သည်။

သူက ဝရန်တာဘက်ထွက်ရင်း ကျွန်းတံခါးရွက်နဲ့ကွယ်ကာ နေ့တာလက်ရန်းကိုအားပြု၍ တိုက်အောက်ရောက်အောင် ခုန်ချလျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"အံမယ် ... မျက်နှာကိုလာကြည့်ပါလား"

"ဘာလဲဟ"

ကက ဆိုဖာပေါ်ထိုင်ချရင်း မေးလျှင် လှိုင်းလှိုင်းက မျက်[illegible]
ချိုချိုလေးနဲ့ ကမျက်နှာကို ကြည့်ရင်း ပြောသည်။

"အချစ်ကြောင့် ပိုလှနေတာလေ"

"အိုး လှိုင်းလှိုင်းကလည်း မဟုတ်ကဟုတ်က"

"အိုးဟိုး မဟုတ်ကဟုတ်က မဟုတ်ဘူး။ ဟုတ်က ဟုတ်[illegible]
ပြောတာ။ ဟုတ်တယ်နော် သူသူ"

"အသေအချာပေါ့"

"ဟား ဟား ဟား"

လှိုင်းလှိုင်းက ပြောရင်း သူသူ့ဆင့်ကို စစ်ကူတောင်း[illegible] သူ[illegible]





[illegible] ပြောလျှင် ကျန်သူငယ်ချင်းများ ကကကိုကြည့်ရင်း ရယ်မောကြ၏။

ထိုအခါ -

ကက မလုံမလဲဖြစ်ကာ ရှက်မျက်စောင်း တဒိုင်းဒိုင်းထိုး၏။

"အံမယ် ... ခုမှ မျက်စောင်းထိုးမနေနဲ့"

"ထိုးမှာပေါ့၊ ရှင်တို့ ပြောနေတာတွေက"

"ဟုတ်နေတယ်လေ"

အိတုံ တိခနဲ့ပြောတော့ ကက နှုတ်ခမ်းဆူရင်း အိတုံကို တွန်း[illegible]
[illegible]သည်က ချစ်တဲ့စိတ် မလုံ့စွာ။

"ကကရယ် သွန်းသွန်းတို့က ကကရဲ့ သူငယ်ချင်းအရင်းချည်း
[illegible]ပါတယ်။ ခုမှ ရှက်မနေနဲ့။ သွန်းသွန်းတို့က ကက ဘက်က ကက
[illegible] ချစ်နေတာကြာလှပြီလေ။ ဘာလို့ ဖုံးကွယ်ဖို့ ကြိုးစားနေရတာလဲ"

"ဟုတ်ပါ့"

သွန်းသွန်းနဲ့အတူ လှိုင်းလှိုင်းကလည်း အလေးအနက် ထောက်
[illegible] သို့သော်လည်း ကက ရင်ထဲမှာ ရှက်နေသေးတာကြောင့် -

"ရှင်တို့ ပန်းတွေယူခဲ့တယ် မဟုတ်လား"

"ဟွန်း"

"ဘယ်မှာလဲ"

"ဧည့်ခန်းမှာ စားပွဲပေါ်တင်ထားတယ်လေ"

"အဲဒါဆို နေဦး။ ရှင်တို့ယူလာတဲ့ပန်းတွေ ဘုရားကပ်လိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ကကာ ပြောပြောဆိုဆို သူငယ်ချင်းတွေရှေ့က ရှောင်ထွက်ခဲ့၏။

''ဟဲ့ နေဦး''

သူငယ်ချင်းတွေ ဟန့်တားပေမယ့် ကကာ ခြေလှမ်းတန့်မသွား။

''ပန်းတွေနဲ့ပတ်သက်ပြီး ပြောစရာရှိသေးတယ်''

သွန်းသွန်းတို့ပြောရင်း ကကာ နောက်ကလိုက်လာသည်။ ကကာ ခေါင်းလေးခါရင်း အောက်ထပ်သို့ အပြေးကလေး ဆင်းကာ ညှော်ခန်းကျယ်ရဲ့ စားပွဲဝိုင်းပေါ်ရှိနေတဲ့ ပန်းခြင်းကြီးကို ပြေးပွေ့လိုက်၏။

ကြိမ်နဲ့ပြုလုပ်ထားတဲ့ ခြင်းထဲမှာ ရောင်စုံနှင်းဆီပွင့်တွေ ဝေဝေဆာဆာ။ ပန်းတွေမြင်ရတော့ ကကာ နှလုံးသားက ပိုလန်း၏။

ဒါ့ပြင် ကကာရင်ခွင်မှာ ချစ်စိတ်တွေလည်း ပိုပြီး နူးညံ့သွားသလားပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပန်းခြင်းကြီးက မောင်ပေးလိုက်တဲ့ ပန်းခြင်းလေ။ ပြီးတော့ မောင် တယုတယ စိုက်ထားတဲ့ ပန်းခင်းထဲက အလှဆုံးနဲ့ အကြွဆုံးပန်းလေးတွေ မဟုတ်လား။

ဒါကြောင့် ပန်းခြင်းကြီးကိုပွေ့ပြီး ဘုရားခန်းထဲ တန်းဝင်ခဲ့သည်။ ပန်းတွေကို ဘုရားမှာကပ်နေသည်မှာ၊ မောင့်နှလုံးသားဆီသို့ ကကာ အချစ်တွေ ဆက်ကပ်နေသည့်နှယ်။

✿ ✿ ✿



## အခန်း (၁၁)

''ဟင် ကိုအားသစ်''

စက်ဘီးလေးစီးပြီး ခြံဝင်းထဲက အထွက်မှာ ကိုအားသစ်ကားနဲ့ ကကာ ထိပ်တိုက်ဆုံ၏။

ထိုအခါ ကားမောင်းသူနေရာမှ ကိုအားသစ်က ခေါင်းလေးအပြင်ထုတ်ပြီးမေး၏။

''ကကာ ဘယ်သွားဖို့လဲ''

''ဟို စက်ဘီးလျှောက်စီးမလို့''

''နေကောင်းပြီလား''

''ဟုတ်''

ကကာ ကမန်းကတန်း ခေါင်းညိတ်လိုက်ရသည်။ အားသစ်က



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ဟန်ဖြင့် –

"အန်တီပြောတော့ သက်သာရုံပဲ ရှိသေးတယ်တဲ့"

"ဟွန်း ... အဲဒီမာမီကလေ အလကားသက်သက် ကိုအားသစ်ကို စိတ်ပူအောင်ပြောတာဖြစ်မယ်"

"အဟင့် ကိုယ့်မာမီလည်း ပြောတယ်။ ကက အနားယူဖို့လိုတယ်တဲ့။ ဒါကြောင့် ကိုယ်လာခဲ့တာ။ ပြီးတော့ ကကနဲ့လည်း ပြောစရာရှိတယ်"

ကက မျက်နှာလေးပျက်မသွားအောင် အတော်ထိန်းလိုက်ရသည်။

"လာ ကကလေး၊ တိုက်ထဲဝင်ရအောင်"

"အဲ"

ကက နှလုံးသားလေး တကယ် ညှိုးလျှသွား၏။ ကိုအားသစ်က ပြောဆိုပြီးတာနဲ့ ကားလေးကို ခြံထဲ မောင်းဝင်သွား၏။

ကက နှလုံးသားက ဖွတ်ထွက်သွားချင်သည်။

သို့သော်လည်း ကက ဦးနှောက်က ထွက်သွားဖို့ ခွန်အားမရှိပါ။

ဒါကြောင့် စက်ဘီးလေးတွန်းပြီး ခြံထဲဝင်ခဲ့ရတဲ့အဖြစ်။ ဒါကတော့ မောင်သိမှာမဟုတ်ဘူးကွယ်။

✿ ✿ ✿



## အခန်း (၃၂)

"ကျွတ်"

မြင်လွှာကို မှိတ်ချမိသလို ဝရမိန့်မျက်နှာကိုလည်း အလိုမကျစွာ ...ယ်လိုက်မိသည်။ သို့သော်လည်း –

ထိုမြင်ကွင်းက သူ့မြင်လွှာမှာ၊ ထင်နေဆဲ။

သူ့ရှေ့ကပန်းပွင့်ပေါ်မှာလည်း ထိုမြင်ကွင်း။

ကကအတွက် သီးသန့်စိုက်ထားတဲ့ ရောင်စုံနှင်းဆီပန်းခင်း ...သစ်ကလေးမှာလည်း ထိုမြင်ကွင်း။

ကျွတ်။ ထိုမြင်ကွင်းချည်း တဝဲလည်လည်မြင်လေ သူ့နှလုံး ...လေး အလိုမကျဖြစ်လေ။

"ဝရမိန်ရာ မင်းစိတ်ထဲ အဲဒီလောက်ချည်း အလုံးအနက်



www.burmeseclassic.com

www.burmeseclassic.com



မထားနဲ့ကွ”

စိုးဦးက သူနဲ့ကကာဖြစ်စဉ်ကို ဘယ်လိုမြင်သည်မသိပါ။ ထို

ပြောလျှင် စိုးဦးကို သူ စိုက်ကြည့်လိုက်ပြီး –

“မင်းဆိုလိုတာက”

သူ စကားမဆုံးခင် စိုးဦးက သူ့ပခုံးကိုဖက်၍ အတူတူ

လျှောက်ထွက်စေသည်။ ထို့နောက် နှစ်ယောက်အတူတူ အတန်

ယှဉ်လျှောက်ပြီးမှ ပြော၏။

“ကက,က တော်ဝင်စံအိမ်က သမီးဦးဆိုပေမယ့် အဲဒီစံအိမ်

အရုပ်မလေးအဆင့်လောက်ပဲ ရှိတာကွ”

“ဘယ်လို”

“မင်းနားလည်အောင်ပြောရရင် ကက,က တော်ဝင်စံအိမ်

ဦးဝသန်မိုးနဲ့ ဒေါ်ရတီချိုတို့ ထားရာနေ စေရာသွား၊ ခိုင်းရာလုပ်

အဆင့်ထဲမှာပဲရှိတယ်။ ပိုပြီးရှင်းအောင်ပြောရရင် ကိုအားသစ်တို့မိသား

စက်ရုပ်ဆိုရင် ပိုမှန်မယ်”

“ကျွတ် ဘာဆိုင်လဲ”

“ဆိုင်,မဆိုင်တော့မသိဘူး။ ကကတင်မကဘူး၊ ကက

နှစ်ပါးလည်း ကိုအားသစ်တို့မိသားစုကို လွန်ဆန်ဖို့ စိတ်မကူးဘူး”

“နေဦး မင်းက အဲဒါတွေ ဘယ်လိုသိလဲ”

“သိတာမဟုတ်ဘူး။ မြင်တဲ့အတိုင်းပြောတာ”





စိုးဦး စကားမဆုံးခင် သူခေါင်း ယမ်းမိသွားသည်။ စိုးဦးက

လှမ်းရယ်လိုက်ပြီး –

“ဘာလဲ၊ ကိုယ်ပြောတာ မယုံဘူးဆိုတဲ့ သဘောလား ဝရဖိန်”

ဝရဖိန် တရစပ်ခေါင်းယမ်းမိသွား၏။ ယုံခြင်း မယုံခြင်းထက်

တာ ဘယ်မိသားစုအတွက်မှ အရုပ်တစ်ရုပ် ဖြစ်မနေချင်တဲ့ သူ့စိတ်

အလိုလို ခေါင်းခါနေခြင်းဖြစ်သည်။

“မင်း ယုံယုံ,မယုံယုံ ကိုယ်က မြင်တဲ့အတိုင်းပြောတာကွ။

ကြီးတာက မင်းဘက်က သိပ်ပြီး အလေးအနက်ထားနေရင် မင်းပဲ

ရလိမ့်မယ်”

“ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့ကွ၊ ကက,က သူ့ဘဝ သူမပိုင်ဘူး”

“တော်တော့”

ဝရဖိန် ယတိပြတ်ပြောကာ သူငယ်ချင်းကို တွန်းဖယ်ပြီး လှည့်

ခဲ့သည်။

“သူငယ်ချင်း”

“မင်းမပြောနဲ့တော့ စိုးဦး။ ကက,က သူ့ဘဝကို သူပိုင်သလို

ချစ်ကိုလည်း သူပိုင်တယ်။ ဒါကြောင့်”

“ဒါကြောင့် ဘာဖြစ်လဲ ဝရဖိန်”

သူစကားမဆုံးခင် စိုးဦးမေး၏။ ဝရဖိန် စဉ်းစားမနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စိုးဦးကို နောက်ပြန်လှည့်ကြည့်၍ –

"ကက ကိုယ့်ကိုချစ်တာကွ။ ကိုယ့်ထက်အရင် ကက, ကိုယ့်ကို ချစ်တာကွ"

"ကျွတ်. . . မင်းဘက်က အဲသလောက်ဖြစ်နေရင်လည်း ကိုယ် မပြောတော့ဘူး"

"မပြောနဲ့ကွာ"

သူ ယတိပြတ် ပြောချလိုက်သည်။

စိုးဦးက သူ့ကို ဖျောင်းဖျလို့မရပါလားဆိုတဲ့အမြင်မျိုးနဲ့ကြည့်ရင်း ပခုံးလေးတွန့်ပြ၏။

"မင်း မြင်လွှာထဲမှာလည်း ကကနဲ့အားသစ်ကို တွဲပြီး မမြင်။ အဲဒါဆို ခံစားရတာ သက်သာမယ်။ မင်းမျက်လုံးထဲမှာ ကကနဲ့အားသစ် ကို တွဲပြီး မြင်နေရင်တော့ သေချာတယ် မင်းခံစားရမယ်။ ဒါပဲ သူငယ် ချင်း။ ကိုယ်ပြန်မယ်"

စိုးဦး အားမနာတမ်းပြောရင်း လှည့်ပြန်သွား၏။

ထိုအခါ သူ့ရင်ထဲမှာ လှိုင်းထန်သွားသလားပဲ။

ဘာဖြစ်လို့လဲဆိုတော့ ကကနဲ့ ကိုအားသစ်ကို တွဲလျက်မြင်နေ တဲ့ မြင်ကွင်းက သူ့မြင်လွှာမှာစွဲနေမိတယ် မဟုတ်လား။

ထိုမြင်ကွင်းကြောင့်။

✿ ✿ ✿



## အခန်း (၃၃)

နေခြည်နုနုလေး ဖျပျလင်းနေတဲ့ ညနေခင်းမယ်။

ရွှင်မြူးနေတဲ့ ပန်းသွေးရောင်နှုတ်ခမ်းလေးက သကြားလုံးနယ် ချိုရှနေသလားပဲ။

"သွား ဘာမှန်းလဲမသိဘူး"

ကက မျက်နှာလေး ရှက်ရောင်နဲ့ ရဲမှည့်သွား၏။ သူမ နှုတ်ခမ်း သားလေးကို လက်ခုံနဲ့ ပွတ်သုတ်ရင်းလည်း သူ့ရင်ဘတ်ကို လက်သီး ဆုပ်ကလေးနဲ့ ဖွဖွထု၏။

သူက ချိုရှနေတဲ့ ချစ်သူ့နှုတ်ခမ်းလေးကို စိုက်ကြည့်ရင်း ကြည် ကြည်နူးနူးရယ်လိုက်၏။

"မောင်သိပ်ဆိုးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာကိုး"

"ဟွန်း . . . ခုမှ၊ အစကတော့ ကကကို ရက်စက်ပြီးတော့"

"ရက်စက်တာ မဟုတ်ဘူး။ တအားချစ်သွားတာ"

"အပိုတွေမပြောနဲ့"

"အပိုမပြောဘူး တကယ်ပြောမယ်"

"အိုး သွား မောင်နော်"

သူက ပြောရင်း ချို့မွေးနေတဲ့ ကက နှုတ်ခမ်းလေးကို နောက်တစ်ကြိမ် နမ်းဖို့ ကြိုးစားလိုက်သည်။

ထိုအခါ ကက ရိပ်မိသွားပြီး သူ့မျက်နှာကို တွန်းဖယ်လေသည်။ သူက ကကကိုယ်လုံးလေးကို ရင်ခွင်ထဲ ပွေ့ဖက်ထားရင်း နမ်းခွင့်ရဖို့ ကြိုးစားပြန်သည်။

ကက ရှောင်ရှားရင်း သူ့ရင်ခွင်ကို စုံတွန်းကာ ပန်းခင်းအသည်းလေးဘက် လျှောက်သွား၏။

သူက ကြည်နူးစွာ ပခုံးလေးပင့်ပြီး သူ့မလေးကို ချစ်မဝနိုင်စွာ တစ်ဝကြီး ငေးကြည့်နေမိသည်။ ကက,က ရောင်စုံနှင်းဆီတို့ ဖူးနေသည့် စာလုံးပုံစံပန်းခင်းကြီးကို သဘောအကျကြီးဖြစ်လျက်။

"ပိတောက်သင်း"

သူ့မနာမည်ရင်းကို၊ ပုံစံဖော်ထားတဲ့ နှင်းဆီပန်းခင်းအသည်းကလေးက မောင်ဖန်တီးထားတဲ့ အချစ်သင်္ကေတဆိုလည်း ဟုတ်





ဒါကြောင့် . . .

ကက လှိုက်မြူးသွားတဲ့အထိ သဘောကျ။ ထိုပန်းခင်းလေးဘေးမှာ ကြည်နူးစွာထိုင်ချရင်း မောင့်ကို လှမ်းကြည့်လိုက်သည်။

မောင်က ကကကို ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းညိုနဲ့ စိုက်ကြည့်ရင်း ပန်းခင်းလေးဆီ လျှောက်လာရင်းမေးသည်။

"က ကြိုက်တယ် မဟုတ်လား"

ကက ခေါင်းလေးညိတ်ပြီး –

"မောင့်စိတ်ကူးလေးဟာ သိပ်လှတာပဲ"

"ပိုပြီးလှနေအောင် က နာမည် ပိတောက်သင်းအစား နှင်းဆီသင်းလို့ ပြောင်းလိုက်ပါလား"

"ဟုတ်တယ်၊ ကကလည်း ပိတောက်သင်းဆိုတဲ့ နာမည်ကို မကြိုက်တာ ငယ်ငယ်ကတည်းက"

"ဟွန်း . . . အဲဒါဆို ပြောင်းလိုက်လေ နှင်းဆီသင်းလို့"

"မာမီက ပိတောက်သင်းမှ ပိတောက်သင်း ဖြစ်နေတာ မောင်ရဲ့၊ ကက အလိုအတိုင်းဆို နာမည်ပြောင်းလိုက်တာ ကြာလှပေါ့"

"ဘာဖြစ်လို့"

"ကက,က ပန်းထဲမှာဆို နှင်းဆီကို အကြိုက်ဆုံးလေ၊ ဒါကြောင့် နှင်းဆီသင်းပဲဖြစ်ချင်တာ။ မာမီ့ဆန္ဒကို မလွန်ဆန်ရဲလို့"

"အဲဒါဆိုလည်း ရတယ်လေ။ မောင်နဲ့ကက နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အသိနဲ့ပြောင်းလိုက်မယ်"

"ဒါဆို ဒီပန်းခင်းလေးက"

"နှင်းဆီသင်းပေါ့"

"အိုကေ ... က သဘောကျတယ်"

"အဲဒါဆိုရင် မောင်က ဒီပန်းခင်းလေးကို နာမည်ဒီဇိုင်းပြောင်းလိုက်မယ်"

"အခုလား"

"အင်း"

"ကကရေ ... ဟော့ ကက"

မောင့်ခေါ်သံလေး ညိတ်လို့မဆုံးသေးပါ။ သူ့ခြံဝင်းထဲ အိတုံ့ အပြေးကလေး ဝင်လာပြီးခေါ်၏။

ခေါ်သံကြောင့် ကကတို့ အိတုံ့ကို ငုံ့ကြည့်သည်။

အိတုံ့က ကကတို့အနားမရောက်သေးခင် အရေးတကြီး လှမ်းပြော၏။

"ကကရေ မြန်မြန်လာ၊ ကကမာမီ အိတုံ့တို့ဆိုင်ကို ရောက်နေတယ်။ အိတုံ့က ကက ပန်းသွားဝယ်တယ်လို့ ပြောထားရတယ်၊ မြန်မြန်လာ"

"ဟင် ... ဟုတ် ဟုတ်လား။ မာမီရောက်နေတယ် ဘုရားရေ"





ကက စိုးရိမ်စိတ်လေးနဲ့ပြောပြီး ပန်းခင်းလေးနားမှ သုတ်ခနဲ ထပြေး၏။

"ကက"

သူ့ခေါ်သံကြောင့် ကက ခြေလှမ်းလေး တန့်သွား၏။ သို့သော်လည်း လိုက်မလာစေဖို့ ကက နောက်သို့ မာမီလိုက်လာတာဆိုတော့ ကက ပို၍ စိုးရိမ်ကာ။

"နောက်မှတွေ့မယ်မောင်ရယ်။ တော်ကြာ မောင့်ခြံထဲ မာမီရောက်ခဲ့ရင် မလွယ်ဘူး။ ဟိုမေး ဒီမေးလုပ်ရင် ပြဿနာတက်မယ်"

"ကက မြန်မြန်လာ"

အိတုံ့ကလည်း အဆက်မပြတ် ခေါ်နေသည်။ ထိုခေါ်သံကြောင့် ချစ်သူနှစ်ဦးရဲ့ ချစ်စိတ်တွေ ဟာမိုနီပျက်ကာ ပြယ်လွင့်ကုန်သည်။

"နေဦး ကက၊ ပန်းတွေယူသွားဦး"

"အေး ဟုတ်တယ်၊ ဒါမှ မာမီယုံမှာ။ မြန်မြန်ပေး"

ကက ဖလာနေသလို သူကလည်း ဖောက်သည်ပေးဖို့ စည်းထားတဲ့ ပန်းတစ်စည်းကို ယူပေးလိုက်သည်။

"ကျေးဇူးပဲမောင်၊ နောက်မှကြည့်မယ်။ ပန်းခင်းအသစ်လေး လုပ်ထားနော်။ သွားပြီ မောင်"

ကက ပန်းစည်းကြီးကိုပွေ့ပိုက်ရင်း အလောတကော ပြေးကာ အိတုံ့ ဆွဲခေါ်တဲ့အတိုင်း အပြေးကလေးပါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူက အငေးသားကြည့်နေဆဲ။

ရင်ထဲမှာတော့ အချစ်တွေ အလှမ်းဝေးသွားသလို နှစ်နှစ်အိုင်အိုင်ချည်း ခံစားနေရသည်။

ထိုနှစ်ယောက်ဖြစ်စဉ်ကို ပန်းခင်းတွေ ပြုပြင်နေတဲ့ ဦးခွန်ချို အဝေးကနေ လှမ်းမြင်နေရတာမို့ ရင်ထဲမအေးနိုင် ဖြစ်နေရသည်။

လူလေးနဲ့ သူမလေးရဲ့အချစ်။

ဒါပြင် ဘဝ။

အချစ်နဲ့ဘဝက မတူလေတော့။

အဟင်း။

ရှေ့ဆက် ဘာတွေဖြစ်စေမလဲ။

ဦးခွန်ချို မတွေးရဲပါလေ။

✿ ✿ ✿



## အခန်း (၁၄)

"နှင်းဆီသင်း"

ဖျိုးထားတဲ့ ရောင်စုံနှင်းဆီပန်းအိုးတွေနဲ့ ကက နာမည်အသစ်အလေးကို သူ ဖန်တီးခဲ့သည်။

မြတ်နိုးသော ထိုပန်းခင်းအသစ်ကလေးကို သူတစ်ငေးတည်း ငေးကြည့်ရင်း နှလုံးသားမှာ ချစ်ပီတိတို့ ဝေလျက်ရှိသည်။

ခုနေခါ သူ့အပါးမှာ ကကရှိနေရင် သိပ်ပြီးကြည်နူးရမှာပဲ။

တကယ်ပါ ချစ်လေး။

ဟိုတစ်ရက်က ကက မာမီကလိုက်ခေါ်တယ်ဆိုပြီး အိမ်နဲ့အတူ ထွက်သွားကတည်းက ကကပုံရိပ်လေးပေါ်မလာတော့ပါ။

ကက ပေါ်မလာတော့ ကကတို့ တိုက်ဘက် ခြေဦးလှည့်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ရယ်။

သို့သော်လည်း ကကာကိုမမြင်ရလျှင် တစ်မျိုးချည်း ခံစားရသော ကကာတို့တိုက်ထဲ အရဲစွန့်ပြီး ခိုးဝင်ဖို့ကြိုးစားသေးသည်။

တိုက်တံခါးအားလုံးပိတ်ထားသလို လူရိပ်လူယောင်လည်း မမြင်ရတော့ ပိုဆိုး၏။

ကကာ . . .

ချစ်ရေ

ချစ်ဘယ်မှာလဲ။

သူ့ရင်ထဲမှာ ဒါပဲ တစ်မေးတည်း မေးရင်း နှလုံးသားက ဆုလောင်ပူလောင် ဖြစ်နေမိသည်။

ထို့ကြောင့် အိတုံတို့ဆီ အပြေးအလွှားသွားရင်း မေးလျှင် အိတုံတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မလုံမလဲ ဖြစ်နေကြသည်။

"ပြော ပြောလေဟာ၊ ကကာ ဘယ်မှာလဲ။ ဘယ်သွားလို့လဲ"

"ဟို အိတုံမသိဘူး၊ လှိုင်းလှိုင်း ရှင်သိရင် ပြောလိုက်လေ"

အိတုံက လှိုင်းလှိုင်းဘက် လွှဲချရင်း သူ့မေးခွန်းကို ရှောင်ရှား၏။ ထိုအခါ လှိုင်းလှိုင်းက, မအူမလည်ဟန်ဖြင့် –

"လှိုင်းလှိုင်းသိရင် ဟုတ်လား။ လှိုင်းက ဘာသိမှာလဲ အိတုံရဲ့၊ ကကာ,က ရှင့်ဆီပဲ လာနေကျ"





"ကျွတ် ကကာနဲ့ လှိုင်းတို့နောက်ဆုံးတွေ့တာ ဘယ်လောက်ကြာပြီလဲ"

"တစ်ပတ်"

"ဟင် တစ်ပတ်"

ဝရဖိန် ခေါင်းကြီးထောင်မတ်သွား၏။

သူ့ပန်းခြင်းမှ ကကာကို အိတုံလာခေါ်သွားတာ ဒီနေ့ဆို တစ်ပတ်တင်းတင်းပြည့်တဲ့နေ့။

"ဒါဆိုရင် အိတုံတို့လည်း ထိုနေ့ကတည်းက ကကာနဲ့ မတွေ့ရတာပေါ့ အဲလိုလား"

"ဒါ ဒါဆို"

"ဟုတ်တယ် ဝရဖိန်။ အဲဒီညနေကတည်းက အိတုံတို့ ကကာနဲ့ မတွေ့ဖြစ်တာ။ ကကာလည်း ရောက်မလာတာနဲ့ အိတုံတို့ကလည်းမအားတာနဲ့"

"ကျွတ်"

ဝရဖိန်ရင်ထဲ ခံရခက်ခက်ချည်းဖြစ်သွား၏။

"မင်း စိတ်အေးအေးထားပါကွာ"

စိုးဦးက သူ့ပခုံးကိုဖက်၍ ဖျောင်းဖျသလိုပြော၏။ ဝရဖိန်စိတ်က စိုးဦးပြောသလို အေးအေးမထားနိုင်ပါ။

ဒါကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေရှေ့က ချာခနဲလှည့်ထွက်ခဲ့သည်။ သူငယ်ချင်းတွေလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နားမလည်နိုင်အောင် ဖြစ်နေသည်။

စိုးဦးက အခြေအနေကို ဘာမှ မခန့်မှန်းနိုင်ပေမယ့် ဝရုဖ်... စိတ်ထဲမှာ တစ်ခုခုဖြစ်နေတာကို ရိပ်မိတာမို့။

"သူငယ်ချင်း ဘယ်လဲ" လို့။

လှမ်းမေးရင်း ဝရုဖ်နောက်သို့ အပြေးကလေး လိုက်...

ဝရုဖ် ဘာမှမပြောပါ။

သူနှလုံးသားက ဦးတည်တဲ့အတိုင်း တစ်ဟုန်ထိုး ထွက်ခဲ့...

သူငယ်ချင်းတွေလည်း အစိုးရိမ်ပိုသွား၏။

ဘုရားရေ ...

အိတ်ထဲတို့ ဘုရားတရင်း ပျာယာခတ်၏။

ထိုအခါ၊ သူငယ်ချင်းတွေရဲ့ရင်ထဲမှာလည်း မေးခွန်း... ပေါ်ချေပြီ။

ကကရေ ...

ရှင် ဘယ်မှာလဲ။

✿ ✿ ✿



## အခန်း (၃၅)

"လေးလေး ... မြန်မြန်လာ၊ ဒီမှာ စောင့်နေတာကြာနေပြီ"

ဝရုဖ်အသံကြားလျှင် ဦးခွန်ချိုလက်က တုန်ယင်ကာ ကိုင်...တဲ့ ဖိတ်စာက ရုတ်ခြည်းလွတ်ကျသွား၏။

ဒါ့ပြင် စိုးရိမ်စိတ်ကြောင့် ထိတ်ခနဲဖြစ်ကာ –

"လာ လာပြီကွ"

ဦးခွန်ချို ကတုန်ကရင် ပြောရင်း လွတ်ကျသွားတဲ့ဖိတ်စာကို ...န်းကတမ်း ကောက်ကာ အိပ်ရာအောက်ထဲ ထိုးဖွက်၏။

"ဦးမောင်ဝင်းက တခြားသွားစရာရှိသေးတယ်တဲ့။ လေးလေး... ...အရင်ပို့ပေးမယ်တဲ့"

"အေး အေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်ချို လွယ်နေကျလွယ်အိတ်ကို ကောက်လွယ်၊ ခေါင်းပေါင်း ယူပြီး ထွက်ခဲ့တော့ တူမောင်ဝရဇိန်နဲ့ တံခါးဝမှာ ဆုံ၏။

"အဲ"

ဦးခွန်ချို နှုတ်က ကယောင်ကတမ်းဖြင့် အာမေဋိတ်သံလေး ခုန်ထွက်သွား၏။ ဝရဇိန်က မျက်မှောင်ကြုတ်လျက် –

"ဘာဖြစ်လို့လဲ လေးလေး"

"ဖြစ် ဖြစ်ပါဘူးကွာ"

ဦးခွန်ချို ဒါပဲပြောပြီး ဝရဇိန့်ရှေ့က သုတ်ခနဲ ထွက်ခဲ့ရသည်။ သို့သော်လည်း နောက်ကျောကမလုံလှပါ။

ပြန်လှည့်ကြည့်လျှင် ဝရဇိန်ရဲ့ စူးစမ်းတဲ့အကြည့်နဲ့ ဆုံ၏။

"မင်းကလည်း အရိပ်တကြည့်ကြည့်နဲ့ပါလား။ ငါသွားပြီကွ"

ဦးခွန်ချို ဟန်နဲ့ပြောရင်း လှည့်ထွက်ခဲ့သည်။

ဝရဇိန် ဘယ်လိုတွေးပြီး ကျန်ခဲ့မည်မသိတော့ပါ။ ဦးခွန်ချိုက အဆင်သင့်စောင့်နေတဲ့ ဦးမောင်ဝင်း၏ ဂျစ်ကားနဲ့ လိုက်ပါခဲ့ရပေမယ့် စိတ်က ထိုဖိတ်စာဆီမှာ။

ထိုဖိတ်စာကို တွေ့ရစဉ်က ဦးခွန်ချိုကိုယ်တိုင် မယုံနိုင်အောင် ဖြစ်ရသည်။

ဈေးထဲက သူတို့ဖောက်သည် ပန်းမျိုးစုံလက်ကားအရောင်း ဆိုင်ပိုင်ရှင်ထံရောက်နေတဲ့ ထိုဖိတ်စာ။





ထိုဆိုင်ပိုင်ရှင်ဖတ်ပြီးချထားတဲ့ ထိုဖိတ်စာက အရမ်းလှတာ မို့ ဦးခွန်ချို အမှတ်မထင် ယူကြည့်မိသွားရာမှ။

မျက်လုံးချည်းပြူးရ၏။ ဒါ့ပြင် ရင်ထဲမှာလည်း လောင်သွားကာ ထိုဖိတ်စာကို တောင်းယူလာပြီး ဝှက်ထားမိတာ ဘာကြောင့်မှန်း ဦးခွန်ချို ကိုယ်တိုင်လည်းမသိတော့ပါ။

ခုတော့ –

ထိုဖိတ်စာ သူ့အိပ်ရာအောက်မှာ။

"လေးလေးရေ စောစောပြန်ခဲ့"

ဦးမောင်ဝင်းကားနဲ့ ပါသွားတဲ့ လေးလေးကြားနိုင်အောင် သူ အော်ပြောလိုက်သည်။

လေးလေးက ခေါင်းလေးညိတ်ပြရင်း ပါသွား၏။ လေးလေး ထွက်သွားကာမှ ဝရဇိန်အိပ်ခန်းထဲတန်းဝင်ကာ အပြင်ထွက်ဖို့ပြင်ဆင် လိုက်ရသည်။ သူ အပြင်ထွက်ချင်တာက အကြောင်းမဲ့မဟုတ်ပါ။

သူ့ရင် သူ့နှလုံးသားက တောင်းဆိုနေတဲ့အတိုင်း ကက သတင်း ကြားဖို့ဖြစ်သည်။

ကက,က သူ့ငယ်ချင်းတွေနဲ့ရော သူနဲ့ပါ အဆက်ပြတ်နေသည် မဟုတ်လား။ အရင်တုန်းက ကက သူ့ဆီရောက်ရောက်လာနေကျ။ ကက ကြိုက် နှင်းဆီသင်းဟု ပန်းခင်နာမည်လေး ပြောင်းတဲ့ထိုနေ့ကတည်း က ကကကို သူ မြင်ခွင့်မရတော့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူနှလုံးသားနဲ့ ဖွဲ့တည်ထားတဲ့ ပန်းခင်းအသစ်ကလေးကိုတောင် လာကြည့်ဖော်မရသေးတဲ့ချစ်သူ။

တွေ့လိုက်တော့ -

အင်း ...

ဘာလုပ်ရင်ကောင်းမလဲ။

ဒုတိယအကြိမ်မြောက် ကာက နှုတ်ခမ်းလေးကို တရှိုက်မက်ခော် နမ်းလိုက်ရင်။

အင်း ... ဟုတ်ပြီ။

သူရင်ထဲက ဆန္ဒအတိုင်း အနမ်းလေးနဲ့ ဒဏ်ပေးရမယ်လို့ တွေးမိသွားလျှင် ဝရဖိန့်ရင်မှာ အမြူးချည်း မြူးသွား၏။

ထို့နောက်မှာ။

✿ ✿ ✿



## အခန်း (၁၆)

"ဟင်"

သော့တွဲနဲ့အတူ ထွက်ကျလာတဲ့ ဓာတ်စာတစ်စောင်က သူ့ ...ခြေရင်းမှာ ဝဲကျ၏။ ထိုအခါ ဝရဖိန့် ငုံ့ကြည့်မိသွားသည်။ သူငွေလို့တိုင်း ...လေးအိပ်ရာအောက်မှာထည့်ထားတဲ့ သော့ယူ၊ ဗီရိုထဲကနေ၊ လိုတဲ့ ...ကို ထုတ်ယူနေကြဖြစ်သည်။

ခုလည်း ကာက သတင်းစုံစမ်းဖို့ သွားမည့် သူ့အိတ်ထဲ ပိုက်ဆံ ...နေလို့ လေးလေးအိပ်ရာအောက်က သော့ကိုဆွဲထုတ်လျှင် ထိုဓာတ်စာ ...လေးက သော့တွဲနဲ့အတူ ပါလာပြီး ကြမ်းပြင်ပေါ် လွင့်ကျသွားခြင်း ...သည်။

သော့ကိုင်လျက်သားနဲ့ ဓာတ်စာလေးကို စိုက်ကြည့်နေရာမှ သူ



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်လေးကြုတ်သွား၏။

အကြောင်းမှာ ဖိတ်စာကတ်ပေါ်က ရွှေရောင်ဖောင်းကြွစာလုံး တွေက သူ့အာရုံကို ဖမ်းစားနေသည်။

ဒါကြောင့် . . .

ဖိတ်စာလေးကို ချက်ချင်းကောက်ယူပြီး စာလုံးတွေကို ဖတ်မိ၏။

မောင်အားသစ်

နှင့်

မပိတောက်သင်း

တို့၏

မင်္ဂလာဧည့်ခံပွဲ ဖိတ်ကြားလွှာတဲ့။

မြတ်စွာဘုရား။ သူ့မြင်လွှာ ဝေဝါးသွားသလို လင်းလိုက် မှောင်လိုက်နဲ့ အရောင် စုံတွေ ရောရောထွေးထွေးဖြစ်ကုန်သည်။

ကကာနဲ့။

ဟင့်အင်း . . . မဖြစ်နိုင်တာ။

ဝရမိန် မျက်လုံးပွတ်ရင်း စာလုံးတွေကို သေချာဖတ်၏။ ထို နာမည်တွေက ကြည့်လေ စာလုံးတွေ ကြီးထွက်လာလေ ဖြစ်ကာ။

ဒါပြင် ထိုစာလုံးကြီးတွေက သူ့ရင်ဘတ်ကို ပြေးဆောင့်သလို ဖြစ်နေသည်။ ထိုအခါ သူ့ရင်မှာ တဝုန်းဝုန်းလှုပ်ခတ်၏။





"ကကာ"

သူ အသည်းနှလုံးကြားထဲမှ အက်ကွဲသံချည်း ရုန်းထွက်သွား၏။ ဟင့်အင်း။ သူ ဘယ်လိုမှ လက်သင့်မခံနိုင်ပါ။

ထိုဖိတ်စာချည်းကိုင်လျက်သားနဲ့ ဝရမိန် ကမူးရှူးထိုး ပြေး ထွက်ခဲ့၏။

"ကကာ ဘယ်မှာလဲ ကကာ"

သူ့သူငယ်ချင်းတွေကို လိုက်ပတ်မေးသော်လည်း ဘယ်သူမှ မဖြေကြပါ။

မျက်စိမျက်နှာပျက်ကာ ရောင်လွဲနေခြင်းဖြင့် ထိုက်စွက်ကို အသိ အမှတ်ပြုနေကြသည်။

"တောက်"

ဝရမိန် ချာခနဲလှည့်ကာ ကကာတို့တိုက်ဆီ ခြေဦးလှည့်၏။ ကကာတို့ တိုက်က ဖိတ်လျက်သား။

"ကကာ"

သူ အသားကုန်အော်ဟစ်လိုက်လျှင် နွေနှောင်းပိုင်းရာသီ ဆုတ်ပေးမယ့် သစ်ရွက်တွေအားလုံး ညှာတံတွေနာကျင်ကာ တဖြုတ် ဖြုတ် ကြွေသက်ကုန်ပြီ။

အဲဒါ . . . သူ့အချစ်တွေလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"လူလေး"

ဦးခွန်ချို စိုးရိမ်တကြီး ဆွဲခေါ်ပေမယ့် လူလေး အရေးမစိုက်ဘဲ တယုတယ စိုက်ပျိုးထားတဲ့ နှင်းဆီသင်းစာလုံးပေါ်ဖော်ထားတဲ့ ပန်းခင်းကြီးကို ဓားတစ်လက်နဲ့ ဝှေ့ရမ်းကာ ဖျက်ဆီးနေသည်။

"လူလေး ... လေးလေးပြောတာ နားထောင်ပါဦးကွာ"

"မပြောနဲ့ ဘယ်သူမှ ဘာမှလာမပြောနဲ့၊ သွားကြ အားလုံး ပူးပေါင်းပြီးတော့ ကျုပ်အသည်းကို ဝိုင်းခွဲတာ"

ဦးခွန်ချို ခေါင်းတယမ်းယမ်းနဲ့ နောက်ဆုတ်နေရသည်။ ထို စကားလုံးတွေက အိတ်တုံတို့တစ်တွေကိုလည်း ထိပါးစေသလို ဖြစ်တာမို့ တဲအိမ်လေးရှေ့ကနေလှမ်းကြည့်နေကြတဲ့ သူသူတို့တစ်တွေ စိတ်မကောင်း





ဖြစ်ကြရသည်။ သူက ပန်းခင်းကြီးကို ခုတ်ထစ်ဖျက်ဆီးနေဆဲ။

ဦးခွန်ချိုက ဘာမှဝင်မပြောသာတော့ပါ။ ဒီကိစ္စ သူ့အပြစ်မကင်းဘူးလို ခံစားနေရသည်။ ဖိတ်စာကို သူ သယ်မလာရင် အကောင်းသား။ ခုတော့။

"လေးလေးရယ် သွန်းသွန်းတို့လည်း မနေ့ကမှ သိကြတာ။ အဲဒီအတွက် မယုံနိုင်အောင် ဖြစ်ရပါတယ်"

သွန်းသွန်းက ဖြေရှင်းချက်ပေးသလို လှမ်းပြော၏။ ဦးခွန်ချို ကတော့ အစစအရာရာ နားလည်ပေးနိုင်ပါသည်။

သူမလေးကို သူ့မိခင်လာခေါ်သွားတဲ့ညနေကတည်းက သူမလေးရဲ့ မင်္ဂလာပွဲ ဖြစ်၏။

ဒီအကြောင်းတွေကို သူမ အရိပ်အမြွက်တောင်မဟခဲ့ပါ။

ဧည့်ခံပွဲပြီးပြီးချင်း သူမနဲ့ အားမာန်ကို စင်ကာပူသို့ ဟန်းနီးမွန်း ထွက်သွား၏။

ဒီကိစ္စ သူတို့သိတဲ့အချိန်မှာ တစ်ပတ်တင်းတင်းပြည့်ချေပြီ။

ကဲ ... ဘာဆက်လုပ်ကြမလဲ။

ဦးခွန်ချိုက ရှေ့ဆက် ဘာဖြစ်လာမလဲဆိုတာ ခန့်မှန်းမိတာမို့ ဖိတ်စာတွေပြီး နောက်နေ့ကတည်းက လူလေးမိခင်ကို အကြောင်းကြားထားသည်။

ဟော ... သူ့မိခင် ဒေါ်မိမိစန်း ဩစတြေးလျကနေ ရောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ရောက်ချလာကာ –

ပန်းခင်းကြီးကို ခုတ်ထစ်ဖျက်ဆီးရုံမက ခါတ်ဆီဖြန်း[illegible] မီးတင်ရှို့နေတဲ့သားဖြစ်သူကိုကြည့်ရင်း ရင်ထဲမှာမကောင်းလှပါ။

"သား"

သားကို လှိုက်လှိုက်လှဲလှဲခေါ်ပေမယ့် သားဖြစ်သူက အ[illegible] မစိုက်ပါ။

"အားလုံး ကျူပ်အသည်းကို ဝိုင်းခွဲကြတာ"

"သားရယ်"

"မခေါ်နဲ့၊ ခင်ဗျားကြောင့် ကျူပ်ဖေဖေလည်း ဒီလိုပဲ ခံစား[illegible] ရတာ"

ဟုန်းဟုန်းတောက်နေတဲ့ မီးခင်းကြီးကို စိုက်ကြည့်ရင်း ဝ[illegible] ပြောလျှင် ဒေါ်မိမိစန်း နှလုံးသားမှာ ကြေကွဲမျက်ရည်တွေ ဖြိုကျ[illegible]

ဦးခွန်ချိုက အားနာသည့် မျက်နှာလေးနဲ့ နှစ်သိမ့်၏။ သ[illegible] သွန်းတို့ အိတုံတို့ကလည်း ဒေါ်မိမိစန်းကို နှစ်သိမ့်ပေးရင်း ပြော[illegible]

"ဝရဇိန်က သမီးတို့ကိုလည်း အဲလိုပဲပြောတယ် အန်တီ[illegible] ကကာ နဲ့ဆုံရတာ သမီးတို့ကြောင့်လေ။ ပြီးတော့ ကက,က ဝရဇိန်[illegible] ကို မရ,ရအောင်ယူပြီးမှ ခုလိုလုပ်သွားတာ။ သမီးတို့လည်း စိတ်ထိခိုက်[illegible] ပါတယ်"

"ဝရဇိန်ကို စာနာပေးပါ အန်တီ၊ ဝရဇိန်က"





သွန်းသွန်းတို့ စိတ်မကောင်းဖြစ်ကာ စကားသံတွေ တန့်ကုန် သည်။ ဝရဇိန်က နှင်းဆီသင်းစာလုံးပုံအတိုင်း ပေါ်လွင်ကာ မီးတောက် နေတဲ့ ပန်းခင်းကြီးကိုကြည့်ရင်း အားလုံးနဲ့ဝေးရာသို့ ချာခနဲ လှည့်ထွက် သွားပေါ့။

"လူလေး"

ဦးခွန်ချိုက စိုးရိမ်တကြီးခေါ်ရင်း ဝရဇိန့်နောက် ပြေးလိုက်၏။ [illegible]ဇိန် ငဲ့မကြည့်ပါ။ ခြေလှမ်းကြဲကြီးနဲ့သွားကာ စိုက်ခင်းအစပ်မှာ ရပ်ထားတဲ့ ဆိုင်ကယ်အဟောင်းဇလေးပေါ် တက်ခွရင်း ဝူးခနဲ မောင်းထွက် သွားပေါ့။

"သား"

"လူလေး"

"ဝရဇိန်"

ဒေါ်မိမိစန်း၊ ဦးခွန်ချိုနဲ့ အိတုံတို့ စိုးရိမ်တကြီး ခေါ်ရင်း အပြေး [illegible]လေးလိုက်၏။

ဆိုင်ကယ်စက်သံနဲ့ ဆိုင်ကယ်ပြောင်းဝကထွက်တဲ့ မီးခိုးငွေ့တွေ [illegible]သာ မြူထဲပျံ့ကျန်ခဲ့၏။

မြူလေးထဲမှာတော့ မီးလောင်ပန်းခင်းရယ်၊ စိုးရိမ်နေကြတဲ့သူ [illegible]တွေရယ်သာ။ ဝရဇိန်ကတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



"လူလေး"

ဒေါ်မိမိစန်းနဲ့ဦးခွန်ချို ပြေးသွား၏။ ထိုနေရာလေးက ကက ...က်သီးလေး မှောက်တဲ့နေရာ။

ထိုနေရာမှာ ခုတော့ အရှိန်နဲ့လာတဲ့ ဂျစ်ကားက လမ်းကြောင်း ...ချော်ကာ တစ်ဖက်ကအရှိန်နဲ့လာနေတဲ့ ဝရမ်ဖိုင်ကယ်ကို ဝင်တိုက်လိုက် ...ခြင်းဖြစ်သည်။

ဝရမ်ဖိုန် ဘယ်လိုမှ ရှောင်လွှဲလို့ မရတော့ပါ။

တိုက်မိတဲ့အရှိန်နဲ့ လွင့်သွားပေမယ့် လမ်းစောင်းနဲ့ဆောင့်ကျတဲ့ ...ရှိန်ကြောင့် ခေါင်းဒဏ်ရာရကာ သွေးတွေက မျက်နှာတစ်ခုလုံး ဖြာစီး ...ပြီး –

"သား"

ဒေါ်မိမိစန်း သားကို ပွေ့ဖက်ရင်း ယူကြုံးမရငိုချ၏။

"လူလေး ... လူလေး"

ဦးခွန်ချို စိုးရိမ်တကြီး လှုပ်ခေါ်ပေမယ့် ဝရမ်ဖိုန် ဘာမှ မသိတော့ ...။ ဝရမ်ဖိုန်ကိုယ်လေးဟာ သွေးအိုင်ထဲမှာ ပျော့ခွေလျက် ငြိမ်သက်သွား၏။

"ဝရမ်ဖိုန်"

အိတုံတို့ ငိုသံကြီးနဲ့ ပြိုင်တူလိုလို လှုပ်ခေါ်ကြ၏။

သို့သော်။

✿ ✿ ✿



## အခန်း (၃၈)

"ဂျိမ်း"

"ဝုန်း"

"အား"

တိုက်မိသံ၊ ပြိုလဲသံနဲ့ အော်သံတွေက ပတ်ဝန်းကျင်မှာ ပဲ့တင်ထပ်လေပြီ။

အိတုံတို့တစ်တွေ အပြေးအလွှားနဲ့ ခြံပြင်ထွက်ကြည့်ကြ၏။

"ဟင်"

မြင်ကွင်းက ကြည့်လို့တောင် မရဲတော့ပါ။

သူသူက မျက်လုံးကို စုံမှိတ်လိုက်၏။

"သား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

သူကမ္ဘာကြီးက ချာချာလည်နေသလို ခံစားရ၏။ ထို့နောက် မှာ မှုန်ဝါးပျောက်ကွယ်လျက်။

သူက ဘာလဲ၊

သူ ဘယ်မှာလဲ၊

ဘာဖြစ်နေလဲ၊

စတဲ့ လဲပေါင်းများစွာသော မေးခွန်းတွေနောက်မှာ သူ့ရုံးသား ပျောက်ဆုံးနေသလို ဖြစ်နေ၏။

ဒီလိုနဲ့ နေ့ရက်တွေ ဘယ်လောက်ကြာသွားပြီး မသိတော့။ သူ ကောင်းစွာ သတိရချိန်မှာ အဆင့်မြင့်ဆေးရုံကြီးပေါ် ရောက်နှင့်နေပြီ။ သူ သတိရလာတာတွေရဲ့နောက်မှာ သူ့မိခင်၏ ဝမ်းသာမျက်နှာကို





မြင်ရ၏။ ပြီးတော့ မျက်နှာစိမ်းအမျိုးသားကြီးတစ်ယောက်။

ဆရာဝန်နဲ့ နာ့စ်။

အရပ်မြင့်မြင့် အသားဖြူစပ်စပ်နဲ့ ဆရာဝန်ကို သူ့မေမေက ထိုက်လိုက်လှဲလှဲ ကျေးဇူးတင်ကြောင်းတွေ ပြောနေသည်။

အထူးသဖြင့် ထိုမျက်နှာစိမ်းအမျိုးသားကြီး။

နောက်မှ သူသိလိုက်ရတာက ထိုအမျိုးသားကြီးဟာ သူ့ပထွေး ဖြစ်သတဲ့။

သူ့ရင်မှာ နာကျင်ကာ မျက်နှာလွှဲလိုက်လျှင် မျက်ရည်တို့ ဝေါဝေါ ကျကုန်သည်။

စိတ်ချလက်ချနဲ့ ဆရာဝန်ထွက်သွားပြီးတဲ့နောက်မှာ မေမေက သူ့ လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီးပြောသည်။

"သား သားဘာမှ အားမငယ်နဲ့။ သားခေါင်းက ဒဏ်ရာက သက်သာသွားပြီးတဲ့။ မေမေလေ၊ သား ဒဏ်ရာနဲ့တုန်းက ရူးသွားသလား အောက်မေ့ရတယ်။ သားလေး တစ်ခုခုဖြစ်သွားရင် ...ဟင့် ဟင့် ဆို မေမေ ဘယ်လိုမှ ဖြေလို့ရမှာမဟုတ်ဘူးကွယ်"

မေမေက ပြောရင်း ငိုချ၏။

"သားဝရဖိန် ... သားရင်ထဲမှာ ဘာတွေဖြစ်တည်နေလဲဆိုတာ မေမေ နားလည်တယ်။ ကိုယ်ချင်းလည်းစာတယ်။ သားတစ်ခုခုဖြစ်သွား မှာကို အန်ကယ်အစိုးရိမ်ဆုံးပဲ။ ဒါကြောင့် ဩဇီအရောက်ခေါ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုစေခဲ့တာ။ ခုဆိုရင် သားခေါင်းအဏ်ရာက စိတ်ချရပြီးတဲ့အေ ဘယ်လောက် ဝမ်းသာစရာကောင်းလိုက်သလဲ။ သား မေမေက ဝမ်းသာ လွန်းလို့ မျက်ရည်သောသောကျတာကွ”

ပထွေးတော် အားရဝမ်းသာပြောနေတာတွေက မေ့ဖွာ စေတနာကြီးမှုန်း သိသာပေမယ့် သူ့ရင်ထဲမှာ ခံစားလို့မရပါ။

သူ့ရင်ထဲမှာ သူ့နှလုံးသားထဲမှာ နာကျင်ကြေကွဲနေတာပဲ တယ်။ ဒါပြင် ခံပြင်းမှုတွေနဲ့ ဒေါသတွေ ဖြစ်တည်နေတာမို့ အံတင်းတင်း ကြိတ်၍ မျက်နှာလွှဲထားမိသည်။

သို့သော်လည်း သူ့ရင်ထဲက နာကျင်ဝေဒနာတွေကို ထုတ်မပြော တော့ပါ။ ရင်ထဲမှာပဲ သိမ်းထားကာ။

ဒီလိုနဲ့ ဆေးရုံက ဆင်းဖြစ်၏။

အဲဒီနောက်မှာ သူ့နှလုံးသားဟာ နောက်ကြောင်းကို ပြန်မမေ့ ချင်လောက်အောင် နာကျင်နေခဲ့သည်။

ဒါကြောင့် ထိုအကြောင်းတွေကို သူ၊ ဆက်မတွေးတော့ပါ။ မေမေနဲ့ ပထွေးရဲ့ဆန္ဒအတိုင်း မေမေနဲ့ အတူနေကာ ကျောင်းဆင် တက်ရင်း ပထွေးအလုပ်တွေကို ဖိလုပ်ပေးခြင်းဖြင့် သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံပစ်ခဲ့သည်။

အရှင်းဆုံးပြောရရင် လေးလေးကိုတောင် သူ အဆက်အသွယ် မလုပ်တော့ပါ။





ဒီလိုနဲ့။

အန်ကယ်နဲ့မေမေ့အရိပ်အောက်မှာ သူ ဆယ်နှစ်ကျော်ကျော် နေထိုင်ခွင့်ရခဲ့သည်။ နောက်ဆုံး အန်ကယ်ခမျာ ပါးစောင်ကင်ဆာ ဖြစ်၏။ နိုကတည်းက နှလုံးရောဂါအခံရှိတဲ့ မေမေဟာ အန်ကယ်ခံစား နေရတဲ့ ဝေဒနာတွေကို မကြည့်ရက် မခံစားရက်ဖြစ်ပြီး စိတ်နှလုံး ထိခိုက်ရင်း ကွယ်လွန်ရှာသည်။

မေမေ ကွယ်လွန်ပြီး ခြောက်လပင်မပြည့်ပါ။

အန်ကယ်လည်း ထိုဝေဒနာနဲ့ ဆုံးပါးရှာသည်။

ထိုအခါ ...

သူ့ဘဝက ပိုပြီး အထီးကျန်ဆန်ကာ နှလုံးသားကျစ်လျစ် ဘယ်ကိစ္စကိုမဆို တော်ရုံလက်မခံတတ်ဘဲ ခေါင်းမာနေခဲ့သည်။

ပြီးတော့ အန်ကယ်ရဲ့လုပ်ငန်းတွေကို သူပဲ လုပ်ကိုင်နေရတာမို့ အလုပ်တွေကြားမှာ သူ့ဘဝ စက်ရုပ်ဆန်နေခဲ့သည်။

နောက်ဆုံးမှာ သူ့ရဲ့ကျန်းမာရေးအခြေအနေကြောင့် သူ့အလုပ် တွေကိုနားပစ်ဖို့ အန်ကယ့်မိတ်ဆွေရင်း ဆရာဝန်ကြီး ဦးဟင်နရီစိုးကြွယ် အတင်းအကျပ် ပြောဆိုတာနဲ့ သူ့စိတ်နှလုံးသားဟာ အလိုလိုနေရင်း နောက်ကြောင်းပြန်လည်ကာ။

ခုတော့ –

ပိတောက်သင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံရတယ်လို့။

တောက် . . .

ဒင်းကြောင့် ငါ့အသည်း ကွဲခဲ့တာ။

ဒင်းက ငါ့အချစ်ကို အစိမ်းဖွဲ့၊ အဖွဲ့ခံရတာလေ။

အဲဒီအတွက် ဒင်း တစ်ခုခု ပြန်ပေးဆပ်စေရမယ် နှင်းဆီသင်း

မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ကကာ။

✿ ✿ ✿

ပစ္စုပ္ပန်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"မမ"

အားမာန် အစိုးရိမ်လွန်စွာ ခေါ်လိုက်သည်။

ပိတောက်သင်းက လက်ဆွဲအိတ်အနက်ရောင်လှလှလေးကို တန်ပါပါဆွဲ၍ ပြုံးပြ၏။

ထိုအပြုံးက အားမာန်ရဲ့အစိုးရိမ်လွန်မှုကို ဖြေသိမ့်ပေးဟန် ပြုံးခြင်းဖြစ်၏။

ထိုအပြုံးကြောင့် အားမာန် အကြည့်လွှဲကာ သက်မရှည်ကြီး ချလိုက်သည်။

ပိတောက်သင်းက ပြုံးထားဆဲနဲ့ အားမာန်အနားလျှောက်လာ ရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"အားမာန် စိုးရိမ်နေတာ မသင်း သိပါတယ်"

"သိရုံနဲ့ မလုံလောက်ဘူး မမ"

"ဘယ်လို အားမာန်၊ မလုံလောက်ဘူးဆိုတာ ဘာကိုဆိုလို တာလဲ"

"မမကိုယ်မမ ဘယ်လောက်ကာကွယ်နိုင်မယ် ထင်လို့လဲ"

"ဟင်"

မကြည့်ဘဲပြောချလိုက်တဲ့ အားမာန်၏စကားလုံးနောက်မှာ ပိတောက်သင်း၏အပြုံးလေး ပျောက်ဆုံးသွား၏။

"ပြောလေ မမ၊ မမအသိက မမကိုယ်ကို မမ ဘယ်အချိန် အတိုင်းအတာအထိ ကာကွယ်နိုင်မလဲ"

အားမန် ထပ်ဆင့်မေးလျှင် ပိတောက်သင်း ခြောက်ခြားသည် ဖြစ်သွား၏။ ဒါပြင် အားမာန်ကိုလည်း မျက်လုံးအပြူးသားနဲ့ ကြည့်ပြီး

"အား အားမာန်က ဘယ်လိုမြင်လို့လဲ"

"အဟင့် ... မမက သူ့အတွက်ထဲ နိုလ့်ချင်တဲ့စိတ် ဆန္ဒများ ဖြစ်တည်နေသလားပဲ"

"အားမာန်"

ပိတောက်သင်း လှုပ်လှုပ်ရှားရှားဖြစ်ကာ အားမာန်ကို ပြီခေါ်မြည် ဟန့်တားလိုက်၏။

အားမာန်က နာကျင်ခံခက်နေသောဟန်ဖြင့် ညည်းခန်းနှိုးများ





အလှဆင်ထားတဲ့ နှင်းဆီပန်းဆွဲကို ငေးစိုက်ကြည့်ရင်း တစ်လုံးချင်း ဆက်ပြောသည်။

"သူ့ရင်ထဲ ဘာတွေရှိနေလဲဆိုတာ မမ သိသိကြီးနဲ့ သူ့အရိုပ် အောက်ရောက်အောင် မမတိုးဝင်နေတာ ဘာကြောင့်လဲ။ ကျွန်တော် အဲဒါကို အဖြေသိဆုံးပဲ မမ"

"အို မ မဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ။ မမ သူ့ဆီက ဘာကိုမျှော်လင့်နေတာ လဲ"

"ဟင်"

ထိုမေးခွန်းက သူမနှလုံးသားကို မွှန်းကျပ်သွားစေသည်။ အားမာန်က အလှပန်းဆွဲတွေကို မကြည့်တော့ဘဲ သူမဘက်ငဲ့ကြည့်၏။ အယောင်ကတမ်းပုံစံနဲ့ ငြင်းဆန်နေချင်တဲ့ သူမကို သူ့စိတ်က အားမလို အားမရ ဖြစ်လာကာ သူမအနား တိုးကပ်သွားသလို သူမ ပန်းနုရောင်ဖက်ကို လည်း ညင်သာစွာ ဆုပ်ကိုင်မသွား၏။

"မမ"

"အို အားမာန်"

သူမ ရှန်းဖယ်ဖို့ကြိုးစားပေမယ့် အားမာန် ဖြေလွှတ်မပေးပါ။ သူမလက်ခုံးအစုံကို ဆုပ်ကိုင်ထားဆဲဖြင့် –

"သူ့ဆီက မမ ဘာကိုမျှော်လင့်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်...ဟင့်အင်း၊ မသင်း မသင်း ဘာကိုမှမမျှော်လင့်ဘူး။ ဘာမှလည်း မျှော်လင့်စရာအကြောင်းမရှိဘူး အားမာန်ရယ်။ မသင်း တကယ်ပြောတာ၊ တကယ်ပြောတာပါ အားမာန်ရဲ့"

"အဲဒါဆို မမ သူ့ဆီမှာ ဘာလို့ အလုပ်ဆက်လုပ်မလဲ"

"ဘုရားရေ"

ပိတောက်သင်း ရင်ဘတ်လေးဖိမိသွားသည်အထိ အံ့ဩ သည်။ ဒါ့ပြင် အားမာန်မေးခွန်းကိုလည်း သူမရင်ထဲမှာ အကြိမ်ကြိမ် မေးနေမိသည်။

"သူ့ဆီမှာ ဘာလို့အလုပ်ဆက်လုပ်နေတာလဲတဲ့"

"ပြောပါ မမ၊ ဘာ့လို့ သူ့မှာ အလုပ်လုပ်နေတာလဲ။ မမ ဘာကိုမှ မမျှော်လင့်ရင် သူ့အရိပ်အောက်မှာ အလုပ်လုပ်စရာမလိုဘူး။ မမ အလုပ်လုပ်ချင်တယ်ဆိုရင် ကျွန်တော့်မှာ မမလုပ်လို့ရတဲ့ အလုပ်တွေ အများကြီးရှိပါတယ်။ မမ ဒါတွေကိုသိသိချည်းနဲ့ သူ့အတ္တအရိပ်အောက်ထဲ ဝင်တယ်၊ ပြီးတော့ သူလုပ်သမျှ ခံနေတယ်။ တကယ်ဆို အဲဒါမျိုးမဖြစ် သင့်ဘူး မမ။ သူ့ဘက်က အကြံစည်ကြီးကြီးနဲ့ မမကိုယ်ပေါ်ကို ဗွက်ပုပ် ရေ သွန်ချလိုက်တာ မမနဲ့ပတ်သက်ပြီး သူ့စိတ် ဘယ်လောက်ပုပ်အဲ့နေ သလဲဆိုတာ သိသာနေတယ်။ ပြီးတော့ ကျွန်တော်နဲ့မမကိုလည်း သူ့ရင် ထဲမှာ မလိုတမာစိတ်ဖြစ်ပြီး မမကို ပိုပြုံးနေတယ်။ အဲဒီအပြုံးက မမတို့ ရှေ့ဆက် သူ ဘယ်လိုပြုမူမလဲဆိုတာ မမ မတွေးပေမယ့် ကျွန်တော်





တွေ့ရတယ်။ သေချာတာက မမကို သူ တစ်ခုခုလုပ်လိမ့်မယ်။ သေချာ တယ်။ မမကို နာကျင်စေအောင် သူ့ဘက်က လုပ်လိုက်ဖို့ ဝန်မလေးဘူး။ အဲဒါတွေကို ကျွန်တော် မြင်တယ်။ မမက အဲဒါကို မမြင်ချင်ဟန်ဆောင်ပြီး"

"တော်ပါတော့ အားမာန်"

သူမ ကတုန်ကယင်ဟန့်တားလျှင် အားမာန်က ဆုပ်ကိုင်ထား သဲ့ သူမပခုံးနှစ်ဖက်ကို ဖြေလွှတ်ပေးလိုက်သည်။

သူမက အားမာန်နဲ့ အလှမ်းဝေးသွားအောင် ခန်းစီးဘက် တရွတ်တိုက် ရွှေ့သွားရင်း စိတ်မငြိမ်စွာ ပြောသည်။

"မသင်း သိတယ်၊ မသင်း အားလုံးသိတယ်။ ဒါပေမဲ့ တစ်ချိန် က မသင်း သူ့အပေါ် နာကျင်အောင်လုပ်ခဲ့တဲ့အတွက် သူ ကျေနပ်အောင် ပေးဆပ်နေတဲ့သဘောပါ။ ပြီးတော့ သူ့ကျန်းမာရေးကို ငဲ့ရဦးမယ်"

"အဲဒီကျန်းမာရေးဆိုတာနဲ့ သူက မမကို တုပ်နှောင်နေတာ။ နှစ်ပေါင်းများစွာ သူမွေးမြူထားတဲ့ သူ့အတ္တက သူ့စိတ်ကို နာမကျန်းဖြစ် စေတာမျိုး မမ။ အဲဒါက သာမာန်မကျန်းမာတဲ့သူ့ရဲ့စိတ်ထက် ပိုပြီး ကြောက်ဖို့ကောင်းတယ်။ အဲဒါကြောင့် မမ သူ့ခြံဝင်းထဲ မသွားသင့်ဘူး။ သူ့အတ္တအောက်မှာ တာဝန်ထမ်းနေဖို့ မလိုအပ်ဘူး။ သူ့အတ္တကိုမြင်ရ လျက် အကြောင်းကြောင်းကိုငဲ့ပြီး သူ့ဝန်ကို မမ ဝန်ထမ်းနေသလောက် ကိုယ့်ကိုယ်တိုင် မမ ကာကွယ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော် ပြောနေတာ မမ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ဒါတော့ အားမာန် မသင်းကိုအထင်သေးတာပဲ"

"ဟင့်အင်း မမကို ကျွန်တော် ဘယ်တုန်းကမှ အထင်မသေးဘူး။ ကိုကိုနဲ့ပတ်သက်ကတည်းက ကျွန်တော် အထင်မသေးခဲ့ဘူး။ ကိုကို မရှိတော့တဲ့ ဒီနောက်ပိုင်းမှာ ပိုပြီး အထင်မသေးရက်ဘူး။ မမကို လေးစား လွန်း၊ စာနာလွန်းရုံမက ချစ်မြတ်နိုးလွန်းလို့ မမကို ကျွန်တော် စိုးရိမ် နေတာ။ ကျွန်တော့်ရင်ထဲက စိုးရိမ်စိတ်ကို မငဲ့ညှာရင်တောင် မမကိုယ် မမ၊ သူ့အတ္တအောက်မှာ အကြောင်းကြောင်းကြောင့် ပိတ်မိမနေစေချင် ဘူး။ ဒါကြောင့် ကျွန်တော်ပြောတာ"

"တီ တီ တီ"

"တီ တီ တီ"

သူပြောစကားမဆုံးသေးခင် သူ့မလက်ဆွဲအိတ်ထဲက ဖုန်းသံ လေး အဆက်မပြတ်မြည်လေပြီ။

ထိုဖုန်းသံက အားမာန်စကားလုံးတွေကို ဖြတ်တောက်ပစ်သလို ဖရိုဖရဲဖြစ်နေတဲ့ သူ့မစိတ်ကိုလည်း စုစည်းပေးသလို ဖြစ်၏။

ထို့ကြောင့် –

ပိတောက်သင်းက လက်ဆွဲအိတ်ထဲက လက်ကိုင်ဖုန်းလေးကို ကမန်းကတမ်းဆွဲယူ၏။

ထို့နောက် ဖုန်းစကားပြောရင်း အားမာန်ရှေ့က ထွက်ခဲ့တာ အားမာန်ကိုလည်း နှုတ်ဆက်ဖို့မေ့ကာ –





"မမ"

အားမာန် ဖိခေါ်လိုက်သော်လည်း သူ့မ ငဲ့မကြည့်ဖြစ်ပါ။

"ခုပဲ လာပါ့မယ် စိတ်ချပါ၊ မကြာပါဘူး။ အလွန်ဆုံး ဆယ် မိနစ်တည်းရယ်"

ဟုပြောဆိုရင်း ပေါ်တီကိုအောက်မှာရပ်ထားတဲ့ ကားပေါ် လှမ်း ခနဲတက်ကာ သူ့မကိုယ်တိုင် ကားမောင်းထွက်သွားလေသည်။

အားမာန်မှာတော့ အရုပ်ကြိုးပြတ်သလိုပင်။

ဆိုဖာပေါ် ဝုန်းခနဲကျသလို ထိုင်ချမိရင်း ရင်မှာ ဗလောင်ဆူ ကျွာ ကျန်ရစ်ခဲ့သည်။

ဝရုဖိန်။

မင်းက မမအပေါ် ဘယ်လိုပါဝါမျိုးနဲ့ ထိန်းချုပ်ထားတာလဲ။

ထိုမေးခွန်းကို အထပ်ထပ်မေးမိလျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဒုတ်"

"အား"

"ဒုတ် ဒုတ်"

"အား အား"

နှင်းဆီပန်းပွင့်လှလှလေးတွေကို စင်းနီတုံးပေါ်တင်ပြီး ဓားရှောင်ထက်ဖြင့် တဒုတ်ဒုတ်မြည်အောင် သူ ခုတ်ဖြတ်လေ သူမရင်မှာ နာကျင်ရလေလေ ဖြစ်ကာ တကယ်ကို နာကျင်တဲ့အသံလေး သူမရင်ထဲမှာ ခုန်ထွက်၏။

သူကတော့ ဘာမှမမှုပါ။ ပန်းပွင့်တွေကို ဓားမကြီးနဲ့ ခုတ်ဖြတ်နေခဲ့၏။





ပန်းပွင့်တွေကို သူ့လက်နဲ့ ခုတ်ခြေထားတဲ့ ပန်းပုံကြီးနဲ့ တစ်ထောင်ကျော်ကျော် ရှိုးတံတွေက မြေပြင်ထက်မှာ တစ်ဖက်စီ မှိုမောက်နေပြီ။

ထိုရှိုးတံတွေက ရွက်စိမ်းနဲ့ ဆူးတံတွေ ထိုးထိုးထောင်လျက်၊ ပန်းပုံချည်းကို သူ့စိတ်တိုင်းကျ ခုတ်ဖြတ်ပြီးတာနဲ့ ရှိုးတံပုံကြီးကို ကျေကျေနှပ်နှပ် ငေးကြည့်လိုက်၏။

ထို့နောက် သူ ပြုံးမိသွားပြီး –

ထိုအပြုံးက နာကျင်မှုအထပ်ထပ်နဲ့ ဖွဲ့စည်းထားတဲ့ စူးရှတဲ့အပြုံး။ နောက်ပြီး ထိုအပြုံးနောက်မှာ တစ်ခုခုကို လုပ်ပစ်လိုက်ဖို့ ဝန်မလေးသလို လုပ်မိပြီးရင်လည်း နောင်တရဖို့မရှိတဲ့ ခံစားမှုတို့ ပျော်ဝင်နေမှန်း သိသာနေသည်။

ဒါကြောင့် –

ဆရာဝန်ကြီးဦးဟင်နရီစိုးကြွယ်နဲ့ ဦးအံ့လွင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း စိုးထိတ်နေကြသည်။

စိုးထိတ်တာကလည်း အကြောင်းမဲ့မဟုတ်ပါ။

ထိုအပြုံးမျိုး မနေ့ကလည်း ဝရဇိန်ပြုံးခဲ့သည်။ ပြုံးခဲ့ပြီး မကြာပါဘူး။

"ဝိတောက်သင်းကို မော်လမြိုင် မုန့်ဟင်းခါးချက်နိုင်မလား"

ဟုဆိုသည်။ သူတို့က သဘောရိုးနှင့် ထင်ခဲ့သည်။ မော်လမြိုင်



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးကို တကယ်စားချင်စိတ်နဲ့ဟု ယူဆကာ သူမလေးကို အားနာ လျက်သားနဲ့ ချက်ခိုင်းရသည်။

"သင်းသင်း ချက်တတ်ပါ့မလား"

စိုးရိမ်ကြီးစွာ ဦးဟင်နရီစိုးကြွယ် မေးမိသေးသည်။ ဦးအုံ့လွင် မဖြေသေးခင် အခန်းထဲဝင်လာတဲ့ သူမက လိုက်လိုက်လှဲလှဲ ပြောသည်။

"မော်လမြိုင်မုန့်ဟင်းခါးလား။ ကက အဲ၊ သင်းသင်း ချက် တတ်တာပေါ့။ သင်းလက်ရာက ရှယ်ပဲ အန်ကယ်။ ဘော့စ်ကြိုက်မှာပါ တဲ့"

"အဲဒါဆိုလည်း လက်စွမ်းပြလိုက်ပါ သမီးရယ်။ အန်ကယ်တို့ လည်း မြည်းကြည့်ချင်နေတာနဲ့"

"အိုကေ"

ပိတောက်သင်းက ရွှင်ရွှင်မြူးမြူးလေးပြောရင်း ချက်ချင်း ဈေးအဝယ်ထွက်၏။ မော်လမြိုင်မုန့်ဟင်းခါးချက်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ ကို ကက စိတ်တိုင်းကျရွေးဝယ်ကာ –

မုန့်ဟင်းခါးချက်ပြုတ်တဲ့အလုပ်ကို ကကတစ်ယောက်တည်း အစအဆုံးလုပ်လေသည်။

အရင်ဦးဆုံး ငှက်ပျောအူအပိုင်းလေးတွေကို လှီး၏။ လှီးပြီးသား ငှက်ပျောအူအဖတ်မှ အမျှင်လေးတွေကို လက်ညှိုးလေးနဲ့ ပတ်ပြီးထုတ်၏။

ထို့နောက် စပါးလင်နဲ့ ငှက်ပျောအူကို နူးအောင်ပြုတ်သည်။





ပြုတ်ထားတဲ့ငါးရံ့ကို အသားတွေ နွှင်ကာ ထည့်၏။ ထို့နောက် ပဲဝါခြမ်းအနည်းငယ် ကြိတ်ပြီး ဟင်းခါးရည်အိုးထဲထည့်ကာ ငှက်ပျောအူ နူးသွားတဲ့အထိ ရောပြုတ်ထားသည်။

ဟင်းခါးရည်အိုး ပွက်ပွက်ဆူတာနဲ့ ကြက်သွန်ဥလေးတွေနဲ့ ဆားအနေတော်ထည့်ပြီးလျက်။

အချိုမှုန့်လွတ်ချက်ထားတဲ့ ငှက်ပျောအူဟင်းခါးရည်ကို စပါး လင်နံ့ သင်းသင်းဖြစ်နေကာ မွှေးကြိုင်ဆူပွက်နေလျှင် ငှက်ပျောအူအပိုင်း တ်တွေလည်း နူးညံ့ပြီး အိစက်စက်ဖြစ်၏။

ထို့နောက် ငါးရံ့တစ်ကောင်ကို မွှေးနေအောင် ကင်ပြီး အသား လေးတွေဖဲ့ကာ ကြေအောင်ပြု၍ ကြက်သွန်ဖြူနဲ့ရောပြီး ဆီသပ်ထည့် လျက် ဟင်းခါးရည်အိုးကို အဖုံးပိတ်ထားလိုက်သည်။

ငှက်ပျောအူဟင်းခါးရည်ကို လက်စသတ်ပြီးလျှင် ဘူးသီးချောင်း လေးများကို မုန့်နှစ်ရည်လူးပြီးကြော်၏။

ကြွပ်ရွနေတဲ့ ဘူးသီးချောင်းကြော်ဝါဝါလေးတွေက မုန့်ဟင်းခါး ပန်းကန်ထဲ ညှပ်ထည့်ပြီး တွဲဖက်စားဖို့အဆင်သင့်။

ပြီးတော့ နံနံရွက်ကလေးများ ညှပ်ထား၏။

ပဲသီးကိုလည်း အပိုင်းပိုင်းညှပ်ကာ၊ မော်လမြိုင်မုန့်ဟင်းခါးနဲ့ တွဲဖက်စားဖို့ ready ဖြစ်စေပြီး။

ဒါ့ပြင် ငံပြာရည်ချက်၊ မန်ကျည်းသီးအချဉ်ရည်နဲ့ ငရုတ်သီး



www.burmeseclassic.com

www.burmeseclassic.com



အကျက်မှုန့်၊ ကြက်သွန်ဖြူဆီကျက်၊ မုန့်ဖတ်ဖြူဖြူလေးများကို အစုံအစ် ပြုဏ်။

သူ့အကြိုက်ဖြစ်အောင် ကက စီမံနေမိသည့်က လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်ကအတိုင်းရယ်လေ။ ကက တကယ်ရင်ခုန်နေခဲ့သည်။

ဒါပြင် ပျော်ရွှင်စိတ်နဲ့လည်း ကြည်နူးရကာ။

ထိုရင်ခုန်မှု၊ ထိုကြည်နူးမှုတို့သည် မကြာခင် အချိန်အတွင်း မထင်မှတ်တဲ့ပုံစံတစ်ခုအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွားလိမ့်မယ်လို့ လုံး ထင်မှတ်မထားပါ။

✿ ✿ ✿

## အခန်း (၄၂)

"ဘုရားရေ"

ဝိတောက်သင်း သည်းမခံနိုင်စွာ ဘုရားတလိုက်ရသည်။ ဒါပြင် နှုတ်လုံးကိုလည်း စုံမှိတ်ချလိုက်သည်။ ထိုအခါ မျက်ရည်တို့ ဝေါခနဲကျ ကုန်သည်။

စားမိတဲ့မုန့်ဟင်းခါးတစ်ဖွန်းဟာ ချဉ်လွန်း၊ စပ်လွန်း၊ ပူလွန်း သည့်အရသာစုံ ရောပြွမ်းနေကာ လျှာဖျားမှတစ်ဆင့် လည်မျို တစ်လျှောက် ပူလောင်ပြီး လျောဆင်းသွားသည်က ခံရခက်လှ၏။

ဒါပြင် ထိုအရသာက ဦးနှောက်အသိနဲ့ ခံစားမှုအားလုံးကို သိမ်းကြုံးပြီး ပူစပ်ပူလောင်ဖြစ်သွားစေရုံမက မျက်ရည်တွေ၊ ချွေးတွေ၊ နှပ်တွေကိုပါ စိမ့်ထွက်လာစေပြီး။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သင်းကိုယ်သင်း ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိအောင် ပြာဝေမှုးနောက်လျက် ယောက်ယက်ခတ်ဖြစ်သွား၏။

စားပွဲပေါ် ရေဖန်ခွက်ကို ကမန်းကတမ်းယူ၍ သူမ မော့သောက်သေးသည်။

“ဝေါ့”

ဖန်ခွက်ထဲက ရေကြည်က ရေသန့်မဟုတ်ပြန်။ ဆားနဲ့ရှာလကာရည်အချဉ်ရောထားသည့် ချဉ်ကျဲကျဲ ငန်တူးတူးအရသာဖြစ်နေလျှင် ပိတောက်သင်း လည်ချောင်းဝမှ ဝေါခနဲ အန်ထွက်ကုန်သည်။

“သင်းကိုယ်တိုင် အရသာရှိရှိ ချက်ထားတဲ့ မော်လမြိုင်မုန့်ဟင်းခါးက ဆန့်ကျင်ဘက်အရသာမျိုး လွန်လွန်ကဲကဲ ဖြစ်တည်နေကာ ငရုပ်ကောင်းမှုန့် အပုလွန်ပြီး လျှာထဲမှာ စွဲနေတာ နာရီပေါင်းများစွာ။

ဒီလိုဖြစ်အောင် ဘာကြောင့်လုပ်ရတာလဲ။

ပိတောက်သင်း နားမလည်နိုင်စွာ မော့ကြည့်လျှင် သူက နာကျင်စွာ ရယ်ချ၏။ ပြီးတော့ အံကြိတ်၍ ကျစ်ကျစ်ခဲခဲပြောသည်က–

“တစ်ချိန်က မင်းချက်ကျွေးခဲ့တဲ့ မုန့်ဟင်းခါးအရသာက ငါ့အာရုံကို တန်ပြန်စေခဲ့တယ်၊ အဲဒီ တန်ပြန်အရသာမျိုး မင်းကို ခံစားစေချင်တယ်၊ ဘယ်လိုလဲ ပိတောက်သင်း၊ အရသာရှိတယ် မဟုတ်လား စားစမ်းပါ၊ စားဦးလေ၊ အဲဒီတစ်ပန်းကန်လုံးကုန်အောင် စားစမ်းပါ”





သင်းရှေ့မှာရှိနေတဲ့ မုန့်ဟင်းခါးပန်းကန်ကို ထိုးပေးနေတဲ့ သူ့အပြုအမူက သူမကို တန်ပြန်လက်စားချေလိုစွာ။

သင်းက သူ့အတွက် မုန့်ဟင်းခါးပွဲပြင်ပေးထားတာကို သူက ဘယ်လိုမှ စားလို့မရအောင် အချဉ်အငန်နဲ့ အစပ်တွေ တစ်ပုံတစ်ပင်ရောထည့်ကာ သူမကို အတင်းစားစေခဲ့တာ အကြောင်းမဲ့မဟုတ်မှန်း သင်း လက်တွေ့သိနေရပြီ။

သေချာတာက ကကကြောင့် သူ့ဘက်က နာကျင်စေခဲ့တာကို ပြန်လည်တုံ့ပြန်ခြင်းဖြစ်သလို အတိတ်ရဲ့ဝေဒနာကို ဆုပ်ကိုင်ထားလျက် သူမကို သွေးအေးအေးနဲ့ လက်တုံ့ပြန်နေခဲ့ခြင်းဖြစ်သည်။

အဲဒီအတွက် ကကမှာ အပြစ်ရှိပါတယ်။

သူ ခံစားခဲ့ရတာ အားလုံးဟာ ကကကြောင့်ပါ။

အဲဒီအတွက် သူက မျိုချလို့မရအောင် ချဉ်စပ်တူးခါးနေတဲ့ မုန့်ဟင်းခါးတစ်ပန်းကန် ပြင်ဆင်ပေးခဲ့သည်။

ဒီမုန့်ဟင်းခါး တစ်ပန်းကန်စားခြင်းက သူ့ရင်ထဲက ဝေဒနာတွေကို ပြေလျော့စေမယ်ဆိုရင် ကက ဖွတ်မှိတ်ပြီး စားပြလိုက်ဖို့ ဝန်မလေးပါ။

တစိုက်မတ်မတ်ကြည့်နေတဲ့ သူ့ရဲ့လက်စားချေအကြည့်အောက်မှာ ကက ထိုမုန့်ဟင်းခါးတစ်ခွန်းခြင်းကို အသက်အောင့်၍ စားပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးတစ်ဖွန်း ခပ်စားတိုင်း လည်ချောင်းတစ်လျှောက် ပြောင်းဆန်သွားလောက်အောင် အရသာတို့ စူးဝါးနေသည်သာမက မျက်ရည်တွေလည်း အလုံးလိုက်ကျစေ၏။

နှပ်တွေလည်း ယိုကျသလို ချွေးစေးတွေကလည်း ကကာမျက်နှာ အပြည့် ပြူထွက်၍ ယိုစီးမတတ်ဖြစ်၏။

ဒါ့ပြင် တစ်ဖွန်းပြီးတစ်ဖွန်း ဆင့်စားလေ ချဉ်စူးပူစပ်တဲ့ အရသာဟာ ကကာ မြင်ကွင်းကိုပါ ပြာမှောင်သွားစေပြီ။

ဝေဒနာဝင်နေကြွေးရှိသမျှ ပြေခွင့်ပေးပါ ဝရဇိန်ရယ်။

ကကာ နှလုံးသားထဲက တကယ်ဆုတောင်းခဲ့သော်လည်း ထို ဆုတောင်းက ပြည့်ဝခြင်းနဲ့ကင်းစွာ။

နောက်ဆက်တွဲ ဖြစ်တည်လာတာက။

✿ ✿ ✿



## အခန်း (၅၇)

ညတွင်းချင်းပဲ ကကာ ဝမ်းတွေလျှောကာ ဆေးရုံကြီး သွင်း ရတဲ့အထိ။

ခုလည်း သူ့ရင်ထဲမှာ ဘာအငြိုးတွေနဲ့ ပြုမူနေသည်မသိပါ။

နှင်းဆီပွင့်တွေကို ခတ်ဖြတ်ပြီး ရိုးတံတွေစုပုံထားကာ –

“ဝိတောက်သင်း”

ငှဲမကြည့်ဘဲ သူ လှမ်းခေါ်သည်။

ပန်းပွင့် တခြား၊ ရိုးတံတခြားဖြစ်နေတဲ့ အပုံကြီးကို စိုက်ကြည့် ရင်း ကကာ တွေးနေရာမှ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ဆရာဝန်ကြီးဦးဟင်နရီစိုးကြွယ်နဲ့ ဦးအံ့လွင်က ဘာကြောင့်မှန်းမသိ ဆိုသည်စွာ ကကာနဲ့ သူ့ကို တစ်လှည့်စီကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို သူ ဘယ်လိုရိပ်မိသည်မသိပါ။

"အန်ကယ်နဲ့ ဒေါက်တာ ညှိခန်းထဲသွားနှင့်ပါ။ ကျွန်တော် လာခဲ့မယ်"

ဟု လှမ်းပြော၏။ ဦးအံ့လွင်တို့လည်း သူ့အလိုကျ စိတ်မသက်မသာနဲ့ ခေါင်းဆတ်ကာ စံအိမ်ဘက်ထွက်သွား၏။

ကက,က ခြေတုံ့ချတုံ့နှင့် ခေါ်နေတဲ့သူဆီ သွားဖို့ ခြေလှမ်းတွေ ရွေ့မရအောင် လေးလံနေသည်။

"မင်းကိုခေါ်နေတာ ကြားလား ပိတောက်သင်း"

"ဟုတ် ဟုတ် ကြားပါတယ်၊ ဘာ, ဘာပြောမလို့လဲ"

ကက နားလည်မှုရှုပ်ထွေးစွာပြောရင်း သူ့အနား မရွေ့ချင် ရွေ့ချင်နဲ့ လှမ်းသွား၏။

သူက လက်ထဲကဓားမကိုလွှယ်ကာ ကကကို ငုံ့စောင်းစောင်း ကြည့်ပြီး –

"မင်းကို ကိုယ် တာဝန်တစ်ခုပေးမယ်"

"ရပါတယ်"

သူနဲ့ မလှမ်းမကမ်းမှာ ကက ခြေလှမ်းလေးရပ်၍ ခေါင်းညိတ်လိုက်သည်။ သူက ခပ်မဲ့မဲ့လေးပြုံးရင်း စိုက်ကြည့်၏။

သူ့အကြည့်က ကက မျက်နှာအစိတ်အပိုင်းတစ်ခုချင်းကို ကြည့်ပြီး မျက်ခုံးလေးပင့်ကာ ခပ်အက်အက်ရယ်ချ၏။





ထိုရယ်သံက ကကကို နာကျင်စေဖို့ ဘာမဆိုလုပ်ဖို့ ဝန်မလေးတဲ့တာန်မျိုး။ အဲဒါကြောင့်မို့ ကက စိတ်လှုပ်ရှားကာ –

"ဘာ တာဝန်ပေးဖို့လဲ"

"တာဝန်က အကြီးကြီးမဟုတ်ဘူး။ အဲဒီ နှင်းဆီရုံးတံတွေပေါ်က နှင်းဆီရွက်လက်တွေကို တစ်လက်ချင်း မင်းလက်နဲ့ ဖဲ့ပြီး ပုံထားဖို့"

"ရှင်"

"ကိုယ်ပြောတာ မရှင်းလို့လား"

ကက,က၊ နှင်းဆီရုံးတံတွေနဲ့ သူ့ကို တစ်လှည့်ချင်းကြည့်၍–

"ကျွတ် အဓိပ္ပာယ်မရှိတာ"

"ဘာ"

သူ့အသံကြီးက နှစ်နေသည်။ ကကမျက်နှာလွှဲထားလိုက်သည်။ သူက ကကဘက်ရွေ့လာရင်း ကကမျက်နှာလေးကို အမိအရ စိုက်ကြည့်ပြီး နာကျင်စွာမေး၏။

"အဓိပ္ပာယ်မရှိဘူးတဲ့လား ပိတောက်သင်း။ ပြန်ပြောစမ်းပါ။ အဓိပ္ပာယ်မရှိတာလို့"

"ရှင် ဘာဖြစ်ချင်တာလဲ။ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ"

"အေး ကျုပ်ဖြစ်ချင်တာ အဲဒီ ဆူးလက်တွေကို မင်းလက်နဲ့ တစ်လက်ချင်းဖဲ့ပြီး ပုံထားဖို့ပဲ"

"ရကယ်၊ ရှင်ခိုင်းတဲ့အတိုင်း သင်း လုပ်ပေးမယ်"

ဗိန်းကလေးတအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒါ ကကာ စိတ်လိုက်မာန်ပါပြောရင်း နှင်းဆီဆူးတွေ ထိုးထိုး ထောင်ထောင်ရှိနေတဲ့ နှင်းဆီလက်ပုံနားမှာ ထိုင်ချလိုက်သည်။

သူ ကျေနပ်အောင် နှင်းဆီလက်တစ်လက်ကို ကောက်ယူပြီး ဆူးလက်ကို ဖွဲ့လိုက်၏။

"အား"

ဆူးလက်က ပွဲကြမသွားဘဲ လက်ညှိုးထဲတွန်းဝင်သွားကာ အသည်းခိုက်အောင် နာကျင်သွားတဲ့ ကကာအသံလေး ခုန်ထွက်၏။

နှင်းဆီခက်အရင်းပိုင်းမှ ဆူးလက်အစိုက်ခံထားရတဲ့ ကကာ လက်ညှိုးမှ သွေးစက်တို့ ဆူထွက်လာသည်။

နာကျင်သံနှင့်အတူ ကကာ မျက်ဝန်းမှာ မျက်ရည်များပါ စို့လာပြီး ဆူးခက်ကို မျက်လုံးလေးမှိတ်ပြီး ကကာ ဆွဲထုတ်လိုက်လျှင် သွေးစက်တို့ တတောက်တောက်ကျ၏။

ဘုရားရေ –

တတောက်တောက်ကျနေတဲ့သွေးစက်နဲ့ ကကာ ရင်ထဲမှ နာကျင်စွာ စိမ့်ထွက်နေတဲ့ မျက်ရည်စက်တွေ သူ ကျေကျေနပ်နပ်ချည်း ရိုက် ကြည့်ရင်း –

"ဆူးလက်တိုင်းက ငါ့ရင်ထဲက စကားလုံးတွေပဲ ကကာ။ အဲ့ဒီ စကားလုံးတွေကို မင်းနှလုံးသားနဲ့ မင်းမျက်လုံးနဲ့ ခံစားကြည့်စမ်းပါ။ တစ်ချိန်တုန်းက ဝရမ်ိန်ဆိုတဲ့ အညတြကောင်လေးတစ်ယောက်ဟာ အဲ့ဒီ





ဆူးတွေနဲ့ အသည်းနှလုံးသားမကာ ဘဝတစ်ခုလုံးပါ ထိုးစိုက်ခြင်းခံခဲ့ရ တာ၊ ဘယ်လောက်တောင် နာကျင်ခဲ့မလဲလို့"

သူ့စကားမဆုံးခင် မျက်ရည်အစိုသားနဲ့ သူ့ကို ကကာ မော့ကြည့် နေသွားသည်။

သူ့အကြည့်တွေက လွန်ခဲ့တဲ့ အတိတ်ဆီ မျောသွားသလား အောက်မေ့ရသည်။

နာကျင်ခွေးမြေခြင်းတွေနောက်မှာ ရုတ်ခြည်းပေါ်လာတဲ့ ခံပြင်း ခြင်းတို့ ဖြစ်တည်လာကာ –

"မင်း သရုပ်ဆောင်ကျွမ်းကျင်မှုန်း ကိုယ်သိပါတယ်။ မင်းရဲ့ အဲဒီသရုပ်ဆောင်တဲ့ ဇာတ်ကွက်တွေကို ကိုယ် မုန်းတယ်ကွ။ ခုချိန်မှာ ကိုယ်သိတာက ကိုယ်နိုင်းတာ မင်းလုပ်နေဖို့၊ ဟုတ်ပြီနော်"

သူ့အသံရင့်ကြီးနဲ့ပြောကာ ချာခနဲလှည့်ထွက်သွားသည်။

"မောင်"

ကကာနှလုံးသားမှာ နှစ်ပေါင်းများစွာ နစ်မြုပ်နေတဲ့ နာမ်စား ဆွဲ လိုက်တက်လာသည်။

ထိုခေါ်သံက အပြင်ထိရောက်မလာပါ။

ကကာ နှလုံးသားထောင့်တစ်နေရာမှ တိမ်ဝင်လျက်။

မျက်ရည်စက်တွေ။

သွေးစက်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆူးလက်တွေကိုသာ ငေးကြည့်ရင်း ကကာ နှလုံးသားမှာ အကြိမ်ကြိမ် နာကျင်နေရသည်။

မောင့်အချစ်က နှင်းဆီဆူးတွေပါလို့ သက်သေထူလိုက်တာ လား။

ပြောပါလေ။

✿ ✿ ✿

BURMESE CLASSIC

## အခန်း (၄၄)

မနက်ခင်းအသစ်ကလေးက သာယာနေသည်။

နေခြည်နုလေးမှာ လှဲ့လှဲ့လင်းလင်း ဖြာနေသလို ကျေးငှက်ကလေးများ၏ တေးသံကလည်း ချိုရှနေသည်။

ထို့အတူ ...

လေပြည်ညင်းလေးကလည်း အားကျမခံ တယောထိုးနေလျှင် သစ်ရွက်ကလေးများ လှုပ်ယိမ်းပြီး ကပွဲဆင်နေသည်မှာ သူ့မျက်ဝန်းနဲ့ သူ့နှလုံးသားကို ချူငင်ထားသလို ခံစားရလေပြီ။

ဒါ ဘာကြောင့်လဲ။

အဖြေက ရှင်းနေတယ်လေ။

ဟုတ်တယ် မဟုတ်လား ကကာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သူ့ရင်ထဲ တိုးတိုးတိတ်တိတ် မေးမိတဲ့နောက်မှာ သူ့မျက်ဝန်းက နှင်းဆီဆူးလက်တွေဆီရောက်၏။

ဒီဆူးလက်တွေက ကကကို တစ်လက်ချင်းဖွဲ့နှိုင်းထားတဲ့ ဆူးလက်တွေလေ။ ဖန်ဇလားထဲမှာ နှင်းဆီဆူးလက်ထောင်သောင်းမက ထိုးထောင်ထောင် စုပြုံနေသည်မှာ အနှစ်နှစ်အလလက မျိုသိပ်ခဲ့ရတဲ့ သူ့ခံစားချက်တွေအဖြစ် ကိုယ်စားပြုလို့နေသည်။

ဟုတ်တယ် ဒီဆူးလက်တွေက သူ့ခံစားချက်တွေ။ သူ့နာကျင်မှုတွေရဲ့ ပြယုဂ်စစ်စစ်တော်။

ဒီပြယုဂ်တွေက သူမဆီ တန်ပြန်စေဖို့ကလွဲပြီး တခြား ဘာမှ မဖြစ်နိုင်ပါ။ ဒါကြောင့် ဟောဒီမနက်ခင်းက သူ့အတွက် ပိုပြီးသာယာနေသလားပဲ။

ရှေ့ဆက်ပြီး ပေးဆပ်ရဦးမယ် ကက။

ကိုယ်ခံစားခဲ့ရသမျှ ကိုယ်နာကျင်ခဲ့ရသမျှ ကိုယ်ကြေကွဲခဲ့ရသမျှအတွက်လေ။

တောက်ပြောနေတဲ့ နေရောင်နှင့် တွေ့နေတဲ့ ဆူးလက်တွေဟာ သူ့ရဲ့ နာကျင်စိတ်ကို တက်ကြွနေစေသည်။

ထို့ကြောင့် . . .

ဒီမနက်ခင်းက သူ့ကိုယ်အမူအရာကို ပို၍ ပို၍ နိုးထနေစေသည်။ ဒါကြောင့် ဒီမနက်ခင်းမှာ မာန်အပြည့်ဖြင့် သူ နိုးထလာသည်





နိုးထလာသည်နှင့် သူက စိန်ပြေနပြေ ရေမိုးချိုး သန့်စင်စေပြီး –

ကွမ်းရိုးစင်းနုနုရောင် ကိုယ်တိရှပ်လက်ရှည်နဲ့ စတိုင်လ်ပင်န်သစ်စိမ်းရောင်ရင့်ရင့်ကို တွဲဖက်ဝတ်ဆင်လိုက်လျှင် သူ့ပုံစံက စိမ်းစိုတောက်ပနေသည်။ ဒါ့ပြင် လူငယ်လေးလိုလည်း လန်းဆန်းစေလျက်။

ဘေးခွဲပုံစံဖြစ်နေတဲ့ သူ့ဆံပင်စတိုင်လ်ကို ဖွာဖွာနဲ့ ခပ်ထောင်ထောင်လေးဖြစ်အောင် ဂျယ်သုံး၍ လှတ ပတဖြီးသင်လိုက်သည်။

ရေမွှေးတွေ ဘာတွေ ဆွတ်ဖြန်းရင်း သူ့ကိုယ်သူ စိတ်တိုင်းကျ မွှင်ဆင်ပြီးမှ အိပ်ခန်းထဲက ထွက်ခဲ့သည်။

ဒီအချိန်ဆို ကက,က သူမကိုယ်တိုင်ချက်တဲ့ မုန့်ဟင်းခါးပွဲ မွှင်ဆင်ပြီး စောင့်နှင့်နေမှာ။

သေချာတာက ထိုမုန့်ဟင်းခါးကို အရင်တစ်ချိန်တုန်းကလို မြိတ်မြိတ်နိုးနိုး စားသုံးဖို့မဟုတ်ပါ။

ဟိုတစ်ရက်ကတော့ သူမရဲ့မုန့်ဟင်းခါးမှာ ငရုတ်သီးမှုန့်နဲ့ အချဉ်ဆန့်များစွာထည့်၍ သူမကို စားစေခြင်းဖြင့် ဒဏ်ပေးခဲ့သည်။

ဒီမနက်တော့ ဘယ်လိုပုံစံဒဏ်ပေးရမလဲ။

သူ့ဘက်က အစီအပြင် စဉ်းစားရင်း မနက်စာစားခန်းဆီ သည့်ခဲ့သည်။

"မင်္ဂလာပါ ဘော့စ်၊ ဘော့စ်အတွက် မနက်စာအဆင်သင့်ပါ"

ဇာနည်ထက်က မနက်စာစားခန်း အဝင်ဝထိ ထွက်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လိုက်လိုက်လဲ့လဲ့ခေါ်သည်။

သူ့မျက်လုံးက မနက်စာစားခန်းထဲ ဝေ့ကြည့်လိုက်သည်။

စားသောက်စရာတွေ မြိုင်နေအောင် ပြင်ထားတဲ့စားပွဲမှလွဲ၍ လူတစ်ယောက်မှ မမြင်ရပါ။

ထိုအခါ . . .

သူ့စိတ်မှာ တင်းခနဲဖြစ်သွား၏။

ခါတိုင်းဆိုရင် ဦးအံ့လွင် ဆရာဝန်ကြီးဦးဟင်နရီစိုးကြွယ်သား မက သူမပါ အဆင်သင့်ရှိနှင့်၏။ ခုတော့ –

"ကျွတ်"

ရင်ထဲမှာ တင်းမာသွားခြင်းနဲ့အတူ သူ့မျက်နှာ အမူအရာပါ ရင့်သွား၏။

ဘော့စ်အမူအရာပြောင်းလဲသွားတာကို ဇာနည်ထက် ရိပ်မိ မယ့် မသိချင်ဟန်ဆောင်ကာ ဖော်ဖော်ရွေရွေ ဆက်ပြော၏။

"လာပါ ဘော့စ်၊ ထိုင်ပါ။ ဘော့စ်အကြိုက် ကော်ဖီခါးကျကျ လေး နှပ်ထားတယ်။ စင်ကာပူက ဥနီကိတ်ပါ အော်ဒါမှာပြီး စီစဉ်ထား တယ်။ ဘော့စ် သုံးဆောင်ကြည့်ဦးဗျ"

ဇာနည်ထက်က အတုံးလုလုလေးတွေလှီးကာ ပန်းကန်ထဲ ငှက်ရုပ်ပုံစီထည့်ထားတဲ့ စင်ကာပူက နာမည်ကြီး မုန့်လာဥနီကိတ်ပန်း ကန်လေးကို ပင့်မရင်းပြော၏။





"ကျွတ် ဦးအံ့လွင်နဲ့ ဒေါက်တာကော၊ ပြီးတော့ ပိတောက် သင်း"

သူမေးလိုက်တော့ ဇာနည်ထက် မျက်လုံးလေး ငြိမ်သွား၏။ ပြီးမှ မျက်တောင်လေးပုတ်ခတ်လုပ်ပြီး ကူကြွေမပျက်အောင် ထိန်းပြီး–

"ဒေါက်တာကဲ့ အရေးကြီးကိစ္စပေါ်လာလို့ ထွက်သွားပါတယ်။ အန်ကယ်လ်က ဟို ဟိုမှာလာနေပါပြီ"

ဇာနည်ထက်က ဦးအံ့လွင် ဘယ်သွားတယ်ဆိုတာ ထုတ်ပြောဖို့ ဆော်နေတုန်းမှာ ဦးအံ့လွင် အပြင်ဘက်ကနေ ဧည့်ခန်းကို ဖြတ်လာနေ တာကို ရိပ်ခနဲ မြင်လိုက်ရ၏။

ထို့ကြောင့် –

ဘအားတက်သွားကာ ဖိုင်တွဲတစ်ခုကို ကိုင်ပြီး ခပ်လောလော ဝင်လာတဲ့ အန်ကယ့်ကို ဇာနည်ထက် ညွှန်ပြလိုက်သည်။

ဝရဇိန်က ချက်ချင်းပဲ ဦးအံ့လွင်ဆီ လှမ်းသွားရင်း–

"အန်ကယ်လ်တို့ မနက်စာစားပွဲမှာ ဘာလို့ ရှိမနေရတာလဲ။ ပိတောက်သင်းကော ဘယ်မှာလဲ"

ဦးအံ့လွင် သက်မချရင်း မျက်နှာမပျက်အောင် ထိန်းထားရ သည်။ တစ်ဆက်တည်းလည်း –

"လောလောဆယ် မနက်စာစားရအောင်လား"

"ကျွန်တော် မဆာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ"

ဦးအံ့လွင် တကယ်မျက်နှာပျက်သွား၏။

"ကျွန်တော်မေးနေတာကို ဖြေဦး။ ဒေါက်တာ ဘာကိစ္စအရေးကြီးတာလဲ၊ ပိတောက်သင်းကရော"

ဒါပဲ ထပ်တလဲလဲမေးနေလျှင် ဦးအံ့လွင် ရှောင်လွှဲရခက်သွား၏။

"ဟို ဒီ ဒီလိုပါ"

"ကျွတ် ဘာလဲဗျာ။ ကျွန်တော်မေးနေတာ ရှင်းရှင်းလေးပဲ အန်ကယ် ဘာဖြစ်လို့ ဟိုဟိုဒီဒီနဲ့ ဖြစ်နေရတာလဲ။ ဇာနည်ထက် မင်းသိတယ် မဟုတ်လား။ သေချာပြောစမ်း"

ဝရဖိန်က ဦးအံ့လွင်ကိုသာမက ဇာနည်ထက်ဘက်လှည့်ပြီး မေး၏။ ထိုအခါ . . . ဇာနည်ထက်နဲ့ ဦးအံ့လွင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သွေးပျက်ချင်ချင် ဖြစ်လို့သွားသည်။

ပြီးတော့ တစ်ဆက်တည်းလည်း –

ဦးအံ့လွင်ကော ဇာနည်ထက်ပါ ဦးအံ့လွင်ကိုင်ထားတဲ့ ဖိုင်တွဲ အနီရောင်လေးဆီရောက်၏။

ထိုအခါ ဝရဖိန်စိတ်က တစ်ခုခုကို ဒက်ခနဲသိသွားသလို ဖြစ်၏။ ထိုဖိုင်တွဲက ဒေါက်တာနဲ့ ဒါမှမဟုတ် ပိတောက်သင်းနဲ့ ပတ်သက်မှုရှိမယ်။





ဟုတ်တယ်။ ဒါကြောင့် ဝရဖိန် တုံ့နှေးမနေတော့ပါ။

ဦးအံ့လွင် လက်ထဲကဖိုင်တွဲကို ဆတ်ခနဲ ဆွဲယူလိုက်လျှင်–

"ဝ ဝရဖိန်"

ဦးအံ့လွင် ထိတ်ခနဲဖြစ်ကာ ဟန့်တားသလိုနှင့် ဖိုင်တွဲကို ဆွဲယူဖို့ကြိုးစား၏။

ဝရဖိန်က လျှင်ပါပေသည်။

ထိုဖိုင်တွဲကို မိမိရရဆုပ်ကိုင်ပြီး ဦးအံ့လွင်တို့ရှေ့က လှစ်ခနဲ ထွက်ခဲ့၏။

"သော့စ်"

ဇာနည်ထက်က ဝရဖိန့်နောက်လိုက်သွားဖို့ပြင်သည်။

ဦးအံ့လွင်က ဇာနည်ထက်လက်ကိုလှမ်းဆွဲကာ ခေါင်းရမ်းလိုက်သည်။

ထိုအခါ . . . ဇာနည်ထက် ခြေလှမ်းတန့်သွား၏။

အခြေအနေက ရင်တမမနဲ့ စောင့်ကြည့်ရုံသာ တတ်နိုင်တဲ့အဖြစ်။

ဘာတတ်နိုင်မလဲကွယ်တို့ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၅)

သို့ ...

အန်ကယ်ဦးအုံ့လွင်

ဒီနေ့ကစပြီး မသင်းကို အန်ကယ်ရဲ့ဝန်ထမ်းအဖြစ်မှ ရပ်နား လိုက်ပြီးဖြစ်ကြောင်း အသိပေးလိုက်ပါသည်။

အားမာန်

"တောက်"

ဖိုင်တွဲထဲက နုတ်ထွက်စာကို ဖတ်လို့မဆုံးခင် ဝရဖိန် တောက် ခတ်၏။

ထို့နောက် လက်ထဲက ထိုဖိုင်တွဲကို ပစ်ပေါက်ကာ –

"ဦးအုံ့လွင်"





အသံကျယ်ကြီးနဲ့ သူ အော်ခေါ်လိုက်သည်။

ဦးအုံ့လွင်က လွင့်ကျလာတဲ့ဖိုင်တွဲကို ပြန်ကောက်၏။ ဇာနည် ထက် စိုးရိမ်တကြီး ရှေ့တိုးလာပြီး ခေါ်သည်။

"ဘော့စ်"

"မင်း ပါးစပ်ပိတ်ထားလိုက် ဇာနည်ထက်"

အမိန့်ပေးလိုက်တဲ့ သူ့အသံနောက်မှာ ဇာနည်ထက် ပါးစပ် ပိတ်မိသလို ခြေလှမ်းလည်း နောက်ဆုတ်မိသည်။ ဦးအုံ့လွင် ကောက်ပြီး တဲ့ ဖိုင်တွဲကို သေချာပြန်ကိုင်သည်။

ဒီကိစ္စက သူနဲ့ ဆိုင်တာမို့ ဦးအုံ့လွင်ပဲ ရင်ဆိုင်ဖို့ဆုံးဖြတ်လိုက် သည်။

ဒါကြောင့် ဇာနည်ထက်ကို လက်ပြရင်း အသာနေရန် အသံ ထိတ် ပြောဆိုလိုက်သည်။

ဇာနည်ထက်ကလည်း ဦးအုံ့လွင်ပြောတဲ့အတိုင်းရယ်။ ငြိမ်နေ လိုက်သည်။

အဖြေကို သိချင်စိတ်နဲ့ ဒေါသတကြီး စိုက်ကြည့်နေတဲ့ ဝရဖိန် ကို ဦးအုံ့လွင် မျက်နှာချင်းဆိုင်ပြီး ထိန်း၍ပြောသည်။

"မနက်စောစောကတည်းက ဒီဖိုင်ကို အားမာန်ရဲ့တပည့်တစ်ဦး အန်ကယ့်ကိုလာပေးသွားတယ်။ အန်ကယ်လည်း ဖိုင်ယူပြီး သင်းသင်းနဲ့ တွေ့ပြီး ချက်ချင်းလိုက်သွားတယ်။ သင်းသင်းနဲ့ တွေ့ခွင့်မရခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ပိတောက်သင်းက အန်ကယ့်ကို အတွေ့မခံဘူး အဲလိုလား"

"မဟုတ်ဘူး ဝရဖိန်၊ သင်းသင်းသဘောထား ဘာမှန်းမသိရ သေးဘူး။ ပြီးတော့ သင်းသင်းနဲ့ တွေ့ခွင့်လည်း မတွေ့ရဘူး"

"ဘယ်သူက တွေ့ခွင့်မပေးတာလဲ"

"အားမာန်"

"ဘာ အားမာန်"

ဦးအံ့လွင် ခေါင်းပဲ ညိတ်လိုက်တော့သည်။

"တောက်၊ ဒီကောင်က ဘာကောင်မို့လဲ"

ဒီတစ်ခါ ဦးအံ့လွင် နှုတ်ဆိတ်နေလိုက်သည်။ အားမာန်က တွေ့ခွင့်မပေးရုံမက ဦးအံ့လွင်နဲ့တောင် လက်ခံစကားမပြောပါ။ ဦးအံ့ လွင်ကို နှင်မထုတ်ရုံတမယ် ပြောတာမို့ ဦးအံ့လွင် လှည့်ပြန်ခဲ့ရသည်။

ဒါနဲ့ . . .

အကြံကောင်းရလိုရငြား ဒေါက်တာကို ဖွင့်ပြောလိုက်တော့ ဒေါက်တာက ချက်ချင်းပဲ ထွက်သွားတာက အားမာန်နဲ့ရင်ဆိုင်ဖို့။

နောက်ဆက်တွဲအခြေအနေက ဘာမှန်းမသိသေးပါ။

ဝရဖိန်မနက်စာ စားချိန်အမီရောက်အောင်၊ ဦးအံ့လွင် အပြေး အလွှားလာခဲ့ခြင်း ဖြစ်သည်။

ခုတော့ . . .





"ပြောလေ အန်ကယ်။ ဒီကောင်က ဘာပါဝါနဲ့ ပိတောက်သင်း ကို ချုပ်ကိုင်နေရတာလဲ။ ပိတောက်သင်းကရော ဘာအချိုးချိုးတာလဲ"

"အန်ကယ်လည်း မခန့်မှန်းတတ်ဘူး"

"တောက် . . . တွေ့မယ်"

ဝရဖိန် ယတိပြတ်ပြောကာ ချာခနဲလှည့်သွား၏။

ဦးအံ့လွင် ဘာမှမတတ်နိုင်တော့ပါ။

ဝရဖိန်ထွက်သွားရာနောက် ငေးကြည့်ရင်း ခေါင်းတွင်တွင်ယမ်း ၏။

ဇာနည်ထက်က သက်မရှည်ကြီးချရင်း ရင်လေးနေမိသည်။

အားမာန်နဲ့ ဝရဖိန်။

ဒီနှစ်ယောက်ရဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ ဘာတွေဖြစ်တည်စေ လေ။

ရင်လေးစွာတွေးရင်း။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၄၆)

ကောင်းကင်ကြီးက ပြာညိုညို မှောင်ပျပျနှင့်။

တိမ်စိုင်တွေဟာ ဦးတည်ရာမဲ့သလိုရယ်။

ဟိုပြေးလိုက် ဒီလွှားလိုက်နဲ့ ယောက်ယက်ခတ်နေသလိုရှိ၏

သို့သော် ...

တချို့တိမ်စိုင်တွေက ဒေါသကြောင့် တဟူးဟူး တဟဲဟဲနဲ့ ပြေးလွှားနေသလို ဖြစ်နေဟန်တူနေသည်။

တချို့တိမ်စိုင်တွေကလည်း အးကျမခံပဲ မာန်မာနကြီးဟန်နှင့် ခပ်ကြွကြွဖြစ်လျက်။

ထိုတိမ်နှစ်အုပ် ရင်ဆိုင်အတွေ့မှာ တစ်အုပ်အပေါ် တစ်အုပ် လွှမ်းမိုးဖို့အရှိန် ယူနေတာမို့ ဝရုန်းသုန်းကား ဖြစ်နေကြသည်။





အဲဒီတိမ်တွေရဲ့ပုံရိပ်က သူနဲ့အားမာန်ရဲ့ ဖြစ်စဉ်လား။

ပြာညိုညိုမှောင်ပျနေသော ကောင်းကင်ပြင်ကြီးကို ငေးရင်း ဝေရှိန် အဖြေထုတ်နေမိသည်။

ထို့ပြင် လေဟုန်တိုးတဲ့အသံတွေက အားမာန်ရဲ့အသံအဖြစ် အရှိန်နဲ့ လွင့်ပါးလာသည်မှာ သူနားစည်ကို တဒိုင်းဒိုင်းမြည်ဟည်းသွားစေသည်။

ထို့မျှမကသေးပါ။

အားမာန်ရဲ့အသံအဟုန်က သူနှလုံးသားကို ခပ်ပြင်းပြင်းလေး ထွပ်ခတ်လျက် –

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၅၇)

"ဒီမှာ ဒေါက်တာ . . . ဒေါက်တာက အဲဒီဖြစ်စဉ်ကို ချစ်စိတ်လို့ ကမ္ပည်းတင်ချင်တာလား"

ဦးဟင်နရီစိုးကြွယ် လေးလေးနက်နက် ခေါင်းဆတ်လျှင် အားမာန်က နာကျင်မဲ့မဲ့ ပန်းတွန့်ပြီး –

"အဲဒီချစ်စိတ်ထဲမှာ တစ်ဖက်ပိတ်အမြင်မျိုးနဲ့ လုပ်ချင်ရာလုပ်ပြမယ်ဆိုတဲ့ အတ္တမျိုး ပျော်ဝင်နေမယ်ဆိုရင် အဲဒီချစ်စိတ်က ရိုးသားစင်ကြယ်တဲ့ ချစ်စိတ်ဖြစ်တယ်လို့ သတ်မှတ်ရင် မှန်မတဲ့လား"

"ဟင်"

ထိုမေးခွန်းက ဒေါက်တာ့မျက်ဝန်းကို ဝိုင်းခနဲဖြစ်သွားစေသည်။ ဒါ့ပြင် ဒေါက်တာက နားမလည်ဟန်နှင့် ချက်ချင်းပြန်မေး၏။





"ဘယ်လိုအားမာန်"

"ဒေါက်တာပြောတဲ့ ချစ်စိတ်နဲ့ ကျွန်တော်နားလည်တဲ့ ချစ်စိတ်က တော်တော်ချည်းလွဲနေတာမျိုးပါ ဒေါက်တာ"

"လွဲတယ်၊ ဘယ်လိုလွဲတာလဲ"

"ဒါက ရှင်းရှင်းလေးပဲ ဒေါက်တာ။ ဝရဖိန်က မသင်းကိုချစ်ခဲ့တယ်။ အကြောင်းကြောင်းကြောင့် မသင်းက ကိုကို့ကို ရွေးချယ်လိုက်တဲ့အပေါ်မှာ နာကျင်အငြိုးတွေထားတယ်။ အဲဒီနာကျင်အငြိုးတွေက တစ်နှစ်သည်းမဟုတ်ဘူး။ နှစ်နှစ်လည်းမဟုတ်ဘူး။ နှစ်နှစ်ဆယ်ကြာတာတောင် မလျော့ပါးတဲ့အပြင် ပိုလို့တောင် ပြင်းထန်နေသေးတယ်။ မသင်းကို ပြန်တွေ့ရတာနဲ့ သွေဝန်ထမ်းဆိုတဲ့အသိနဲ့ အနိုင်အထက် ပြုမူတယ်။ နာကျင်အငြိုးတွေပေါင်းပြီး မသင်းကို နိုင်းချင်ရာတွေ ဖွတ်နိုင်းခဲ့တယ်။ အဲဒါက ရိုးသားတဲ့ချစ်စိတ်နဲ့ မဟုတ်ဘူး ဒေါက်တာ"

"ဘယ်လို"

ဦးဟင်နရီစိုးကြွယ် ခြေလှမ်းတွေရှေ့တိုးလာသည်။ မျက်ဝန်းအစုံမှာလည်း ပို၍ သိချင်စိတ်ဖြစ်၏။

အားမာန်က လေတိုးလို့ ယိမ်းလှုပ်နေတဲ့ သူခြံဝန်းပန်းခင်းထဲက အနီရင့်ရောင်နှင်းဆီဖူးလေးကို ငေးကြည့်၏။

ထို့နောက် ထိုနှင်းဆီဖူးလေးဆီ လျှောက်သွားရင်း ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ဝရဇိန်က မသင်းကို ရိုးသားစွာချစ်ခဲ့ရင် မသင်းဘာကြောင့် ကိုကို့ကိုရွေးလိုက်ရလဲဆိုတာ စုံစမ်းသင့်တယ်။ ခုတော့ဘာမှ မေးမြန်းစုံစမ်းခြင်းမရှိဘဲ အစိမ်းရင့်ရောင်အတွာတွေ မွေးမြီးနောက်ဆုတ်ရှောင်ပြေးသွားတယ်။ ရှောင်ပြေးရင်းနဲ့ အငြိုးတွေထားတယ်။ ခုတော့ အဲဒီအငြိုးတွေနဲ့ တုံ့ပြန်နေတာကို မသင်း သည်းခံနိုင်ပေမယ့် ကျွန်တော် သည်းမခံနိုင်ဘူး ဒေါက်တာ"

"ဘာဖြစ်လို့လဲ အားမာန်"

"ကျွန်တော် သည်းမခံနိုင်တာ အကြောင်းမဲ့မဟုတ်ဘူး"

"ဆိုစမ်းပါဦး"

"ယောကျ်ားရင့်မာကြီးတွေက မသင်းအပေါ် ပိုင်စိုးခြယ်လှယ်ကြပြီး မသင်းရဲ့ဘဝနဲ့ နှလုံးသားကို အနိုင်ကျင့်ခဲ့တယ်ဆိုတာ ကျွန်တော် သိခဲ့မြင်ခဲ့လို့ပဲ ဒေါက်တာ"

အားမာန် ပြောနေလေ နားလည်ရ ရှုပ်ထွေးနေသလို ဖြစ်၏။ ထို့ကြောင့် ဦးဟင်နရီစိုးကြွယ်က သေချာမေးလိုက်တဲ့အခါမှာ အတိတ်ဖြစ်စဉ်က ဘွားခနဲပေါ်၏။

✿ ✿ ✿



## အခန်း (၄၈)

မသင်းရဲ့ဒယ်ဒီ ဦးဝသန်မိုးက လောင်းကစားမက်ရုံမက အသုံးအဖြုန်းလည်း ကြမ်းတယ်။ ဒီလိုနဲ့ ပိုင်ဆိုင်မှုတွေ ပြုတ်ပြုတ်ပြုန်းပြီး သက်ရှိနေထိုင်တဲ့တိုက်ကိုပါ လက်လွှတ်ရတဲ့အခြေအနေ ဖြစ်၏။ အားမာန်တို့ မိသားစုက မိတ်ရင်းဆွေရင်း ပီသစွာ ငွေညှာထောက်ထားမိတာမို့ သင်းတို့တိုက်နဲ့ လုပ်ငန်းတချို့ကို ကြွေးရှင်တွေထဲက ပြန်ရွေးယူပြီး သင်းတို့မိသားစုကို ဟန်မပျက်နေစေသည်မှာ၊ မသင်းအရွယ်မရောက်ခင်ကတည်းက ဖြစ်သည်။

မသင်း အရွယ်ရောက်လာပြီးနောက်ပိုင်းမှာ အခြေအနေပြောင်းလာတာက အားမာန်ရဲ့မိဘနှစ်ပါးပါ။ ကိုကို့ကို အိမ်ထောင်ချပေးဖို့ မာမီတို့ အတန်တန်ကြိုးစား၏။ ကိုကိုက စပ်ဟပ်ပေးသမျှ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ငြင်းမြငြင်း၏။ ကိုကို ဘာကြောင့်ငြင်းနေလဲဆိုတာ မာမီတို့ မသိပေမယ့် အားမာန်အတပ်သိ၏။

ကိုကိုက ဟိုမို။ လိင်တူချစ်သူ။ အဲဒီအဖြစ်ကို မာမီတို့မသိသလို သိရင်လည်း လက်ခံကြမှာမဟုတ်ဘူး။ နောက်ပြီး ကိုကို ကိုယ်တိုင်က လည်း ဟိုမိုဖြစ်ကြောင်း အသိုင်းအဝိုင်းသိအောင် ထုတ်ပြောဖို့သတ္တိ မရှိဘူး။ ကိုကို့ကိုယ်ကိုကို ယောကျ်ားစစ်စစ်ပုံစံမျိုးဖြစ်အောင်နေခြင်းနဲ့ ယောကျ်ားဂုဏ်ကို ပိုက်ခဲ့တယ်။ အဲဒီဂုဏ်အတွက် မာမီတို့ဆန္ဒတွေ ထမြောက်ဖို့ မာမီတို့ဆီမှာ ကိုကိုတောင်းဆိုတာ မသင်းကို လက်ထပ်ဖို့။

ဦးဟင်နရီစိုးကြွယ်ရင်မှာ လှိုက်ခနဲ လှုပ်ခါသွားသလို ထိုစဉ် တုန်းက သင်းသင်း ဘယ်လိုခံစားရမလဲဆိုတာလဲ ပြေးမြင်မိသည်။

မာမီတို့က အားရဝမ်းသာနဲ့ကိုကို့ဆန္ဒကိုလက်ခံတယ်၊ ချက်ချင်း ပဲ အန်တီတို့ဆီမှာ တောင်းဆိုတယ်။ မသင်းမိဘက ဘယ်ငြင်းရက်မလဲ။ မသင်းဆန္ဒကို မမေးမမြန်းဘဲ အားချင်းစီစဉ်ကြတယ်။ အဲလိုနဲ့ ကိုကို့နဲ့ မသင်း မင်္ဂလာဆောင်လိုက်ရတယ်၊ အဲဒီ မင်္ဂလာဆောင်မှုက မသင်းဘဝ နဲ့ နှလုံးသားမှာ ဒဏ်ရာသုံးခု တစ်ပြိုင်နက်ရသွားတယ်။ ပထမဒဏ်ရာက အချစ်ဒဏ်ရာ၊ ဒုတိယဒဏ်ရာက ဘဝဒဏ်ရာ၊ တတိယဒဏ်ရာက ဦးနှောက်အသိထဲက ခုတုံးအလုပ်ခံရတဲ့ဒဏ်ရာ"

ဦးဟင်နရီစိုးကြွယ်၏ရင်မှာ မောကြုပ်သွား၏။

"အဲဒီဒဏ်ရာတွေ အစိမ်းအတိုင်းဖြစ်နေချိန်မှာ နောက်ထပ်





ရလိုက်တာက စိတ်ဒဏ်ရာပါ"

ဒေါက်တာ့မျက်လုံးချည်း ပိုပြူးသွား၏။ အားမာန်က ခေါင်း လေးဆတ်ပြီးဆက်ပြော၏။

"ဟုတ်တယ် ဒေါက်တာ။ ကိုကိုနဲ့မင်္ဂလာဆောင်ပြီး မကြာဘူး။ မသင်းဒယ်ဒီ လောင်းကစားဝိုင်းမှာ ဓားထိုးခံရပြီး ဆုံးသွားတယ်။ နှလုံး ရောဂါအခံရှိနေတဲ့ မသင်းမာမီက မသင်းဒယ်ဒီရဲ့သတင်းဆိုးကိုကြားပြီး နေရာမှာတင် လဲကျပြီး ဆုံးရှာတယ်။ မသင်းဒယ်ဒီနဲ့မာမီကို တစ်ရက် တည်း သင်္ဂြိုဟ်လိုက်ရတဲ့အဖြစ်ကို ဘယ်လိုမှ လက်သင့်မခံနိုင်တဲ့ မသင်း ညီမလေးက စိတ်ဖောက်ပြန်သလိုဖြစ်ပြီး အဆိပ်သောက်လိုက်တာ ကု တယ်ချိန်မရတော့ဘူး ဒေါက်တာ"

ဦးဟင်နရီစိုးကြွယ် မျက်ရည်တွေပါဝဲသွား၏။

"မိသားစုဝင်တွေ တစ်ယောက်ပြီးတစ်ယောက် သင်္ဂြိုဟ်ပစ် လိုက်ရတာကို ဘယ်မိန်းကလေးရဲ့စိတ်နှလုံးသား မထိခိုက်ဘဲနေမတဲ့လဲ။ အဲဒီစိတ်နဲ့ မသင်းမှာ နှလုံးရောဂါစွဲသွားတယ်။ ရင်ထဲမှာ မြိုပြီးခံစား နေတဲ့အတွက် မသင်းရဲ့အသက်ရှူချိန်တိုင်း ကြေကွဲနေရတယ်။ ကိုကိုက မသင်းကို ညီမရင်းလေးလို စေတနာထားပြီး ဖေးဖေးမမ ဆက်ဆံခဲ့တယ်။ ဒါပေမဲ့ မသင်း ကံဆိုးပါတယ်။ ကိုကို ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးရှာ တယ်လေ"

ဦးဟင်နရီစိုးကြွယ် ခေါင်းတွင်တွင်ယမ်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဆုံးသွားတော့ မသင်းဟာ ခံစားမှုမဲ့ပြီး ကျောက်ရုပ်တစ်ရုပ်လိုဖြစ်သွားတယ်။ နှလုံးရောဂါရတာကတစ်ဆင့် အဆုတ်ရောင်ရောဂါကူးစက်ခံရတယ်။ တစ်ဆက်တည်း အစာအိမ်အနာဖြစ်တယ်။ ဒီလိုရောဂါတွေ အဖက်ဖက်က ဝင်လာတဲ့အချိန်မှာ မသင်းဟာ သူ့ကိုယ်သူ ဘယ်သူဖြစ်တယ်ဆိုတာ မသိချင်လောက်အောင် ခံစားချက်တွေ မဲ့သွားတယ်။ မျှော်လင့်ချက်တွေနဲ့ ဘဝပါမဲ့သလိုဖြစ်သွားတယ်၊ အဲဒီအခြေအနေဆိုးထဲကနေ မသင်းကို အရိပ်တကြည့်ကြည့်နဲ့ ကျွန်တော် စောင့်ရှောက်လာခဲ့တာပါ ဒေါက်တာ"

အားမာန်ရဲ့စကားတွေက ဦးဟင်နရီဖိုးကြွယ်ရဲ့ အသက်ရှူနှုန်းတွေ ရပ်ရပ်သွားသလား အောက်မေ့ရတဲ့အထိ ဖြစ်စေသည်။

"မသင်း စိတ်၊ မသင်း ကျန်းမာရေး၊ မသင်း ဘဝ၊ မသင်းနှလုံးသား ပုံမှန်ဖြစ်လာဖို့ နှစ်အတော်ကြာအောင် ကျွန်တော်ကြိုးစားခဲ့ရတယ်။ အဲဒီကြိုးစားမှုကြောင့် မသင်း ထူထူထောင်ထောင်ဖြစ်လာတယ်။ ထူထူထောင်ထောင်ဖြစ်လာကတည်းက မသင်းက အလုပ်တက်ကို အာရုံပြောင်းလိုက်တယ်။ အလုပ်တွေကိုဖိလုပ်နေခြင်းနဲ့ ဘဝရဲ့ကြေကွဲဒဏ်ရာတွေကို ကုစားခဲ့တယ်။ အဲဒီကုစားမှုတွေနောက်မှာ မသင်းက ကိုကို့ပိုင်ဆိုင်မှုအရိပ်အောက်ဖြ ဆုတ်ခွာဖို့ ကြိုးစားလာတယ်။ ဦးအံ့လွင်တို့ကုမ္ပဏီမှာ အလုပ်ဝင်တယ်။ ကျွန်တော် တားရင်ရပေမယ့် ကျွန်တော်မတားရက်ဘူး ဒေါက်တာ"





အားမာန်က ပြောနေရင်းနဲ့ အသက်ကိုအောင့်ထားမိသည်။ ဘာကြောင့် မတားရက်တာလဲဆိုတာ ဆရာဝန်တစ်ယောက်အနေနဲ့ ဦးဟင်နရီဖိုးကြွယ် အလိုလိုနားလည်စပြုလာသည်။

"ဘာကြောင့် မတားရက်လဲဆိုရင် ကျွန်တော် တားလိုက်လို့ မသင်းစိတ်မှာ တစ်ခုခုခံစားလိုက်ရတယ်ဆိုရင် ဆေးကောင်းတွေနဲ့ နှိမ်ထားရတဲ့ မသင်းရောဂါတွေ ဆက်တိုက်ပြန်ကြွနိုင်တယ်။ အဲဒီရောဂါတွေပြန်ဖြစ်လာရင် မသင်းရဲ့အသက်ရှင်မှုအတွက် စိန်ခေါ်ချက်တွေ ပြင်းထန်သိမ့်မယ်။ ဒါကြောင့် ကျွန်တော် မတားဘူး။ မသင်းစိတ်သဘောအတိုင်း လုပ်ဆောင်ခွင့်ပေးခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် လျစ်လျူရှုမထားဘူး ဒေါက်တာ။ မသင်းက ကျွန်တော့်မရီးဆိုလည်း ဟုတ်တယ်၊ ကျွန်တော့်ဘဝဆိုလည်း ဟုတ်တယ်၊ ကျွန်တော့်အချစ်ဆိုရင်လည်း မလွဲဘူး ဒေါက်တာ"

ဦးဟင်နရီဖိုးကြွယ် လေးလေးနက်နက် ခေါင်းညိတ်မိသွားသည်။

"ကျွန်တော် အခုကပြောချင်တာက ဒေါက်တာပြောတဲ့ ချစ်စိတ်ရဲ့ သက်ရောက်မှု"

ကောင်းကင်ပေါ်က တိမ်ညိုအုပ်စုဆီသို့ အဖြူရောင်တိမ်တိုက်တစ်ခု လွင့်မျောနေသည်ကို အတိုင်းသား ရှုမြင်ရ၏။ ထိုတိမ်ဖြူတိုက်ကို ဦးဟင်နရီဖိုးကြွယ် အဓိပ္ပာယ်ပါပါ ငေးမောကြည့်မိလျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၉)

"ကိုယ်ချစ်တဲ့မိန်းကလေးရဲ့ နောက်ကြောင်းကို ပြန်လှည့်မကြည့်ဘဲ အငြိုးကြီးနေရုံမက ပြန်တွေ့တဲ့အခါမှာလည်း အကြောင်းအမျိုးမျိုး ဘောင်ခတ်ပြီး နာကျင်ရအောင် ထပ်မံနှိပ်စက်နေတာက ချစ်စိတ်ကြောင့် လို့ဆိုရင် မသင်းကို အရိပ်တကြည့်ကြည့်နဲ့ ဒီအခြေအနေအထိရောက် လာအောင်၊ ဖေးဖေးမမ စောင့်ကြည့်ခဲ့တဲ့ ကျွန်တော့်ခံစားချက်က-ဘာ စိတ်ကြောင့်လို့ ဒေါက်တာ သတ်မှတ်မလဲ"

တည့်တည့်ကြည့်ပြီးမေးလာတဲ့ ထိုမေးခွန်းဟာ ဦးဟင်နရီ စိုးကြွယ်၏ အသိတရားကို မွန်းကျပ်သွားစေသည်။

ဒါ့ပြင် ဦးဟင်နရီစိုးကြွယ်လည်း ဖြေနိုင်ဖို့ ခဲယဉ်းသွားသည်။

အားမာန်က ဦးဟင်နရီစိုးကြွယ် မဖြေနိုင်တာကို အထင်





အကျပ် မမေးတော့ပါ။ ဒါပေမဲ့ ... ထိုဖြစ်စဉ်ရဲ့နောက်ဆက်တွဲ အခြေ အနေဆိုးကိုတော့ ပွင့်လင်းစွာပဲ ထုတ်ပြောလိုက်သည်။

"ဘာစိတ်ကြောင့်ပဲဖြစ်ဖြစ် ဒေါက်တာ၊ ဒေါက်တာပြောသလို ဝရှိန်နဲ့ ချစ်စိတ်ကြောင့်ပဲဆိုပါတော့။ ဝရှိန်ရဲ့ အဲဒီချစ်စိတ်ကြောင့်ပဲ မသင်းဟာ ရောဂါဟောင်းတွေ ပြန်ခံစားနေရတယ်"

"ဘယ် ဘယ်လို"

အားမာန်က နှင်းဆီဖူးလေးတွေကို တယုတယထိတို့ရင်း ရင်ထဲမှာ မခံစားရက်တဲ့စိတ်နှင့် ထုတ်ပြော၏။

"ဝရှိန်နဲ့ ပြန်ဆုံကတည်းက မသင်းစိတ်က ဖွတ်တရွတ်ဆန်စွာ ယှဉ်ရှားနေတယ်။ ဝရှိန်က အငြိုးနဲ့ ဆက်ဆံတာကို သိသိချည်းနဲ့ ဝရှိန် စိတ်ပြေလျော့ပါစေဆိုပဲ့အသိနဲ့ ကြိတ်မှိတ်ခံစားနေခဲ့တယ်။ နှုတ်ရည်တွေနဲ့ တမင်ကြံစည်ပြီး ဝရှိန်လောင်းချလိုက်တဲ့နေ့ကတည်းက မသင်း အာအေးလွန်သလိုဖြစ်ပြီး အဆုတ်ယောင်တဲ့လက္ခဏာပေါ်လာ တယ်။ နောက်ပြီး ဝရှိန် ဖွတ်ကျွေးလိုက်တဲ့ မုန့်ဟင်းခါးတစ်ပွဲရဲ့ နောက် ဆက်တွဲက ပထမတစ်ရက်မှာ မသင်း ဝမ်းတွေလျှောတယ်၊ နောက် တစ်ရက်မှာ အစာစားပြီးတိုင်း အန်တယ်။ ချက်ချင်းပဲ ကျွန်တော် ဆေးစစ်ကြည့်လိုက်တော့ အစာအိမ်နာပြန်စနေပြီ။ နှင်းဆီဆူးလက်ချောင်း တမင်ဖွဲ့ခိုင်းတဲ့နေ့က အိမ်ပြန်ရောက်ပြီးမကြာဘူး ရှိရင်းစွဲနှလုံးရောဂါကြောင့် သတိလစ်သွားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဟင်နရီစိုးကြွယ် နားမဆင်ရက်အောင်ဖြစ်ကာ မျက်နှာ အပျက်ပျက်နဲ့ လွဲထားလိုက်မိသည်။

"အဲဒီနောက် မသင်းကို ကျွန်တော် ဆေးရုံတင်လိုက်တယ်"

"အခုရော ဘယ်လိုနေသေးလဲ"

"သတိပြန်ရလာပေမယ့် မသင်းပုံစံက ကြောက်စိတ်တွေ ကြီး စိုးနေခဲ့တယ်"

"ဘာကိုကြောက်တာလဲ အားမာန်"

"ဝရဖိန်နဲ့ ရင်ဆိုင်ရမှာကိုတွေးပြီး ကြောက်နေတာမျိုး"

ဦးဟင်နရီစိုးကြွယ် သက်မရှည်ကြီးချလိုက်မိသည်။

"အဲဒါကြောင့် ကျွန်တော် ဆုံးဖြတ်လိုက်တာ။ မသင်းဟာ သူ့ဝန်ထမ်းအဖြစ်က ရပ်နားလိုက်ဖို့ အလိုအပ်ဆုံးပဲလို့။ ဒါကြောင့် ခုချိန် မှာ ဒေါက်တာဖြစ်ဖြစ်၊ ဦးအုံးလွင်ဖြစ်ဖြစ်၊ ဇာနည်ထက်ကိုဖြစ်ဖြစ် မသင်းနဲ့ တွေ့ဆုံခွင့် ကျွန်တော်မပေးနိုင်ဘူးဆိုတာ အဲဒါကြောင့်ပါ။ အထူးသဖြင့် ဝရဖိန်ပေါ့"

"ဘာကြောင့်လဲ အားမာန်ရာ"

"ဝရဖိန်ကိုဖြစ်စေ၊ ဝရဖိန်နဲ့ပတ်သက်နေတဲ့သူတွေကို ဖြစ်ဖြစ် ဒီလိုအချိန်မှာ တွေ့လိုက်ရရင် မသင်းရဲ့ခံစားချက်တွေ ပြင်းပြင်းထန်ထန် မဖြစ်ဘူးလို့ ဘယ်သူမှ အာမ,မခံနိုင်ဘူး။ အဲဒီပြင်းထန်မှုနောက်မှာ မသင်းရဲ့နှလုံးရောဂါက ဘယ်အခြေအနေအထိ ထိခိုက်မလဲဆိုတာ





ကျွန်တော် မခန့်မှန်းနိုင်ပေမယ့် မသင်းမှာမိလို မသင်းလည်း ရုတ်ခြည်း တစ်ခုခုဖြစ်သွားမှာကို ကျွန်တော် မလိုလားဘူး ဒေါက်တာ"

ဦးဟင်နရီစိုးကြွယ်ရဲ့ ကြိုးစားမှုတွေ နောက်ဆုတ်ရမလိုဖြစ်ချေ သည်။ အားမာန်က ပြောနေတဲ့စကားလုံးတွေမဆုံးခင်ကတည်းက မျက်ရည်ကြည်တွေ ဝဲလာသည်ကို ဦးဟင်နရီစိုးကြွယ် သတိထားမိပါ သည်။

ဒါကြောင့် သက်မရှည် တချချနဲ့ ဗျာများသွားချေ။

"မသင်းက ဝရဖိန်ရဲ့ကျန်းမာရေးကြောင့် ဝရဖိန်ပြုသမျှ ခံနေခဲ့တာ။ မသင်းရဲ့ ကျန်းမာရေးကို မသင်းကိုယ်တိုင် မငဲ့ညှာခဲ့ဘူး ဒေါက်တာ။ အဲဒီအတွက် ကျွန်တော် အတော်ယူကြုံးမရဖြစ်ရတယ်။ တကယ်တော့ ဝရဖိန်ရဲ့ ကျန်းမာရေးဆိုတာက သူ့အတွက်နဲ့သူ တေပေလို့ ဖြစ်တဲ့ မပြောပလောက်တဲ့ ဝေဒနာအသေးစားပါ။ သူ့ဝေဒနာက အနားယူ ရုံနဲ့ ပျောက်ဖို့လွယ်ပါတယ်။ ဒါပေမဲ့ ရောဂါဟောင်းပြန်ထနေတဲ့ ခုလို အချိန်မှာ မသင်းကို"

"နေ နေပါတော့ မပြောပါနဲ့တော့ အားမာန်။ အန်ကယ် သဘောပေါက်ပါတယ်။ ဒီကိစ္စမှာ အန်ကယ်က ဝရဖိန်အတွက်က လွဲပြီး ဘယ်သူ့အတွက်မှ သတိမထားမိခဲ့ဘူး။ သင်းသင်းကိုပြုမူနေတာတွေကို အန်ကယ်တို့ မတားမြစ်ခဲ့ဘူး။ အဲဒါက အန်ကယ်ရဲ့ အကြီးမားဆုံး ချွတ်ယွင်းချက်ပါ။ စိတ်ချပါ အားမာန်။ ဒီလို ဝေဒနာမျိုး ဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

သင်းသင်းကို ဆရာဝန်တစ်ယောက်အနေနဲ့ အန်ကယ် ဂရုစိုက်ပေးပါ့မယ်"

"ရပါတယ်၊ ကျွန်တော့်မှာ မသင်းအတွက် အတော်ဆုံး ပါရဂူတွေ ရှိပါတယ်။ ဒါကြောင့် အန်ကယ်ရဲ့ တောင်းဆိုမှုကို ဝမ်းနည်း ပါတယ်လို့ ပြောပါရစေ။ အန်ကယ် ပြန်ပါတော့"

ဘာကိုမှ အားမနာစွာ အားမာန်ပြောလိုက်တာကို ဦးဟင်နရီ စိုးကြွယ် စိတ်မဆိုးရက်နိုင်ပါ။

ဒါကြောင့်။

✿ ✿ ✿

## အခန်း (၂၀)

သူမျက်လုံးကို စုံမှိတ်လိုက်၏။

ထို့နောက် အသက်အောင့်၍ ထောင်သောင်းမကရှိနေသော နှင်းဆီဆူးလက်တွေကို သူ့လက်နှစ်ဖက်နဲ့ အားထည့်ပြီး ဖျစ်ညှစ်လျှင် ရှုရှုနာမျက်ခြင်းတို့နဲ့အတူ သွေးစိမ်းတို့ ဖြာကျန်သည်။

ထိုအခါ သူ့ကိုယ်ထဲ လှည့်ပတ်နေတဲ့ သွေးပူများ တတောက် တောက် ယိုကျ၏။

ကျပါစေ။

သူ့ကိုယ်ထဲက သွေးတွေ ကုန်ပလေ့စေ။

ထိုစဉ်

"ဝရဖိန်"

www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းမာမာဖိခေါ်လိုက်တဲ့အသံ။

ထိုခေါ်သံက နာကျင်ရူးရှနေတဲ့ သူ့ဝေဒနာတွေကို ဖောက်ထွင်းသွားစေရုံမက မှိတ်ထားတဲ့ မျက်လုံးအစုံကိုပါ ပွင့်ထွက်သွားစေသည်။

"ဟင် လေးလေး"

သူ့ရင်ထဲမှ တအံ့တသြ ရေရွတ်လိုက်လျှင် ဆုပ်တွေးထားမိတဲ့ နှင်းဆီဆူးလက်တွေ လွှင့်ကျကုန်သည်။

ဘယ်တုန်းကမှ သူ့နာမည်ကို မခေါ်ခဲ့တဲ့ လေးလေး။ ဒီတစ်ခါ သူ့နာမည်ကို ဖိခေါ်ခြင်းခံလိုက်ရတော့ သူ့ရင်မှာ အံ့သြတုန်လှုပ်သွားမိ၏။

ဘာကြောင့်လဲဆိုတော့ –

လေးလေးကို အဆက်ဖြတ်ပြီးနေခဲ့တာ ထိုအချိန်ကတည်းက ဖြစ်သည်။ လေးလေးရှိသေးလား မရှိတော့ဘူးလားဆိုတာတောင် သူ မစုံစမ်းခဲ့ပါ။

စုံစမ်းဖို့လည်း သတိမရပါ။

ခုတော့ လေးလေးက သူ့ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး အရင်ထက် များစွာအိုစာသွားတဲ့ လေးလေးဟာ ဆံပင်တွေနဲ့ နှုတ်ခမ်းမွေးတွေပါ ဆွတ်ဆွတ်ဖြူလျက်။

သေချာတာက သူ့ကို အရင်လို စိတ်ရှည်လက်ရှည်ရှိဟန်မတူတော့ပါ။ တုန်ချည့်ချည့်ခြေလှမ်းတွေက မာန်ကြောင့် မြန်ဆန်လှသော





ထိုခြေလှမ်းတွေက သူနဲ့ နီးကပ်လာသလို လေးလေးရဲ့စကားလုံးတွေလည်း ဝိုကျယ်လာပြီ။

"ဝရမ်နီ မင်းက ခုချိန်ထိ အငြိုးအတေး စိတ်အမျှင်တွေ မွေးထားတုန်းကိုး"

သူ ခေါင်းခါငြင်းလိုက်ဖို့ လေးလံသလိုဖြစ်ကာ လေးလေးကို စိုက်ကြည့်နေမိသည်။

လေးလေးက သူ့ကို မှုန်ရီနေတဲ့မျက်ဝန်းနဲ့ အာရုံစိုက်ကြည့်ပြီး–

"အဲဒါကြောင့် မင်းတစ်သက်လုံး စိတ်အနာရင်းတဲ့ဝေဒနာကို ခံစားနေရတာ။ ခုကော ဘာထူးလဲ၊ မင်းလုပ်လို့အတွက် မင်းရင်ကို နာကျင်စေတယ် မဟုတ်လား"

လေးလေးစကားအဆုံးသတ်မှာ သူ့မျက်လွှာ စင်းကျသွားသလို မျက်ရည်ကြည်တွေလည်း ဝေ့ဝဲသွားသည်။

"မင်းဟာ လေးလေးကိုရော မင်း ရှင်သန်ကြီးထွားစေခဲ့တဲ့ ဥယျာဉ်ပန်းခင်းကြီးကိုရော ကျောခိုင်းသွားပေမယ့် မင့်လို ကျောခိုင်းမသွားတဲ့ သူရှိသေးတယ်ကွ"

"ဘယ် ဘယ်လို လေးလေး။ ကျောခိုင်းမသွားတဲ့သူ ဟုတ်သား လေးလေး"

"ဟုတ်တယ်ကွ ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ၊ မင်းရဲ့ ကကာပေါ့ကွ"

"ဟင်"

သူမျက်ဝန်းအိမ်မှာ အပြာရောင်သန်းသွား၏။ ဒါ့ပြင် သက်တံ့ရောင်တွေလို အရောင်စုံလင်းဝင်းသွားကာ လေးလေးကို မျက်လုံးအပြူးသားနဲ့ ကြည့်နေလိုက်သည်။ ထိုအခါ လေးလေးက –

"မယုံရင် မင်းလာကြည့်စမ်းပါ၊ လာ"

ဦးခွန်ချိုက ဒေါသမာန်နဲ့ပြောရင်း သူ့လက်ကလေးကို အတင်းဆွဲကာ ခေါ်ထုတ်၏။

ထိုအခါ သူ့ခြေလှမ်းတွေ ကြိုကြိုနိုင်ခံနိုင်စွမ်းမရှိစွာ ဒရွတ်တိုက်သလိုပါသွားလျှင်း။

✿ ✿ ✿



# အခန်း (၂၁)

တစ်ချိန်က သူပျော်မွေ့ခဲ့တဲ့ ဥယျာဉ်လေးဟာ ခုချိန်ထိ သူ့စိတ်ကို ပျော်မွေ့အောင် ဆွဲဆောင်ထားပြီးထင့်။

သူသည် ဥယျာဉ်လေးထဲသို့ ဝော်မွတ်စွာ အပြေးကလေး ဝင်မိတော့သည်။

သူ့ရန့်တွေ မွှမ်းထုံနေတဲ့ တဲအိမ်လေးက သူ့ကို လှိုက်လှဲစွာ ကြိုဆိုနေသည်။

တဲအိမ်လေးထဲ စိတ်လှုပ်ရှားစွာ သူ ပြေးဝင်လိုက်သည်။

ဒါ့ပြင် သူ့အခန်းလေးကိုလည်း လွမ်းမောစွာ ဝင်ကြည့်၏။ ခုတင်ဟောင်းလေးနဲ့ ခြေရင်းပိုင်းမှာရှိတဲ့ သစ်သားဗီရိုဟောင်းလေးဟာ သခင်ကိုစောင့်မျှော်နေသည့်အလား သူ့စိတ်ကို ဖြစ်တည်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထမင်းစားပွဲတစ်လုံး ချထားတဲ့ မီးဖိုခန်းငယ်လေးက အရင်ကအတိုင်းပဲလေ။

ထိုတဲအိမ်လေးဝန်းကျင်က စိုက်ခင်းတွေဟာ သူကိုယ်တိုင် တယုတယ စိုက်ပျိုးခဲ့စဉ်ကလို သန့်စွမ်းစိမ်းစိုလျက်။

ရောင်စုံပန်းခင်းကြီးလည်း မြိုင်လို့။

အထူးသဖြင့် အနီရောင်နှင်းဆီခင်းကြီးဆီ သူ အပြေးကလေး သွားမိ၏။ တစ်ချိန်က ထိုနှင်းဆီခင်းနဲ့ ဥယျာဉ်ခြံထဲက စိုက်ခင်းတွေ အားလုံးကို သူကိုယ်တိုင် နုတ်နုတ်စင်းကာ မီးရှို့ပစ်ခဲ့သည် မဟုတ်လား။

ခုတော့ သူ ရမ်းကားခဲ့စဉ်ကနဲ့ ဆန့်ကျင်စွာ။

ရောင်စုံနှင်းဆီခင်းလေးဟာ ကက အတွက် သူ့နှလုံးသားနဲ့ ပုံဖော်ထားတဲ့ နှင်းဆီသင်းဆိုတဲ့ စာလုံးပေါ်လျက်။

ဒီပန်းခင်းကို ဘယ်သူက စနစ်တကျ စိုက်ပျိုးပြီး နှစ်ပေါင်းများစွာ မွေးမြူခဲ့တာလဲ။ ဘာ့ကြောင့် ဒီလောက်ထိ ဂရုတစိုက် ပြုစုထားရတာလဲ။

မေးခွန်းမမေးရက်အောင် သူ့နှလုံးသားမှာ တလှိုက်လှိုက်ခါသွား၏။

"ဒီဥယျာဉ်တစ်ခုလုံးနဲ့ လေးလေးကို ကက ကြည့်ရှုစောင့်ရှောက်ခဲ့တာကွ။ တစ်ချိန်ချိန်မှာ မင်းပြန်လာရင်"

"ဟင့်အင်း"





သူ မကြားရက်နိုင်စွာ မျက်နှာလေးလွှဲခါလျှင် မျက်ရည်တွေ ပြိုကျကုန်သည်။

ကကအပေါ် သူ့ဘက်က အချိန်ပြည့်အငြိုးတွေနဲ့ ပစ်မှတ်ထားခဲ့သလောက် ကက,က သူ့ အငြိုးကြီးစွာ စွန့်ပစ်ခဲ့တဲ့ဥယျာဉ်ကို ချစ်သက်တွေ သွင်းနေခဲ့တဲ့အဖြစ်။

"ကက"

မောင်မခံစားနိုင်တော့ဘူး ကရယ်။

မောင့်နှလုံးသားကို ပေါ်ဟာဒီနှင်းဆီပန်းခင်းတစ်ခုလုံးမှာ ရှိနေတဲ့ ဆူးလက်တွေဖြတ်ပြီး အစိတ်စိတ်အမွှာမွှာ၊ အပွဲပွဲအရွဲ့ရွဲ့ဖြစ်အောင် ထိုးခွပါတော့ကွာ။

နှင်းဆီသင်း စာလုံးပုံပေါ်နေတဲ့ အနီရောင်နှင်းဆီခင်းခြေရင်းမှာ ဒူးထောက်၍ ဝရဖိန် ထိုင်ချမိလေ၏။ အရှက်သည်းသောခံစားမှုတွေ ထည်း အဆိပ်တက်နေသလို ခံစားရကာ။

ကကရယ် . . .

မောင့်အချစ်က ကကအတွက် အဆိပ်ဆူးပါ။

မောင့်ကို ဘယ်တော့မှ ခွင့်မလွှတ်နဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သူငယ်ချင်း"

နွေးထွေးသောခေါ်သံ။

နှစ်နှစ်ဆယ်ကျော်ပြီးဖြစ်ပေမယ့် သူ့သူငယ်ချင်းတွေရဲ့အသံက ငယ်စဉ်ကလို ရင်းနှီးကျွမ်းဝင်ဆဲ။

ထို့ပြင် ခေါ်သံကြောင့် သူ့ရင်မှာ လှိုက်ခနဲ တုန်သွား၏။ မျက်ရည်သုတ်ရင်း သူ ငဲ့ကြည့်လျှင် စိုးဦးနဲ့ဝင်းမိုးကိုတွေ့ရ၏။

ထိုနှစ်ယောက်နောက်မှာ လှိုင်းလှိုင်းတို့ လာနေတာလည်း မြင်ရသည်။

သူငယ်ချင်းတွေရဲ့ပုံစံက ငယ်ငယ်တုန်းကနဲ့မတူစွာ ရင့်ကျက်ကာ လူကြီးဆန်နေကြသည်။





"ဝရဇိန်"

ဝင်းမိုးက သူ့ပခုံးတစ်ဖက်ကို ဖျစ်ညှစ်ရင်းခေါ်၏။

ထိုစဉ်တုန်းက ဝင်းမိုးကို သူ ထိုးခဲ့ဖူးသည်။ ဝင်းမိုးက ထိုကိစ္စကို မေ့သွားပြီထင်တယ်။

ငယ်စိတ်နဲ့ စိတ်ဆိုးခဲ့ကြတဲ့ ဖြစ်စဉ်ကို ဘေးဖယ်လျက် သူ့ကို နားလည်ပေးနိုင်စွာ ခေါ်လျှင် ဝရဇိန် ပို၍ခံစားရ၏။

ထိုအခါ ရှက်တဲ့စိတ်ကြောင့် ထိန်းထားတဲ့မျက်ရည်တွေ ဖြိုကျပြန်ပြီး –

"ဝရဇိန်ရယ် နင် ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ။ ကလေးလည်းမဟုတ်ဘဲနဲ့"

အိတုံက ရှေ့တည့်တည့်လာပြီး သူ့မျက်နှာကို မော့ကြည့်ရင်း ငယ်စဉ်တုန်းကဟန်ပန်မျိုးနဲ့ ပြော၏။

"ဟုတ်သားပဲ၊ မင်းကလည်း"

စိုးဦးလည်း ပြောလျှင် လှိုင်းလှိုင်းတို့က ခေါင်းလေးတညိတ်ညိတ်ဖြင့် ဝင်ပြောကြသည်။

"တို့တစ်တွေ ပြန်ဆုံရတာ ဘယ်လောက် ဝမ်းသာစရာကောင်းသဲ ဝရဇိန်ရယ်။ တွေးကြည့်စမ်းပါ"

"ဟုတ်ပါ့၊ နင်က သူ့ဒွေးကြီး။ ငါတို့တစ်တွေက မေ့ခဲ့တွေဘေ။ အဲဒါကြောင့် ငါတို့ကို မခေါ်ချင်တော့လို့ မျက်ရည်ကျနေတာဘား"



www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်တာဟာ။ နင်တို့တွေ ငါ့အပေါ် ခုထိမပြောင်းလဲကြဘူး၊ ငါကသာ"

စိုးဦးတို့တစ်တွေ နားလည်မှုရှိစွာ ပြုံး၏။ ထို့နောက် ခေါင်းအသာယမ်းကာ –

"မင်းလည်း မပြောင်းလဲပါဘူးကွ"

"ဘာလို့မပြောင်းလဲရမှာလဲ"

"မင်း တကယ်ပြောင်းလဲသွားမယ်ဆိုရင် ငါတို့ ငယ်သူငယ်ချင်းတွေနဲ့ ခုလိုရပ်ပြီး စကားပြောနေမတဲ့လား"

ဝင်းမိုး အလေးအနက်ထုတ်ပြောလျှင် သူ့ရင်မှာ တစ်စုံတစ်ရာ ပြည့်သွားသလို ခံစားနေရသည်။

"ဟုတ်သားပဲ ဝရဇိန်"

သူ့သူကလည်း ဝင်ပြောလျှင် သူဟာ ဟိုတစ်ချိန်က သူငယ်ချင်းတွေရဲ့ မေတ္တာကို ပြန်လည်တွေ့ရှိသလို ခံစားရ၏။

"ကဲ ကဲ လာခဲ့။ ဒီနေ့ ဝရဇိန်ရောက်လာတဲ့အထိမ်းအမှတ်အဖြစ် ငါတို့တွေ တစ်ခုခု လုပ်ကြစို့လား"

အိတုံက ထိုသို့ပြောလျှင် စိုးဦးက မျက်လုံးပြူးပြူးရင်း –

"ဘာလုပ်ဖို့လဲ အိတုံရာ။ စကားပြောရင် ရှင်းရှင်းပြော"

"ပြောမယ်ဟာ၊ ဦးလေးခွန်ချိုက သူ မျက်စိမှုန်လို့ အဘိုးကြီးဖြစ်သွားပြီတဲ့။ အဲဒါကြောင့် ငါတို့တစ်တွေဆုံတုန်း ထမင်းတစ်နပ်





ချက်ကျွေးဖို့ ပြောတားတယ်လေ။ ဒါကြောင့် ငါတို့တွေ ဦးလေးခွန်ချိုကို ထမင်းချက်ကျွေးရင်း ငါတို့နှိပ် ထည့်ချက်ပြီး တပျော်တပါးစားကြရင် ကောင်း ဘူးလား"

"ဟာ ကောင်းလိုက်တဲ့အကြံ"

"ဝရဇိန်ကော"

သူ မျက်ရည်တွေကို အကုန်အစင်သုတ်ပစ်ရင်း ခေါင်းညိတ်လိုက်၏။

"အိုကေ စိုးဦးနဲ့ဝင်းမိုးက ထင်းခွဲပေး။ ငါတို့ မိန်းကလေးတွေက ချက်ပြုတ်ဖို့ စီစဉ်မယ်"

"ကောင်းပါပြီ ... အစ်မတော် အိတုံ"

"ဝင်းမိုးနော်၊ နင် နောက်တောက်တောက်မလုပ်နဲ့၊ သွားနိုင်းထားတာသွားလုပ်ချေ"

"အမိန့်တော်မြတ်အတိုင်းပါ ခင်ဗျား၊ လာ စိုးဦး"

ဝင်းမိုးက ပြောပြောဆိုဆိုနဲ့ စိုးဦးကို လက်ဆွဲခေါ်ရင်း အိတုံ့ကျောင်းအောက်က လွတ်အောင်ပြေး၏။

"လာ ဝရဇိန်၊ ငါတို့ကောင်တွေနဲ့အတူ ထင်းခွဲရအောင်"

စိုးဦးက ဝရဇိန့်ကိုပါ လက်ဆွဲခေါ်၏။ ဝရဇိန် မငြင်းရက်ပါ။ သူငယ်ချင်းတွေနဲ့ ခုလိုဆုံရတာ ဝမ်းသာဝမ်းနည်း ဖြစ်ရပေမယ့် ရင်ထဲမှာတော့ တောင့်တဆဲပါ ကကရယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုနေခါ –

ကကသာ သူငယ်ချင်းတွေနဲ့အတူရှိနေရင် ဘယ်လောက်ရင်ခုန်စရာကောင်းနေမလဲ။

ခုတော့ –

သူနှလုံးသားက ပြစ်ဒဏ်ကျခံနေရတဲ့ ငရဲသားနှယ်။

✿ ✿ ✿

## အခန်း (၃၃)

"မသင်း သက်သာရဲ့လား"

နဖူးပြေပြေလေးကို လက်ခုံလေးနဲ့ တယုတယစမ်းရင်း အားမာန် ဂရုတစိုက်မေး၏။

မသင်းက ကြည်လင်လာတဲ့မျက်ဝန်းနက်လေးဖြင့် ခေါင်းလေးညိတ်ပြီးဖြေသည်။

"သက်သာပါတယ် အားမာန်ရယ်"

"သက်သာတယ်လို့သာ ပြောတာ၊ မသင်းအသားအား ဖျော့နေသေးတယ်။ အစားအသောက်လည်း ဟုတ်တိပတ်တိ မစားသေးဘူး။ သား ဆေးသောက်ချိန်တွေများတော့ မသင်း ခံနိုင်ရည်မရှိမှာကို ကျွန်တော် စိုးရိမ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



မသင်းက နှုတ်ခမ်းလေးကို ပြုံး၍ မေ့ရာပေါ် လှဲနေရာမှ ထ၏။ အားမာန်က စိုးရိမ်တကြီး ကမန်းကတမ်း ဖေးမ၍ –

"ဖြည်းဖြည်းထ မသင်း"

"ရပါတယ် အားမာန်ရယ်။ မသင်း အများကြီးသက်သာပြီပဲ"

"သက်သာပြီးရင် ကောင်းဖို့လိုတယ် မသင်းရဲ့"

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်"

မသင်းက သူ့ကို အစ်ကိုကြီးဟု ရွဲ့ပြောလျှင် အားမာန် ပြုံးသွားသည်။ ဒါပြင် စိုးရိမ်တာတွေလည်း လျော့ပါးသလို ဖြစ်တာမို့–

"ဟုတ်တယ် မသင်း။ ခုချိန်မှာ ကျွန်တော့်ကို မသင်းရဲ့အစ်ကိုကြီးလို့ သဘောထားလိုက်ပါ။ အစ်ကိုကြီးပြောသမျှကို ညီမလေးလုပ်သူက နာခံရမယ် ဟုတ်တယ်နော်"

"အေးပါ"

မသင်း ကျေကျေနပ်နပ် ခေါင်းညိတ်လျှင် အားမာန်လည်း ကျေနပ်လို့သွား၏။

"ဆရာမရေ ... ကြေးအိုးပူပူလေး ပြင်လိုက်ပါ"

အားမာန်က နာ့စ်မလေးကိုလှမ်းပြောရင်း ခုတင်ပေါ်ကဆင်းနေတဲ့ မသင်းကို ဖေးမကူတွဲကာ ဆိုဖာရှည်ပေါ်မှာ ထိုင်စေသည်။ မသင်းက အားနာစွာပြုံး၍ –

"အားမာန်ရယ် အားမာန်စိုးရိမ်နေသလောက် မသင်းက





အခြေအနေ ဆိုးနေတာမှမဟုတ်တာ"

"ကျွန်တော် သိပါတယ်။ ဒါပေမဲ့ စိုးရိမ်တာက စိုးရိမ်တာပဲ"

"ဟုတ်ပါပြီ၊ မသင်းကြောင့် အားမာန်ပါလဲသွားမှာ မသင်း စိုးရိမ်လို့ပါ"

"ဟွန်း ကျွန်တော်က ခေါင်ခေါင်မြည်ပါဗျ"

"ခေါင်ခေါင်မြည်ပေမယ့် အားမာန် ပိန်သွားသလိုပဲ"

အားမာန် ခေါင်းလေးညိတ်မိသွားသည်။ မသင်း နေမကောင်းဖြစ်စဉ်အတွင်းမှာ သူ့ကိုယ်အလေးချိန် ခုနစ်ပေါင်လောက်ကျသွားတာ သူ သိသည်။

"ဟုတ်တယ် မသင်း။ စိတ်ကျသွားတော့ ကျွန်တော်ပိုလှသွားတယ် မဟုတ်လား"

"လှပါတယ်"

"အိုကေ။ ကျွန်တော်လှနေသလို မသင်းလည်း ဖျော့ဖျော့လေးနဲ့ လှနေတယ်။ ဒီထက် မသင်းပိုလှသွားဖို့ ကြေးအိုးပူပူလေးသောက်ကြစို့"

"ဟွန်း အစားတွေချည်း ဖိကျွေးချင်လို့ မဟုတ်လား"

"မသင်း ထင်ချင်သလို ထင်ပါတော့။ လောလောဆယ် ပူတုန်းလေးသောက်လိုက်"

အားမာန်က ပြောဆိုရင်း နာ့စ်မလေးလက်ထဲက ကြေးအိုးခွက်လေးကိုပြောင်းယူပြီး မသင်းကိုခွံ့ကျွေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိတောက်သင်း မငြင်းသာပါ။

သူမ နေမကောင်းကတည်းက အားမာန်ကိုယ်တိုင် အစား အသောက်ကျွေးမွေးနေကျ။ ခု သက်သာနေပြီပြောရင်လည်း အားမာန်က လက်မခံတတ်ပါ။ လုံးဝနေကောင်းသွားတာ မဟုတ်သေးတဲ့အတွက် အားမာန်က ဂရုစိုက်တာတွေ မလျှော့ချနိုင်သေးပါ။

အားမာန်ရဲ့ပူပန်မှုနဲ့ တွယ်တာလွှန်းလှတဲ့ သံယောဇဉ်ကို ဝိတောက်သင်းအံ့သြဆုံးမို့ မငြင်းသာခြင်းပါ။ ဒါကြောင့် အားမာန် မေမေး မမ ပြုစုနေတာကို ခံယူရတာကလည်း သူမအတွက်လည်း ခွန်အား တစ်မျိုးပါပဲ။

ဟုတ်တယ်။

အားမာန်ဟာ သူမအတွက် စစ်မှန်တဲ့အားမာန်ပါပဲ။

အားမာန်ကို ဘာကြောင့်မှ သူမ မငြိုငြင်ရက်ပါ။

တက်ယ်ပါကွယ်။

✿ ✿ ✿



## အခန်း (၃၄)

"သင်းသင်းအခြေအနေက ဒီလောက်လည်း စိုးရိမ်ဖို့မလိုတော့ ဘူး ကိုအားမာန်"

"ကျွန်တော်စိုးရိမ်နေတာက တခြားပါ ဒေါက်တာ"

"ဘယ်လို"

ဒေါက်တာဦးမင်းသူ တအံ့တသြမော့ကြည့်လိုက်သည်။ အားမာန် က မသင်းရဲ့ဆေးမှတ်တမ်းကို ဖိုင်တွဲထဲ ပြန်ထည့်၍ ခပ်လေးလေးပြော သည်။

"ဟုတ်တယ် ဒေါက်တာ၊ ဒေါက်တာ အစွမ်းကုန်ကြိုးစားပြီး ကုသပေးတဲ့အတွက် မသင်းရဲ့ကျန်းမာရေး ပုံမှန်နီးပါး ကောင်းလာပြီ လေ။ အဲဒီအတွက် ကျွန်တော်လည်း ဝမ်းသာတယ်။ ဒါပေမဲ့ စိုးရိမ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက ဝရိဇ်နဲ့ရဲ့ရှေ့တိုးမှု မသင်းရဲ့သဘောထား။ အဲဒီအခြေအနေကို ဒေါက်တာလည်း သိနေတာပဲ"

ဒေါက်တာဦးမင်းသူ ခေါင်းတဆတ်ဆတ်ညိတ်မိသည်။

ဟုတ်တယ်၊ လောလောဆယ်မှာ မသင်းရဲ့ ကျန်းမာရေးထက် မသင်းရဲ့ ကိုယ်ပိုင်ခံစားချက်။

အဲဒါက အားမာန်အတွက် စိုးရိမ်မယ်ဆိုရင် စိုးရိမ်လောက်တယ်လေ။ ဒေါက်တာဦးမင်းသူ သိထားသလောက် ဝရိဇ်နဲ့ကလည်း ကျားသို့ခြသေ့လို ခွန်အားနဲ့ပကာနကြီးမားသူ။

အားမာန်ရဲ့မသင်းကို အငြိုးနဲ့ နှိပ်စက်သူ။

တကယ်တန်း ဘွားခနဲတွေ့လိုက်ရတဲ့ ဝရိဇ်နဲ့ရဲ့ပုံစံက ယှဉ်နိုင်ဖွယ် မရှိအောင် အံ့သြရ၏။

ဟုတ်တယ်လေ။

အားမာန်နဲ့တွေ့ခွင့်ရဖို့ ဝရိဇ်နဲ့ ဖုန်းဆက်၏။ အားမာန်က ဝရိဇ်နဲ့နဲ့စကားမပြော ဖုန်းချပစ်တာ အခါခါ။

ဖုန်းနဲ့တွေ့ခွင့်မရတော့ အားမာန်ရှေ့ ဆိုက်ဆိုက်ချည်း ရောက်ချလာသည်။

ဝရိဇ်နဲ့က အားမာန်ရှေ့ကပိတ်ရပ်ရုံမက ဒူးထောက်ထိုင်ချကာ လက်နှစ်ဖက်ကို ကျစ်ကျစ်ဆုပ်တွေးလျက်ဆိုသည်။

"ဆောရီးပါ အားမာန်။ ကိုယ်တောင်းပန်ပါတယ်။ ကကာနဲ့





ပတ်သက်ပြီး ကိုယ့်ဘက်က အတ္တကြီးစွာထားခဲ့မိသလို အငြိုးအတေးထားပြီး နှိပ်စက်ခဲ့တာတွေ။ အားလုံးအတွက် ကိုယ်တောင်းပန်ပါတယ်။ မင်းပြောသလိုပဲ ကကာအပေါ်ထားတဲ့ မင်းရဲ့ချစ်စိတ်နဲ့ ကိုယ့်ရဲ့အချစ်က ပုံစံခြင်းမတူဘူး။ မင်းအချစ်က မြင့်မြတ်ပါတယ်။ ဒါကြောင့်လည်း ကကာကို ခုချိန်ထိ တယုတယ စောင့်ရှောက်နိုင်တာ။ အဲဒီအတွက် မင်းရဲ့ချစ်စိတ်ကို ကိုယ်ချီးကျူးပါတယ်။ မင်းအချစ်ကိုလည်း ဂုဏ်ယူပါတယ်"

"ကျွတ်"

ယောကျ်ားခြင်း ဒီလိုဒူးထောက်ပြီး တောင်းပန်ပြောဆိုနေတဲ့ အနေအထားက အားမာန်ကို အနေခက်သွားစေသည်။ အနေခက်ရသည်မို့ အားမာန် ရှောင်ထွက်ချင်သော်လည်း အခွင့်မသာ။

ဝရိဇ်နဲ့က မရှက်တမ်းပြောဆို တောင်းပန်နေဆဲ။

"စိတ်ချပါ၊ ရှေ့ဆက်ပြီး ကကာကို ဘာဝေဒနာမျိုးမှ မခံစားစေချင်ဘူး။ အဲဒီအတွက် မင်းကို တောင်းပန်ခွင့်ရသလို ကကာကိုလည်း တောင်းပန်ချင်တယ်။ မင်းခွင့်ပြုတယ်ဆိုရင်ပေါ့"

အားမာန် ခေါင်းခါရအခက်၊ ခေါင်းညိတ်ရအခက် ဖြစ်သွားသည်။

"ခင် ခင်ဗျားသဘောပါ။ မသင်းကို ကျွန်တော့်ဘက်က ချုပ်ချယ်ပိုင်ခွင့်မရှိဘူး"

"ကျေးဇူးပဲ အားမာန်"



www.burmeseclassic.com

www.burmeseclassic.com



ဝရဖိန်ပြောဆိုရင်း အားမာန်ရှေ့မှထကာ မသင်းအခန်းထဲဝင်သွားလျှင် အားမာန်စိတ်တွေ တအားလှုပ်ရှားသွားသည်။

စိုးရိမ်သလိုလည်းဖြစ်ကာ တန့်တားဖို့ကြိုးစားလျှင် ဒေါက်တာဦးမင်းသူက အားမာန်လက်ကို ဆွဲယူ၍ ခေါင်းယမ်းပြီး ဟန့်တား၏။

သေချာတာက ဘယ်ကိစ္စဖြစ်ဖြစ် ကာယကံရှင်ရဲ့ခံစားမှုက အရေးကြီးတယ်မဟုတ်လား။

ဒါကြောင့်။

✿ ✿ ✿

## အခန်း (၃၅)

"ဟင်"

ကကာမျက်လုံးလေး ဝိုင်းခနဲဖြစ်ကာ ဝရဖိန်ကို တအံ့တဩကြည့်မိသွားသည်။ ဝရဖိန်က ရှေ့တိုးလာရင်း ခေါ်သည်။

"ကကာ"

ခေါ်သံက သူမရဲ့ အံ့ဩစိတ်ကို လှုပ်နှိုးလိုက်သလိုဖြစ်တာမို့ အသိတရားတို့ ပြေးဝင်လာလျှင် ကကာမျက်နှာလေး တည်တံ့သွား၏။

ထို့နောက် ကကာနှုတ်ခမ်းအစုံ မဲ့မဲ့လေးတွန့်သွားပြီး –

"ဒီမှာ ကိုဝရဖိန်၊ ကျေးဇူးပြုပြီး ကျွန်မအခန်းထဲက ထွက်သွားပေးပါ"

"ကကာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှေ့တိုးလျှင် သူမ ခေါင်းယမ်းရင်း ခြေလှမ်းဆုတ်၏။ ပြီးတော့ တစ်ဆက်တည်းလည်းပြောသည်။

"ဝိတောက်သင်းဆိုတဲ့မိန်းကလေး ခုချိန်ထိ ရှင်သန်နေတာ အချစ်ကြောင့်ဆိုရင် အဲဒီအချစ်ဟာ ရှင့်အချစ်မဟုတ်ဘူး ဝရဇိန်"

"ကက"

"ရှင်မခေါ်နဲ့။ က နာမည်ကို လုံးဝမခေါ်နဲ့"

"က မောင်တောင်းပန်ပါတယ်ကွာ။ က ကျေနပ်တဲ့အထိ မောင် တောင်းပန်ပါရစေ"

"ဟင့်အင်း က မကြားချင်ဘူး။ မတောင်းပန်နဲ့ သွား ထွက်သွား"

ကက စကားသံလေးများ လှိုက်တုန်နေသည်။ ဒါ့ပြင် ကကရဲ့ ရင်ခုန်နှုန်းတွေ အဆမတန် မြန်နေသည်။

ဝရဇိန်က က နှင်ထုတ်သလို ထွက်မသွားဘဲ ကက ထင်မှတ် မထားတဲ့ အမူအရာမျိုး ပြုလိုက်၏။

"ဟင်"

ထိုအခါ –

ကက ခြေလှမ်းလေး နောက်ဆုတ်လိုက်ပေမယ့် နောက်ကျသွား၏။ အကြောင်းမှာ မောင်က ရှေ့ဒူးထောက်ထိုင်ချ၏။ ဒါ့ပြင် ကကရဲ့ ခြေဖဝါးအစုံကို ဆုပ်ထွေးထားရုံမက ခြေဖမိုးပေါ်သို့ မျက်နှာလေး





မှောက်ချ၏။

"မောင်"

ကက ခေါ်လိုက်ပေမယ့် ထိုအသံက ရင်ထဲမှ ရုန်းထွက်လာနိုင်စွမ်းမရှိတော့ပါ။ ထိုအခါ အတိုင်းအဆမဲ့ လှုပ်ခတ်သွားတဲ့ ကကနှလုံးသားဟာ ကိုယ်ကို တောင့်ခံနိုင်စွမ်းမရှိတော့ပါ။

ထိုအခါ ကကကိုယ်လုံးလေး ယိုင်နဲ့ပြိုကျ၏။

"ကက"

ပြိုကျလာတဲ့ ကကကိုယ်လေးကို ဝရဇိန် ကမန်းကတမ်း ပွေ့ ပိုက်၏။ ထို့နောက် သူမနာမည်လေးကို စိုးရိမ်ကြီးစွာ တတွတ်တွတ်ခေါ် နေမိသည်။

သို့သော် ကကခမျာ ခေါ်သံတွေလည်း မကြားရပြီး။

မျက်လွှာလေးစင်းကျသွားကာ နှုတ်ခမ်းလေးပွင့်ဟလျက်သားနဲ့ အရုပ်ကြိုးပျက်သည့်နှယ် ကက ကိုယ်လုံးလေးငြိမ်လျက်။

"ဟင် ကက၊ ကက မောင်ခေါ်နေတယ်လေ ကက"

"ဟင်"

မသင်းအသံလေးမကြားရလျှင် အားမာန်ခြေလှမ်းတို့ ငြိမ်မနေ တော့ပါ။ ဒေါက်တာဦးမင်းသူကို တွန်းဖယ်၍ မသင်းအခန်းထဲ ပြေးဝင်ခဲ့ ၏။

ဝရဇိန်ရင်ခွင်ထဲမှာ ငြိမ်သက်နေတဲ့ မသင်းရဲ့ကိုယ်လုံးနွဲ့နွဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးကို မြင်ရလျှင် အားမာန် ရှုံသွပ်သွားသလို ခံစားရ၏။

"မသင်း"

သူမကို ဝရမိန်ရင်ခွင်ထဲက ဆွဲယူပြီး လက်မောင်းနဲ့ မေးဖျား လေးကို တလှုပ်လှုပ်ပြုရင်း ခေါ်နေမိသည်။

"မသင်း ကျွန်တော်ပါ၊ အားမာန်ပါ မသင်း၊ မသင်း မသင်း"

"ကက မောင့်ကို အပြစ်ပေးပါဦး၊ နှင်ထုတ်ပါဦး ကကရယ်"

ဒေါက်တာဦးမင်းသူ သက်ပြင်းရှည်ကြီးချရင်း ခေါင်းတွင်တွင် ယမ်းမိသွားသည်။

အချစ်က ဘဝကိုစီရင်တာလား။

နလုံးသားကို ခြယ်လှယ်သွားတာလား။

ဒေါက်တာဦးမင်းသူ မဝေခွဲနိုင်တော့ပါ။

သေချာတာက။

✿ ✿ ✿



## အခန်း (၅၅)

"ဟင်"

ဦးဟင်နရီစိုးကြွယ် သက်ပြင်းရှည်ကြီးဆွဲချ၏။ ဦးအုံလွင်က ခေါင်းယမ်းကာ ဥယျာဉ်တစ်ခုလုံးကို ငေးကြည့်ရင်း စိတ်မသက်မသာ ခံစားနေရသည်။

ဇာနည်ထက်က ဝမ်းနည်းစိတ်နဲ့ ဝရမိန်ဆီသွားပြီး တစ်ခုခု ပြောရင်ကောင်းမလားဆိုတဲ့အတွေးနဲ့ ဗျာများလို့နေသည်။

သွန်းသွန်းတို့သူငယ်ချင်းတွေလည်း ဘာမှမပြောရက်အောင် ဖြစ်ကာ၊ အားလုံးသောမျက်ဝန်းတွေက နှင်းဆီခင်းအလယ်ထိုင်ပြီး နှင်းဆီပွင့်တွေကိုသာ တငေးတည်းငေးနေတဲ့ ဝရမိန်ဆီ ပို့ထားကြ၏။

"ဒီမှာ ဝရမိန်၊ ခင်ဗျားဟာ မသင်းကို တကယ်အစစ်အမှန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုရင် နောက် ဘယ်တော့မှ မသင်းရှေ့မလာပါနဲ့။ မသင်းရဲ့ ကျန်းမာရေးဟာ ဘယ်အဆင့်ဆိုတာ ခင်ဗျားသိပြီးပဲ။ အဲဒီအတွက်"

အားမာန်ရဲ့စကားလုံးတွေကို ဝရမ်ိန် အဆုံးထိနားထောင်နိုင်စွမ်း မရှိတော့ပါ။

ရုတ်ခြည်း လှည့်ထွက်ခဲ့သည်။ ထိုအခါ သူ့နှလုံးသားဟာ အရည်ပျော်ကျသွားသည့်နှယ်၊ ချစ်ခြင်းကြောင့် စီးကျလာတဲ့ မျက်ရည်တွေဟာ ရေတံခွန်သဖွယ် ဖြစ်လို့သွားသည်။

ထိုကြောင့် ကြေကွဲသံတွေ မြည်ဟည်းကာ သူ့နှလုံးသားကမ္ဘာကို အပြင်းအထန် လှုပ်ခတ်နေတော့သည်။

ဦးခွန်ချိုကတော့ သူတူတော်မောင်ရဲ့ နှလုံးသားဖြစ်တည်မှုကို စလယ်ဆုံး ခံစားသိရှိနေသူမို့ အားလုံးထက်ပိုပြီး ခံစားနေရသည်။

တစ်နည်းအားဖြင့် ...

သူတူတော်မောင်ရဲ့ နှလုံးသားပေါက်ကွဲသံ။

✿ ✿ ✿



## အခန်း (၂၈)

"က"

က,ခံစားချက်၊ က,ဝေဒနာကို မောင်နားလည်ပါတယ်။

က,ဟာ မောင့်ကြောင့် နှစ်နှစ်ဆယ်တင်းတင်း ခံစားခဲ့ရသူပါ။

အဲဒီအတွက် မောင့်ဘက်က တန်ရာတန်ကြေး ပြန်ပေးဆပ်ပါ့မယ်။

နှစ်နှစ်ဆယ်မဟုတ်ဘူး ကကရယ်။ နှစ်လေးဆယ်ဆိုလည်း မောင်ကျေနပ်ပါတယ်။ ဒါမှမဟုတ် နှစ်လေးဆယ်မကဘူး မောင့်အသက်ရှင်နေသရွေ့။

ဟောဒီဥယျာဉ်သွေးထဲမှာ တစ်ဖဝါးမှမခွာဘဲ 'က' ကိုမြတ်မြတ်နိုးနိုး မောင် စောင့်နေပါ့မယ်ကွယ်။



www.burmeseclassic.com

အဲဒါ ဘာဖြစ်လို့လဲသိလား။

မောင်ဟာ ကကအတွက် ဝရမ်းမိန့်ဖြစ်ခဲ့တယ်။ အဲဒီ ဝရမ်းမိန့်ဟာ ဘစ်ချိန်ချိန်ကျရင် ကကအတွက် တစ်ခုခုဖြစ်ခွင့်ရချင်ပါတယ်။

အထူးသဖြင့် ...

ကကအတွက် အချစ်။

ကကအတွက် နှင်းဆီ။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

ဝိန်းကလေး

အမှတ် ၄၅ (B)၊ ၆-လွှာ၊ ဦးလွန်းလမ်း

အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉၄၄၉၂၅၀၄၁၇၊ ၀၉၂၅၅၀၀၃၂၅၄

ဝိန်းကလေးစာအုပ်တိုက်